# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ကြီးမားသောအကျိုးရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

(ဓမ္မပဒ-၁၇၂)


၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက် | ၂၀၁၆ ခုနှစ်၊ ဇွန် ၁၇ ရက်၊ သောကြာနေ့ | အတွဲ (၅၅)၊ အမှတ် (၂၅၆)




# နှစ်နိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်မှု၊ နည်းပညာနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍများတိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၁၆**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်ဖြစ်သူ အိန္ဒိယအမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ်(ဝန်ကြီးချုပ်ရုံး ဝန်ကြီး) မစ္စတာ အာဂျစ် ဒိုဘယ်လ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်မှုကဏ္ဍများ၊ နည်းပညာကဏ္ဍနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍများတွင် တိုးမြှင့်ဆောင်ရွက်ရေး၊ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ စေတီပုထိုးများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ နှစ်နိုင်ငံလေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းရေးတို့ကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ကျောက်ကပ်သွေးသန့်စင်ကုသဌာန ဖွင့်မည်

စာမျက်နှာ » ၇

## ဒေါ်နယ်ထရန့်၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးဦးစားပေးမှုက ရွေးကောက်ပွဲအနိုင်ရရေး အထောက်အကူဖြစ်

စာမျက်နှာ » ၁၀

## တည်ဆောက်မှုရပ်ဆိုင်းနေသော ရထားလမ်း လူကူးခုံးကျော်တံတား အမြန်ပြန်လည်တည်ဆောက်မည်

စာမျက်နှာ » ၁၂

## ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်အား အိန္ဒိယအမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် လာရောက်တွေ့ဆုံ



**စိုက်ပျိုးရေး၊ ဆောက်လုပ်ရေး၊ နယ်စပ်ရေးရာနှင့် နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များ ဆွေးနွေး**

စာမျက်နှာ - ၄


KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# ချောမွေ့သော အပြန်အလှန် ထိန်းကျောင်းခြင်းဗျူဟာ

ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စတင်ခဲ့သော ဒုတိယအကြိမ် လွှတ်တော်၏ ပထမပုံမှန်အစည်းအဝေးများ ဇွန်လ ၁၀ ရက်နေ့တွင် ပြီးဆုံးခဲ့သည်။ ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး ၄၃ ရက်၊ အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေးရက် ၄၀ နှင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ၂၆ ရက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဤကာလအတွင်း လွှတ်တော်သည် အရေးကြီးကိစ္စများစွာကို ဆောင်ရွက်ခဲ့သည်။ ဝန်ကြီးဌာန ၂၂ ခု ပါဝင်သော အစိုးရသစ်ကို ဖွဲ့စည်းပေးခဲ့သည်။ လွှတ်တော်အနေနှင့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်များ ခန့်အပ်ခြင်းအပါအဝင် ယခုသက်တမ်းအတွက် အထူးကိစ္စရပ်အနေဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုခဲ့ပြီး နိုင်ငံတော်အဂတိစဉ်တွင် ဒုတိယနေရာရှိ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကို ခန့်အပ်ခဲ့သည်။

လွှတ်တော်များ ပေါ်ပေါက်လာရခြင်းမှာ ၁၇၀၀ ပြည့်နှစ် မတိုင်မီကတည်းက အစိုးရစနစ်ကို ဟန်ချက်ညီ အစိုးရပုံစံဖြစ်စေရန်အတွက် ဥပဒေပြုအာဏာနှင့် အစိုးရလုပ်ငန်းများကို ခွဲခြားထားရမည်ဟု ယူဆလာကြခြင်းကြောင့် ဖြစ်သည်။ လွှတ်တော်နှစ်ရပ်စနစ်ကို စတင်ကျင့်သုံးခဲ့သော အမေရိကန်ဖွဲ့စည်းပုံဥပဒေရေးဆွဲသူများအပေါ် တိုက်ရိုက်လွှမ်းမိုးမှုရှိခဲ့သောပုဂ္ဂိုလ်မှာ ပြင်သစ်မှူးမတ်တစ်ယောက်ဖြစ်သူ မွန်တက်စ်ကျူ (**Montesquieu**-၁၆၈၉- ၁၇၅၅)ဖြစ်သည်။ ၎င်း၏ ၁၇၄၈ ခုနှစ်ထုတ် စာအုပ်ဖြစ်သော ဥပဒေများ၏ အသက်ဝိညာဉ် (**The Spirit of Laws**) တွင် ဥပဒေပြုခြင်းနှင့် အုပ်ချုပ်ခြင်းအာဏာများကို လူတစ်ဦးတစ်ယောက်၏ လက်တွင်းထားရှိခြင်းကို ဆန့်ကျင်ရေးသားခဲ့သည်။ ဥပဒေပြုခွင့်အာဏာကို လွှတ်တော်နှစ်ခုအတွင်း ခွဲခြားထားသင့်သည်။ လွှတ်တော်တစ်ရပ်မှာ သူကောင်းမျိုးများကို ကိုယ်စားပြုပြီး ကျန်လွှတ်တော်တစ်ခုမှာ ပြည်သူများကို ကိုယ်စားပြုရမည်ဟု ၎င်းကတိုက်တွန်းခဲ့ခြင်းဖြစ်သည်။ ၎င်းအဆိုပြုခဲ့သော အစီအစဉ်မှာ နောက်ပိုင်း ဗြိတိန်နိုင်ငံတွင်ကျင့်သုံးခဲ့သော အထက်လွှတ်တော် (**House of Lords**) နှင့် အောက်လွှတ်တော် (**House of Commons**) ပုံစံပင်ဖြစ်သည်။ ထိုပုံစံကိုအမှီပြု၍ သူကောင်းမျိုးမရှိသော အမေရိကန်တို့က ဆီးနိတ် (အထက်လွှတ်တော်)နှင့် အောက်လွှတ်တော်ဟူ၍ ဖန်တီးယူခဲ့ကြခြင်း ဖြစ်ပေသည်။

အမေရိကန်ဖွဲ့စည်းပုံတွင် ကွန်ဂရက်ကို ကျယ်ပြန့်သော လုပ်ပိုင်ခွင့်အာဏာပေးထားသည်။ ယင်းအထဲမှ အရေးကြီးသောအခွင့်အာဏာမှာ ကြီးကြပ်ပိုင်ခွင့်ဖြစ်သည်။ အုပ်ချုပ်ရေးအာဏာအပေါ် ထိန်းကျောင်းနိုင်ရန် ကွန်ဂရက်တွင် နည်းလမ်းများစွာရှိသည့်အနက် ကြီးကြပ်ပိုင်ခွင့်အာဏာ (**Oversight Power**)သည် အထိရောက်ဆုံးဖြစ်သည်။ ကွန်ဂရက်က လေလွင့်ပြုန်းတီးမှုများ၊ လိမ်ညာမှုများကိုကာကွယ်ရန်၊ လူမှုလွတ်လပ်ခွင့်နှင့် တစ်ဦးချင်းအခွင့်အရေးများကို ကာကွယ်ရန်၊ အုပ်ချုပ်ရေးပိုင်းမှ ဥပဒေကို လေးစားလိုက်နာမှုရှိရန်၊ ဥပဒေပြုရန် အချက်အလက်များစုဆောင်းခြင်းနှင့် ပြည်သူလူထုကိုပညာပေးနိုင်ရန်၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာလုပ်ဆောင်ချက်များ၊ စုစည်းထားရန် စသောကိစ္စများအတွက် ကြီးကြပ်ပိုင်ခွင့်ကိုသုံးသည်။ အနှစ်သဘောအားဖြင့် အစိုးရ၏ လုပ်ငန်းများကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် လူထုပေါ်လစီများကို ထိန်းသိမ်းပေးခြင်းပင်ဖြစ်သည်။

ယခုလွှတ်တော်တွင် ပြည်သူကို အကျိုးမပြုသော ဥပဒေအချို့ကို ရုပ်သိမ်းခဲ့သည်ကိုတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် အရေးကြီးအဆိုခြောက်ခု အပါအဝင် အဆို ၃၂ ခုကို ဆွေးနွေးခဲ့ပြီး ဆုံးဖြတ်ပြီးသော အဆို ၁၂ ခုရှိခဲ့သည်။ ထိုအထဲတွင် ဗိုလ်တထောင်ဘုရားအနီး ဆိပ်ခံဗဟိုတံတားတည်ဆောက်ရေးစီမံချက်အား ရပ်ဆိုင်းပေးရန် အဆိုနှင့် ရန်ကုန်မြို့လက်ရှိမြေ ၄ ဒသမ ၃ ဧကပေါ်တွင် ပုဂ္ဂလိကဆေးရုံဆောက်ရန်ငှားရမ်းပေးခြင်းအား ရပ်ဆိုင်းပေးရန် အဆိုများကို ကန့်ကွက်သူ မရှိ အတည်ပြုနိုင်ခဲ့သည်။

ဇွန်လ ၃၀ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၌ ကတိဖြစ်ခဲ့သည့် မေးခွန်း၊ အဆိုများနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများက လုပ်ငန်းဆောင်ရွက်ထားမှုများကို မေးမြန်းမည်ဟု သိရသည်။ ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှ နယ်မြေအခြေအနေအား ကွင်းဆင်းကာ လုပ်ငန်းပြီးစီးမှုကို လေ့လာပြီး အဆိုပါဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အစီရင်ခံစာတင်သွင်းမည်ဖြစ်ကြောင်း သိရသည်။ ဤသည်မှာလည်း အရေးကြီးလှသော လွှတ်တော်၏ ကြီးကြပ်ခွင့်အခန်းကဏ္ဍပင် ဖြစ်ပါသည်။

ခြုံ၍ဆိုလျှင် လွှတ်တော်၏ဆောင်ရွက်ချက်များမှာ အားရစရာရှိသည်ဟု ဆိုရပါမည်။ လွှတ်တော်တွင်း အကျိုးစီးပွားအုပ်စုများ မရှိသလောက် နည်းပါးခြင်း၊ ကမ္ဘာတွင် နိုင်ငံရေးအကျဉ်းသားဟောင်းအများဆုံးပါဝင်သော လွှတ်တော်ဖြစ်ခြင်း၊ လေ့လာလိုစိတ်၊ သင်ယူလိုစိတ်နှင့် ပြည်သူကို အကျိုးပြုလိုစိတ် မြင့်မားသောအမတ်များ အများစုပါဝင်နေခြင်းက လွှတ်တော်နှင့်အစိုးရကြား အပြန်အလှန်ထိန်းကျောင်းခြင်းကို ချောမွေ့စွာဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။




## တရားဥပဒေစိုးမိုးရေးစင်တာ ပြည်ထောင်စုရှေ့နေချုပ် ကြည့်ရှု

**မန္တလေး ဇွန် ၁၆**

UNDP နှင့် IDLO တို့၏ ပံ့ပိုးကူညီမှုဖြင့် ဖွင့်လှစ်ထားသည့် တရားဥပဒေ စိုးမိုးရေးစင်တာ(မန္တလေး)သို့ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့်အဖွဲ့ ဇွန်လဒုတိယပတ်က သွားရောက်လေ့လာကြည့်ရှုခဲ့သည်။

ပြည်ထောင်စုရှေ့နေချုပ်သည် အဆိုပါစင်တာ၌ တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူများအား ဥပဒေအသိပညာပေးသင်တန်းများ ဖွင့်လှစ်ပေးနိုင်မှုနှင့် အကျိုးကျေးဇူးများ၊ တရားဥပဒေစိုးမိုးရေးစင်တာများနှင့် သင်တန်းများ ဆက်လက်တိုးချဲ့နိုင်ရေးဆောင်ရွက်နေမှုများကို လေ့လာခဲ့ကာ အဆိုပါလုပ်ငန်းများတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်က ပါဝင်ပူးပေါင်းဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုရှေ့နေချုပ်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တွေ့ဆုံခဲ့ပြီး တရားဥပဒေစိုးမိုးရေး အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်ရန်များကို ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုရှေ့နေချုပ်သည် တိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများနှင့် တွေ့ဆုံပြီး ပြည်သူ့အကျိုးကို ရှေးရှု၍ တာဝန်နှင့်ဝတ္တရားများကို ထမ်းဆောင်ရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## နောင်ချိုမြို့ပေါ် ပျက်စီးနေသော ကားလမ်းမကြီး ပြုပြင်ပေးစေလို

နောင်ချိုမြို့ ဈေးရပ်ကွက်တွင် တည်ရှိသည့် မန္တလေး-လားရှိုးလမ်းမကြီးသည် နေ့စဉ် ကားအစီးပေါင်း ၁၀၀၀ ကျော် ဖြတ်သန်းသွားလာလျက်ရှိပြီး အဆိုပါကားလမ်းပျက်စီးနေသည်မှာ လချီကြာနေပြီဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။ ထိုလမ်းပေါ်မှ ဖြတ်သန်းသွားလာကြသော ကျောင်းသား ကျောင်းသူများ၊ ဈေးရောင်း၊ ဈေးဝယ်များ၊ ဆွမ်းခံကြွချီတော်မူသော သံဃာတော်များ အခက်အခဲကြုံတွေ့နေရသည်။ ကားကြီး၊ ကားငယ်များလည်း ကားလမ်းပေါ်မှ ပျက်စီးနေသော ချိုင့်များကို ရှောင်ကွင်းမောင်းနှင်နေရသောကြောင့် ကျောက်ခဲများ လွင့်စဉ်ထိမှန်ခဲ့မှုများရှိ သဖြင့် လမ်းသွားလမ်းလာများ ထိခိုက်ခံနေရ၍ အဆိုပါလမ်းကို သက်ဆိုင်ရာက ပြုပြင်ပေးစေရေး ဒေသခံများ မျှော်လင့်နေကြောင်း သိရသည်။
**စိုးဝင်း(နောင်ချို)**

### ထင်သာမြင်သာပြုပြင်စရာ



## စည်းကမ်းမဲ့ကွမ်းတံတွေးထွေးခြင်းကျဆင်းရေး အသိပညာပေး

**ဟသ်ာတ ဇွန် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်အတွင်း ကွမ်းစားသုံးမှုနှင့် စည်းကမ်းမဲ့ကွမ်းတံတွေးထွေးခြင်းကျဆင်းရေးအတွက် ကွမ်းယာရောင်းချသူများအား အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၁၄ ရက် ညနေ ၃ နာရီက မြို့နယ်စည်ပင်သာယာရေး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန်းနိုင်က အမှာစကားပြောကြားပြီး အထူးကုဆရာဝန်ကြီး ဒေါက်တာထွန်းထွန်းကျော်က ကွမ်းစားခြင်းကြောင့် ဖြစ်တတ်သောရောဂါများနှင့် ခံတွင်းကင်ဆာအဖြစ်သို့ ရောက်ရှိသွားနိုင်ကြောင်းတို့ကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ကွမ်းစားသုံးမှုပပျောက်ရေးနှင့် စည်းကမ်းမဲ့ကွမ်းတံတွေးထွေးခြင်းကျဆင်းရေးအတွက်ဆောင်ရွက်မည့် အသေးစိတ်အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး ယင်းအသိပညာပေးဆွေးနွေးပွဲသို့ မြို့ပေါ်ရပ်ကွက် ၂၁ ရပ်ကွက်မှ ကွမ်းယာရောင်းချခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ ၂၀၃ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။ **ကျော်ကျော်(မြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၆-၆-၂၀၁၆

**ခင်ရတနာ-စုစည်းသည်။**

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၂၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၀၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၉၀ / ၅၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၃၀ / ၅၅၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၇.၀ |
| ဥရောပ | တစ်ယူရို | ၁၃၃၀.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၅.၅၉ |
| ထိုင်း | တစ်ဘတ် | ၃၃.၆၁၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၆၃၂ |
| တရုတ် | တစ်ယွမ် | ၁၇၉.၉၄ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၈.၆၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မွန်ဂိုလီးယားနိုင်ငံသမ္မတအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ



**နေပြည်တော် ဇွန် ၁၆**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ်ရောက်ရှိနေသည့် မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ ဇတ်ခ်ဟီးလ်ယာဒ် အယ်လ်ဘတ်ခ်ဒေါ့ဂ်ျအား ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မြနန်းဘုံသာလမ်းရှိ ၎င်း၏နေအိမ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ **(ယာပုံ)**

အဆိုပါ နေ့လယ်စာတည်ခင်းဧည့်ခံပွဲသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်တို့ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# နိုင်ငံအတွက် ဆောင်ရွက်ရာတွင် ပြည်သူများပါဝင်ဆောင်ရွက်ခွင့်ရှိသည်ကို မြင်တတ်အောင် လုပ်ဆောင်ပေးရန်လို

**နေပြည်တော် ဇွန် ၁၆**

အစိုးရအနေဖြင့် နိုင်ငံ့အတွက် ဆောင်ရွက်ရာတွင် ပြည်သူ့အသံကို နားထောင်ရန်လိုကြောင်း၊ ပြည်သူများအနေဖြင့် ကိစ္စရပ်တိုင်းတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်ကို မြင်တတ်အောင် လုပ်ဆောင်ပေးရန်လိုအပ်ကြောင်း မွန်ဂိုလီးယားနိုင်ငံသမ္မတ ဇတ်ခ်ဟီးလ်ယာဒ် အယ်လ်ဘတ်ခ်ဒေါ့ဂ်ျက ပြောကြားလိုက်သည်။



မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ ဇတ်ခ်ဟီးလ်ယာဒ် အယ်လ် ဘတ်ခ်ဒေါ့ဂ်ျ ရှင်းလင်းပြောကြားစဉ်

မွန်ဂိုလီးယားနိုင်ငံ၏ ဒီမိုကရေစီအရေး၊ ဥပဒေစိုးမိုးရေး၊ ပွင့်လင်းမြင်သာမှုရှိရေးကိစ္စများ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု အတွေ့အကြုံရှင်းလင်းပွဲကို ယနေ့နံနက် ၉ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပစဉ် မွန်ဂိုလီးယားသမ္မတက ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

မွန်ဂိုလီးယားသမ္မတက မိမိတို့နိုင်ငံတွင် ဒီမိုကရေစီအပြောင်းအလဲကို တည်ငြိမ်ညင်သာစွာ ပြုလုပ်နိုင်ခဲ့ကြောင်း၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးအားလုံး ပြုပြင်ပြောင်းလဲသည့်နေရာတွင် ငြိမ်းငြိမ်းချမ်းချမ်း အသွင်ကူးပြောင်းနိုင်ခဲ့ကြောင်း၊ အသွင်ကူးပြောင်းရေးကာလတွင် ပြည်သူများပူးပေါင်းပါဝင်မှုသည် အဓိကအချက်ဖြစ်ကြောင်း၊ အောင်မြင်မှုများ ဆက်လက်ရရှိရန်အတွက် ပြည်သူများ၏ပါဝင်မှုက အရေးကြီးကြောင်း။

သို့ဖြစ်၍ ပြည်သူ့ခန်းမများကို မိမိတို့နိုင်ငံ၌ တည်ဆောက်ပေးထားပါကြောင်း၊ ခရိုင်နှင့် မြို့နယ်များအပြင် ကျေးရွာများတွင်လည်း ရှိပါကြောင်း၊ မွန်ဂိုလီးယားနိုင်ငံတွင် ဗဟိုဦးစီးချုပ်ကိုင်မှုလျှော့ချရေးကို လက်တွေ့ကျကျ ဆောင်ရွက်ခဲ့ကြောင်း၊ အစိုးရအနေဖြင့် ပြည်သူပိုင်ငွေကို မည်ကဲ့သို့သုံးစွဲသည်ကို အားလုံးသိလိုပါကြောင်း၊ အစိုးရ၏ ဘတ်ဂျက်သုံးစွဲမှုကို ပြည်သူက ဝေဖန်လာပါက သုံးစွဲသည့်တာဝန်ရှိသူများအနေဖြင့် ပြန်လည်သုံးသပ်ရမည်ဖြစ်ကြောင်း၊ မွန်ဂိုလီးယားနိုင်ငံအနေဖြင့် အဂတိတိုက်ဖျက်မှုအပိုင်းတွင် လွန်ခဲ့သည့် ငါးနှစ်က အဆင့် ၁၂၀ တွင် ရှိရာမှ ယခုအခါ အဆင့် ၇၂ အထိသို့ လျှော့ချနိုင်ခဲ့ပါကြောင်း၊ အဂတိတိုက်ဖျက်ရေးလုပ်ငန်းသည် တစ်ကမ္ဘာလုံးဆိုင်ရာ ပြဿနာဖြစ်ကြောင်း၊ မွန်ဂိုလီးယားနှင့် မြန်မာနိုင်ငံသာ ရင်ဆိုင်နေရသည့် ပြဿနာမဟုတ်ကြောင်း၊ သို့ဖြစ်၍ အဂတိတိုက်ဖျက်ရေးကို ဆောင်ရွက်နိုင်ရန် နေ့စဉ်နှင့်အမျှ စိတ်ပိုင်းဆိုင်ရာများကို ပြုပြင်ပြောင်းလဲနေရန် လိုအပ်ပါကြောင်း။

မွန်ဂိုလီးယား အစိုးရအနေဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွင် အစိမ်းရောင်၊ အဝါရောင်၊ အနီရောင်အဆင့် သုံးဆင့် သတ်မှတ်ထားပါကြောင်း၊ အစိမ်းရောင်ကတ်အတွင်း၌ ပါရှိသည့် အကြောင်းအရာများကို ၅ မိနစ်မှ ၁၅ မိနစ်အတွင်း ဆောင်ရွက်ပေးလျက်ရှိပြီး အဝါရောင်ကတ်အတွင်း၌ ပါရှိသည့်အကြောင်းအရာများကို ၂၄ နာရီအတွင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ အနီရောင်ကတ်အတွင်း၌ ပါရှိသည့် အကြောင်းအရာများကို တစ်ပတ်မှ သုံးပတ်အတွင်း ပြီးပြတ်အောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဆိုပါကတ်များအတွင်းရှိ အကြောင်းအရာများ မှာ ယခင်ကဆိုလျှင် အချိန်များစွာ ကြာမြင့်သည့်အတွက် လာဘ်ပေးလာဘ်ယူမှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ပေးမှုကို မွန်ဂိုလီးယားပြည်သူ ၉၆ ရာခိုင်နှုန်းက နှစ်သက်ကြပါကြောင်း။

ယင်းသို့ ဆောင်ရွက်နိုင်ခြင်းသည် တာဝန်ရှိသူအဆင့်ဆင့်၏ စိတ်ဓာတ်ရေးရာကို ပြုပြင်ပြောင်းလဲနိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ မီဒီယာကဏ္ဍ၌လည်း မွန်ဂိုလီးယားနိုင်ငံတွင် လွတ်လပ်ခွင့်ပေးထားပါကြောင်း၊ ဒီမိုကရေစီရသည်နှင့် အရာရာပြည့်စုံပြီဟု မမှတ်ယူသင့်ကြောင်း၊ ဒီမိုကရေစီလုပ်ပိုင်ခွင့် အခွင့်အလမ်းများရအောင် ဖော်ဆောင်ပေးပြီးနောက် မိမိအလုပ်မိမိလုပ်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွက် မြန်မာပြည်သူများကသာ လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် အရာထမ်း၊ အမှုထမ်းများက မွန်ဂိုလီးယားနိုင်ငံနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းရာ မွန်ဂိုလီးယားသမ္မတက ပြန်လည်ဖြေကြားသည်။

မွန်ဂိုလီးယားနိုင်ငံသည် တစ်ချိန်က ကမ္ဘာတွင် နယ်မြေအများဆုံးပိုင်ဆိုင်သည့် နိုင်ငံဖြစ်ခဲ့သည်။ နှစ်ပေါင်း ၇၀ ကျော်ကြာ ကွန်မြူနစ်စနစ်ကျင့်သုံးခဲ့ပြီးနောက် ၁၉၉၀ ပြည့်နှစ်မှစ၍ ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့သည့် နိုင်ငံလည်းဖြစ်သည်။

**(သတင်းစဉ်)**

# ကူမင်းမြို့၌ မြန်မာ-တရုတ် နှစ်နိုင်ငံစီးပွားရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများ ပူးပေါင်းဆောင်ရွက်နိုင်ရေးဆွေးနွေး

**မန္တလေး ဇွန် ၁၆**

မြန်မာ-တရုတ် နှစ်နိုင်ငံစီးပွားရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် တရုတ်နိုင်ငံ၊ ကူမင်းမြို့တွင် ဇွန် ၁၂ ရက်က တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီး ဌာနမှ သိရသည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ၊ သက်ဆိုင်ရာနိုင်ငံအလိုက် ပိုမိုတိုးချဲ့၍ ရင်းနှီးမြှုပ်နှံမှုများဖန်တီးပေးရေး၊ ညီအစ်မမြို့တော်အချင်းချင်း ချိတ်ဆက်၍ အခြားမြို့တော်များလည်း ဆင့်ပွားပေါ်ပေါက်စေရန် ဝိုင်းဝန်းဆောင်ရွက်ရေး၊ ဒေသတွင်းခရီးသွားအရင်းအမြစ်များမှတစ်ဆင့် နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးရှိစေရေး၊ ခရီးသွားလာရေးဈေးကွက် မြင့်တင်နိုင်ရေးအတွက် ခရီးသွားကဏ္ဍနှင့် ခရီးစဉ်ဒေသသစ်များတိုးတက်ဖော်ထုတ်၍ အပြန်အလှန် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆွေးနွေးကြသည်။

ထို့အပြင် မဲခေါင်မြစ်ဝှမ်းနှင့်ဆက်စပ်နေသော နေရာဒေသများအားလည်း သက်ဆိုင်ရာနိုင်ငံများအလိုက် ပိုမိုတိုးတက်အောင်ဆောင်ရွက်ပေးနိုင်ပါက ပူးပေါင်းဆောင်ရွက်ပေးရန်၊ ခရီးသွားအခြေခံအဆောက်အအုံများ ပိုမိုတိုးတက်စေရန်၊ ခရီးသွားများ၏လုံခြုံမှုကို ယခုထက် ပိုမိုအလေးပေး ဆောင်ရွက်ရန်နှင့် ခရီးသွားကဏ္ဍသည် ခေတ်သစ်တစ်ခုအသွင်ဖြင့် ရောက်ရှိလာပြီဖြစ်သည့်အတွက် ပေါ်ထွက်လာသော အခွင့်အရေးများကို တီထွင်မှုနှင့် အောင်မြင်စွာ ကျော်ဖြတ်ကြစေလိုကြောင်း စသည့်အချက်များကိုလည်း အသေးစိတ်ဆွေးနွေးခဲ့သည်။

"တရုတ်နဲ့ မန္တလေးဆိုတာက ညီအစ်မမြို့တော်အချင်းချင်းဖြစ်တဲ့အတွက် ယခုဆွေးနွေးမှုကတစ်ဆင့် ခရီးသွားလုပ်ငန်းမှာ ပိုမိုဝင်ရောက်မှုနှုန်းများပြားလာမှာပါ။ နောက်ပြီး တရုတ်နိုင်ငံကလည်း MICE Tourism အခန်းကဏ္ဍကို အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့အတွက် ယခုနှစ် မြန်မာ-တရုတ် နှစ်နိုင်ငံ ခရီးသွားဝင်ရောက်မှုနှုန်းကမြင့်တက်နေပါတယ်"ဟု တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောသည်။

ချစ်ကြည်ရေးခရီးစဉ်တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာ ရဲလွင်နှင့်အတူ တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ တရုတ်နိုင်ငံ ကူမင်းမြို့တွင်ကျင်းပသည့် 4th China-South Asia Expo & Kunming Sister City Touri-sm Cooperation and Development Seminer သို့ တက်ရောက်ခဲ့ပြီး Enjoy the Dancing Performance of Ethnic Group ကိုလည်း ဝင်ရောက်လေ့လာခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# စစ်တွေမြို့နယ် ကျောင်းကျန်းမာရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**စစ်တွေ ဇွန် ၁၆**

၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ဆောင်ရွက်သွားမည့် စစ်တွေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ကျောင်းကျန်းမာရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့နံနက် ၁၀ နာရီက စစ်တွေမြို့ပြည်တော်သာရပ်ကွက်ရှိ အမှတ်(၁၅) မူလွန်ကျောင်း၌ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးပညာပေးဟောပြောခြင်း၊ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပြီး နေမကောင်းသူများအား ဆေးဝါးကုသပေးခြင်း၊ သွားနှင့် ခံတွင်းစစ်ဆေးပြီး သွားရောဂါရှိသူများအား ကုသပေးခြင်း၊ ခြင်ဆေးမှုတ်ခြင်းနှင့် အဘိတ်ဆေးခတ်ခြင်း၊ ကျောင်းသား ကျောင်းသူများအား လက်ဆေးခြင်း သရုပ်ပြသပြီး လက်တွေ့ဆောင်ရွက်စေခြင်းများ ပြုလုပ်ပေးသည်။

စစ်တွေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ကျောင်းကျန်းမာရေးလုပ်ငန်းများကို စီမံချက်များ စနစ်တကျရေးဆွဲလျက်ရှိပြီး ယနေ့မှစ၍ ကွင်းဆင်းဆောင်ရွက်ကာ ပညာသင်နှစ် ကုန်ဆုံးသည်အထိ ကျောင်းများအား ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ခြင်းသို့ စစ်တွေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကြည်ကြည်သာ၊ ဒေါက်တာအောင်သူရ(သွားနှင့်ခံတွင်း)၊ ဦးစောဝင်းမောင် (မြို့နယ်ကျန်းမာရေးမှူး)နှင့် ကျန်းမာရေးဝန်ထမ်းများက အမှတ်(၁၅) မူလွန်ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးခင်နှင့် ဆရာ ဆရာမများ၊ KG တန်းမှ ဆဋ္ဌမတန်းအထိ ကျောင်းသား ကျောင်းသူ ၃၃၀ တို့အား ကျန်းမာရေးစစ်ဆေးပေးကြောင်း သိရသည်။

**သတင်း-အာရက္ခသြရသ**

**ဓာတ်ပုံ-ညေစော**



သွားနှင့် ခံတွင်းရောဂါများအား စစ်ဆေးပေးစဉ်

# စိုက်ပျိုးရေး၊ ဆောက်လုပ်ရေး၊ နယ်စပ်ရေးရာနှင့် နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇွန် ၁၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်အား အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်ဖြစ်သူ အိန္ဒိယအမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် (ဝန်ကြီးချုပ်ရုံးဝန်ကြီး) မစ္စတာ အာဂျစ် ဒိုဘယ်လ် သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ ဆောက်လုပ်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ရေးရာကိစ္စရပ်များတွင် အတူတကွ ပူးတွဲဆောင်ရွက်ရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးစွာဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာ၌ နိုင်ငံခြားရေးဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်ဖြစ်သူ အိန္ဒိယအမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် (ဝန်ကြီးချုပ်ရုံးဝန်ကြီး) မစ္စတာ အာဂျစ် ဒိုဘယ်လ် အား လက်ခံတွေ့ဆုံစဉ်**



မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ ဇတ်ခ်ဟီးလ်ယာဒ် အယ်လ် ဘတ်ခ်ဒေါ်ဂျ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်
(သတင်းစဉ်)





အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် အိန္ဒိယအမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ်(ဝန်ကြီးချုပ်ရုံးဝန်ကြီး) မစ္စတာ အာဂျစ် ဒိုဘယ်လ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်
(သတင်းစဉ်)

## ယာဉ်အန္တရာယ်ကင်းရှင်းရေး ပြည်တွင်း၊ ပြည်ပမှ အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မည်

**နေပြည်တော် ဇွန် ၁၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်အား ဇွန် ၁၅ ရက်တွင် UN Secretary General's Special Envoy Mr. Jean Todt နှင့် Ms. Michelle Yeoh တို့ ဦးဆောင်သောအဖွဲ့သည် ပြည်ထောင်စုဝန်ကြီး၏ရုံးခန်းမ၌ တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲတွင် Mr. Jean Todt က ယာဉ်မတော်တဆထိခိုက်မှုသည် တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သည့် ပြဿနာတစ်ရပ်ဖြစ်နေကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ယာဉ်စီးရေ တိုးတက်လာမှုနှင့်အတူ ယာဉ်မတော်တဆမှုများ တစ်စထက်တစ်စ ပိုမိုများပြားလာသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယာဉ်မတော်တဆဖြစ်စဉ်များ လျော့နည်းကျဆင်းရေးအတွက် Task Force တစ်ခုကို ဆောလျင်စွာဖွဲ့စည်းဆောင်ရွက်ပေးစေလိုကြောင်း အကြံပြုပြောကြားခဲ့ပြီး မြန်မာနိုင်ငံ၏ လမ်းအန္တရာယ်ကင်းရှင်းရေး တိုးတက်လာစေရန် အမှန်တကယ်လိုလားစွာဖြင့် ပူးပေါင်းပံ့ပိုးဆောင်ရွက်လိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် ရက် ၁၀၀ လုပ်ငန်းစီမံကိန်းတွင်လည်းထည့်သွင်း၍ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်း၊ ပြည်ပမှ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေးသည်။ **(သတင်းစဉ်)**

### ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၌ ဖော်ပြခဲ့သည့် မြန်မာ-ဘင်္ဂလားဒေ့ရှ် ခြံစည်းရိုးကာရံခြင်းအတွက် အသုံးစရိတ်စာရင်းဇယားတွင် ဘဏ္ဍာရေးနှစ်နှင့် ကိန်းဂဏန်းများဖော်ပြရာတွင် နေရာလွဲမှားခဲ့ပါသဖြင့် **“၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်တွင် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် ကင်းစခန်းများ၊ ခြံစည်းရိုးများ၊ လျှပ်စစ်မီးရရှိရေးတို့အတွက် မူလခန့်မှန်းခြေ ကျပ် ၃၀၁၈.၂၅၃ သန်း၊ ဖြည့်စွက်ခွင့်ပြုငွေကျပ် ၁၀၀၄၄.၃၀၇ သန်း စုစုပေါင်း ကျပ် ၁၃၀၆၂.၅၆၀ သန်း၊ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်တွင် ဒုတိယအဆင့် ပျက်စီးမှုများ ပြုပြင်ခြင်းနှင့် တတိယအဆင့် ခြံစည်းရိုးကာရံခြင်း၊ ရေထုတ်မြောင်းတံတား တည်ဆောက်ခြင်းတို့အတွက် ဖြည့်စွက်ခွင့်ပြုငွေကျပ် ၃၆၈၀.၃၇၃ သန်း သုံးစွဲခဲ့ပြီး၊ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားမှုမရှိ”** ဟု ပြင်ဆင်ဖတ်ရှုနိုင်ပါရန်။
**(သတင်းစဉ်)**

### မုတ်သုံလေ အားကောင်းလျက်ရှိ

**နေပြည်တော် ဇွန် ၁၆**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။
**(မြန်မာ့အလင်း)**

## ပြန်ကြားရေးဝန်ကြီးဌာနမှ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၆**

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၁၆-၆-၂၀၁၆ ရက်နေ့ကပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၂၃-၅-၂၀၁၆ ရက်နေ့မှ ၃-၆-၂၀၁၆ ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူနှစ်ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ မဂ္ဂဇင်းနှစ်ဦး၊ အထွေထွေ ၁၁ ဦး ပေါင်း ၁၃ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်လိုသူတစ်ဦးတို့အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့သည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၃၄၁ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၁၈၁၈ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၆ ဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၁၉၅ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့သည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦး၊ မဂ္ဂဇင်းအသစ်လျှောက်ထားသူတစ်ဦးနှင့် ဂျာနယ်လျှောက်ထားလာသူတစ်ဦးတို့အား အချက်အလက်များစိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်အရ သိရသည်။
**(မြန်မာ့အလင်း)**

**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ**

# နှစ်နိုင်ငံ သတ္တုကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုဘဝဖွံ့ဖြိုးရေးကဏ္ဍများတွင် အကူအညီပေးရေးဆွေးနွေး

**နေပြည်တော် ဇွန် ၁၆**

မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ ဇတ်ခ်ဟီးလ်ယာဒ် အယ်လ်ဘတ်ခ်ဒေါ်ဂျ်သည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း **(ယာပုံ)** နှင့် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် လည်းကောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် ညနေ ၃ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ Hilton ဟိုတယ်၌ သီးခြားစီ တွေ့ဆုံဆွေးနွေးသည်။

မွန်ဂိုလီးယားသမ္မတသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံသတ္တုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုဘဝဖွံ့ဖြိုးရေးကဏ္ဍများတွင် အကူအညီပေးရေးတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံဘဏ်လုပ်ငန်းများ ဆက်သွယ်ဆောင်ရွက်ရေး၊ ငွေရေးကြေးရေးနှင့် စီးပွားရေးအတွေ့အကြုံများ ဖလှယ်ရေးကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



# မြန်မာနိုင်ငံ၏ စီးပွားရေး အနာဂတ်အလားအလာများကို သုံးသပ်ဆွေးနွေးခဲ့သည့် Myanmar Summit 2016

**မြန်မာနိုင်ငံ၏ စီးပွားရေးလမ်းကြောင်းကို ပိုမိုတိုးတက်လာစေရန်နှင့် ရေရှည်ရပ်တည်လာနိုင်စေရန် ရည်ရွယ်၍ The Economist က ဦးဆောင်ကျင်းပသည့် ဒုတိယအကြိမ်မြောက် Myanmar Summit 2016 ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့သည်။**



ဦးညဏ်သာမော်လင်း



Crystal Lee



Simon Long



Stephane Lamoureux

အခမ်းအနားတွင် မြန်မာနိုင်ငံ၏ စီးပွားရေးအနာဂတ် အလားအလာ၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများ၏ သဘောထားများ၊ အစိုးရသစ်၏ စီးပွားရေးဆိုင်ရာမူဝါဒများနှင့် အစိုးရသစ် လျှောက်လှမ်းနေသည့် ကနဦးခြေလှမ်းများအား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး စကော့အလန်မာရှယ် အပါအဝင် ပြည်တွင်း ပြည်ပ စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးနယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူများနှင့် စီးပွားရေးပညာရှင်များက ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် ပြည်တွင်း ပြည်ပ လုပ်ငန်းရှင်များနှင့် စီးပွားရေးဆိုင်ရာ ကျွမ်းကျင်သူများ၏ စကားသံများအား မြန်မာ့သတင်းစဉ်မှ ထုတ်နုတ်ဖော်ပြအပ်ပါသည်။

**ဦးညဏ်သာမော်လင်း**
**(Managing Director )**
**Vriens and Partners**

ဒီနေ့ ဆွေးနွေးပွဲအခမ်းအနားမှာ အမေရိကန်သံအမတ်နဲ့ ဆွေးနွေးခဲ့တာကတော့ လက်ရှိ အစိုးရပြောင်းလဲမှု အခြေအနေနဲ့ ပတ်သက်ပြီး ဘယ်လို အနေအထားမျိုးရှိသလဲ။ ဘယ်လို ဆက်သွားဖို့ အလားအလာရှိလဲပေါ့။ အစိုးရလွှဲပြောင်းတဲ့အခါမှာ မြန်မာနိုင်ငံကို ပြန်ပြီးတော့ ကြည့်လိုက်ရင် အခြားနိုင်ငံတွေထက် အများကြီးသာနေတယ်လို့ ပြောချင်တယ်။ နိုင်ငံရေးအခြေအနေအရရော စီးပွားရေးအခြေအနေ အလားအလာအရပါ အခွင့်အရေးကောင်းတယ်လို့ ကျွန်တော်တို့ဘက်က မြင်တယ်ဆိုတာကို ဆွေးနွေးခဲ့ပါတယ်။ အမေရိကန်က စီးပွားရေးအရ ပိတ်ဆို့အရေးယူမှု (Sanctions) နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ဘက်ကတော့ ဘာကြောင့် မြန်မာနိုင်ငံကို ဆန်ရှင်လုပ်ခဲ့တာလဲ၊ အခုအခြေအနေအရ တိုးတက်ပြောင်းလဲလာပြီဆိုရင် ဆန်ရှင်ပြောင်းလဲဖို့ လိုတယ်။ မြန်မာနိုင်ငံကို စီးပွားရေးလုပ်ငန်းရှင်တွေလာဖို့ ဆန်ရှင်က အဓိက အခက်အခဲ မဟုတ်ဘူးဆိုပေမယ့်လည်း အရေးကြီးတဲ့ အခက်အခဲထဲမှာပါတဲ့အတွက် အမေရိကန်အစိုးရက အတတ်နိုင်ဆုံး အချိန်ပေးစဉ်းစားသင့်တယ်။ လိုအပ်ရင် လိုအပ်သလို ဆန်ရှင်ကိုပြန်ပြီး ချိန်သင့်တယ်လို့ မြင်ပါတယ်။ မြန်မာနိုင်ငံကို နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေ အများကြီးဝင်လာပြီဆို လက်ရှိ တိုင်းပြည်အခြေအနေအရ တက်လမ်းပဲလို့ ကျွန်တော်မြင်တယ်။ ဘယ်လိုပဲဝင်ဝင် ကျွန်တော်တို့မှာ တကယ့်ကိုအရေးကြီးတဲ့ ဆက်သွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားနဲ့ ပတ်သက်တာပဲဖြစ်ဖြစ် ရင်းနှီးမြှုပ်နှံမှုလာမယ်ဆိုရင် အားလုံးက အကျိုးရှိပါတယ်။

မြစ်ဆုံနဲ့ ပတ်သက်ပြီး ကျွန်တော့်အမြင်ပြောရရင် မြစ်ဆုံစီမံကိန်းဖြစ်ပေါ်လာတဲ့ အခြေအနေက အခုအခြေအနေနဲ့ မတူပါဘူး။ အခြေအနေပြောင်းလဲမှုအတိုင်း ဒီလို စီမံကိန်းတွေကို အစိုးရက Review လုပ်နိုင်ခွင့် ပြန်သုံးသပ်နိုင်ခွင့်ရှိတယ်လို့ ကျွန်တော်မြင်တယ်။ ဒီတော့ သူတို့ကိုလည်း အမြင်တစ်ခုအနေနဲ့ပေးပြီး မြစ်ဆုံဆိုတဲ့ အရာကို ပြန်ပြီး Review လုပ်လို့ရမယ်ထင်ပါတယ်။ မြန်မာနိုင်ငံရဲ့အလားအလာအရ ကျွန်တော်တို့နဲ့ နီးစပ်တဲ့ နိုင်ငံတွေနဲ့ အခြားစီးပွားရေးတွေအတွက် ပူးပေါင်းပြီး တွဲလုပ်နိုင်တဲ့ အခွင့်အရေးတွေ အများကြီး ရှိဦးမှာပါ။ SMEs သမားတွေအတွက်ကတော့ ရင်းနှီးမြှုပ်နှံမှုတွေ အများကြီးဝင်လာရင် အောက်ပိုင်းအခြေအနေက အခွင့်အရေးတွေ အများကြီး ပေါ်ပေါက်လာမယ်လို့ မြင်ပါတယ်။ လက်ရှိအခက်အခဲက ပို့ဆောင်ရေးဒါမှမဟုတ် လျှပ်စစ်စွမ်းအားနဲ့ ပတ်သက်တဲ့ Infrastructures အခြေခံအဆောက်အအုံတွေ ဖြစ်ချင်ဖြစ်မယ်။ အင်တာနက်၊ ဖုန်း စတဲ့အရာတွေကတော့ ခုန်ကျော်ပြီး တိုးတက်လာတာတွေ ရှိပါတယ်။ ကောင်းတယ်လို့မြင်ပေမယ့် အများကြီးထပ်လုပ်ရဦးမှာတွေရှိတယ်။ ပုံမှန်လူတန်းစားတွေ၊ SMEs သမားတွေနဲ့ ပတ်သက်ပြီး SMEs က ဒီအတိုင်းဖြစ်လာတာမဟုတ်ဘူး။ SMEs အောင်မြင်ဖို့ဆိုတာက Infrastructures အခြေခံအဆောက်အအုံတွေ လိုပါတယ်။ ဒါကို အစိုးရက အာရုံစိုက်ပြီး လမ်းကြောင်းတစ်ခု ချပေးလို့ရမယ်ဆိုရင် အားလုံးအတွက် အခွင့်အရေးရှိမှာပါ။

**Crystal Lee (ဌာနေမန်နေဂျာ)**
**Viber**

မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေးကဏ္ဍက အလွန်ကို တိုးတက်ပြောင်းလဲလာတာနဲ့အမျှ Viber အသုံးပြုသူ ဦးရေဟာ ပိုမိုများပြားလာပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလကဆိုရင် Viber ကို အသုံးပြုသူပေါင်း ၁၈ သန်းအထိရှိတယ်ဆိုတာ ကျွန်မတို့ ကြေညာခဲ့ပြီးပါပြီ။ မနက်ဖြန်မှာလည်း အထူးသတင်းစာရှင်းလင်းပွဲရှိပါတယ်။ အဲ့ဒီပွဲမှာ လက်ရှိ မြန်မာနိုင်ငံမှာ Viber အသုံးပြုသူ ဘယ်လောက်ရှိသွားပြီဆိုတာ ကြေညာပေးမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအပေါ်မှာ ကျွန်မတို့ အလေးထားပါတယ်။ မြန်မာပြည်သူလူထုအနေနဲ့ ဒီ Viber ကို အသုံးပြုခြင်းကနေ အကျိုးကျေးဇူးတွေ ပိုမိုရရှိအောင် ကြံဆောင်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေးဈေးကွက်ဟာ အလွန်ကို အလားအလာကောင်းတဲ့ ဈေးကွက်တစ်ခုပါ။ မြန်မာအစိုးရသစ်လက်ထက်မှာ ဆက်သွယ်ရေး ဝန်ဆောင်မှုတွေကို လူတွေအတွက် ပိုပြီးတော့ သက်သာအောင် လုပ်ပေးထားပါတယ်။ ဒီ နှစ်နှစ်၊ သုံးနှစ်အတွင်းမှာ အထူးသဖြင့် ကျေးလက်တောရွာတွေမှာ နေထိုင်သူတွေအတွက် ဒစ်ဂျစ်တယ်စနစ် ဆက်သွယ်ရေးကွန်ရက် အသုံးပြုတဲ့နေရာမှာ တတ်နိုင်အောင်လုပ်ပေးထားတဲ့အတွက် ကောင်းမွန်တဲ့ဝန်ဆောင်မှုတွေရရှိခဲ့တယ်လို့ ထင်ပါတယ်။

**Simon Long**
**Asia Editor/ “Banyan”**
**Columnist**

ကျွန်တော်က ဆိုင်မွန်လုံးပါ။ Economic မဂ္ဂဇင်းနဲ့ အပတ်စဉ်ထုတ် ဂျာနယ်တွေမှာ ဆောင်းပါးရေးပါတယ်။ ကျွန်တော်က ဂျာနယ်လစ်တစ်ယောက်ပါ။ ဒီပွဲကို လာရောက်ကြသူတွေက စီးပွားရေး နယ်ပယ်အသီးသီးမှာ ကျွမ်းကျင်သူတွေ၊ မြန်မာနိုင်ငံရဲ့ စီးပွားရေးနဲ့ ပတ်သက်ပြီး ကျွမ်းကျင်တဲ့ စီးပွားရေးပညာရှင်တွေနဲ့ Diplomat တွေ၊ ကုမ္ပဏီကြီးတွေကလာတဲ့ လုပ်ငန်းရှင်တွေပါပါတယ်။ ဒီနှစ်မှာ မနှစ်ကနဲ့တောင် မတူတဲ့ တိုးတက်ပြောင်းလဲမှုတွေကို တွေ့ရပါတယ်။

မြန်မာနိုင်ငံရဲ့ လက်ရှိစီးပွားရေး အနေအထားကို သုံးသပ်ရင် အခြေအနေကောင်းနေတာကတော့ ရှေ့လာမယ့်နှစ်တွေအတွင်းမှာ မြန်မာနိုင်ငံရဲ့ စီးပွားရေးက ၈ ရာခိုင်နှုန်း ဒါမှမဟုတ် ၉ ရာခိုင်နှုန်းလောက် တိုးတက်သွားလိမ့်မယ်လို့ မြင်ပါတယ်။ အပြည်ပြည်ဆိုင်ရာက စီးပွားရေး ရင်းနှီးမြှုပ်နှံသူတွေရော နောက် မြန်မာနိုင်ငံအတွက်ပါ အလားအလာကောင်းနိုင်ပါတယ်။ ပြီးခဲ့တဲ့ ရွေးကောက်ပွဲတုန်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နိုင်မယ်ဆိုတာသိပေမယ့် သောင်ပြို ကမ်းပြိုအထိနိုင်မယ်လို့တော့ မထင်ထားပါဘူး။ ပြည်တွင်းငြိမ်းချမ်းရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး၊ အစိုးရသစ်ရဲ့ စွမ်းဆောင်ရည်နဲ့ စီးပွားရေးဆိုင်ရာမူဝါဒတွေ ဘယ်လိုဖြစ်လာနိုင်သလဲ ဆိုတာတော့ သိချင်ပါတယ်။ အစိုးရသစ်ရဲ့ ဆောင်ရွက်ချက်တွေကို နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ ဘယ်လို မျှော်မှန်းနိုင်တယ်ဆိုတာမျိုးကို အစိုးရသစ်ရဲ့ ဆောင်ရွက်ချက်ထဲမှာ မတွေ့ရသေးဘဲ ဝေဝေဝါးဝါးဖြစ်နေပါတယ်။

**Stephane Lamoureux**
**(Chief Executive Officer)**
**KBZ Gateway Company Ltd.**

Gateway က မြန်မာနိုင်ငံမှာ အဓိက လုပ်ဆောင်နေတဲ့ ဘဏ်လုပ်ငန်းစနစ်တွေမှာ တိုးတက်မြန်ဆန်လာအောင် Digital Infrastructure ပိုင်းကို လုပ်ဆောင်သွားမှာပါ။ အဲ့ဒါတွေပြီးသွားရင် အပြင်ဘက် Commercial ကုန်သွယ်မှုအပိုင်းတွေမှာပါ လုပ်ဆောင်သွားမှာပါ။ ကျွန်တော်တို့ အဓိက က ဗဟိုဘဏ်နဲ့ ပူးပေါင်းပြီး ဗဟိုဘဏ်ရဲ့လုပ်ငန်းတွေမှာ ပိုမို မြန်ဆန်အောင်မြင်ဖို့အတွက် လုပ်ဆောင်သွားဖို့ ရှိပါတယ်။ ကျွန်တော်တို့ အဓိကလုပ်ဆောင်နေတာက မိုဘိုင်းဖုန်းတွေနဲ့ ဘဏ်လုပ်ငန်းစနစ်တွေ ချိတ်ဆက်နိုင်ဖို့ လုပ်ဆောင်နေပါတယ်။ လောလောဆယ် အစိုးရနဲ့ ပူးပေါင်းပြီး အခြားစီးပွားရေးလုပ်ငန်းရှင်တွေ အဆင်ပြေအောင် လုပ်ဆောင်သွားဖို့ရှိပါတယ်။

နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူတွေ များများပိုဝင်လာရင် မြန်မာနိုင်ငံရဲ့စီးပွားရေးက ကောင်းမယ်။ နိုင်ငံတကာ ဘဏ်တွေ ဝင်လာရင် သူတို့က ဟိုဘက်ဈေးကွက်မှာ အခိုင်အမာရှိပြီးသားပါ။ မြန်မာနိုင်ငံကို သူတို့ဝင်လာရင် သူတို့ယူလာတဲ့ နည်းပညာတွေနဲ့ ဘဏ်နဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေရရှိမှာဖြစ်လို့ ပြည်တွင်းဘဏ်တွေအတွက် အကျိုးရှိမှာပါ။ ဘဏ်တိုးနှုန်းကို လျှော့ချဖို့ရှိလား၊ အပေါင်ပစ္စည်း မယူဘဲ SMEs သမားတွေကို ငွေချေးပေးသွားမလားဆိုရင် ဒီမှာရှိတဲ့ ဘဏ်တွေအားလုံးက ဗဟိုဘဏ်ရဲ့ စည်းမျဉ်း၊ စည်းကမ်းတွေကို လိုက်နာရပါတယ်။ အဲ့ဒီအတွက် ဗဟိုဘဏ်က ဘယ်လိုသွားမလဲ။ ဘယ်လိုလုပ်မလဲဆိုတဲ့အပေါ်မှာပဲ မူတည်ပြီးသွားဖို့ရှိပါတယ်။



Myanmar Summit 2016 ကျင်းပစဉ်

**တွေ့ဆုံမေးမြန်း**
**ရဲခေါင်ညွန့်**
**ဓာတ်ပုံ - ဖိုးထောင်**

# ဖြုတ်သန်းခဲ့ရသည့် ဝန်ထမ်းဘဝ

**မြင့်ဆွေဦး**

**နိုင်ငံ့ဝန်ထမ်း (အကြီးတန်း)ဆိုသည်မှာ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် အုပ်ချုပ်ရေးဘက်တွင် တာဝန်ထမ်းဆောင်ရန် ရာထူးဝန်အဖွဲ့က ရွေးချယ်ခန့်ထားလေသည်။ ထိုရာထူးမှာ ဗြိတိသျှတို့က တီထွင်ခဲ့ခြင်းဖြစ်သည်။ ဗြိတိသျှတို့က သိမ်းပိုက်ကိုလိုနီလုပ်ထားသောနိုင်ငံများတွင် အုပ်ချုပ်ရေးလွယ်ကူစေရန် တိုင်းရင်းသားထဲမှ ပညာတတ်ပုဂ္ဂိုလ်များကို ရွေးချယ်၍အုပ်ချုပ်ရေးသင်တန်းများပေးခဲ့သည်။ ထိုဝန်ထမ်းများမှာ ICS ဟူ၍ အမည်တွင်သည်။**

မြန်မာနိုင်ငံတွင် ထင်ရှားသော နိုင်ငံ့ဝန်ထမ်း ICS များ အများအပြား ပေါ်ထွက်လာခဲ့သည်။ ဦးစိန်တင် (သိပ္ပံမောင်ဝ)၊ ဦးကျော်မင်း၊ ဦးချမ်းသာ၊ ဦးတင်ထွတ် စသည်တို့ဖြစ်သည်။ ထိုသူများသည် နိုင်ငံ့ဝန်ထမ်းအဖြစ် မြို့အုပ်၊ နယ်ပိုင်ဝန်ထောက်၊ အရေးပိုင်၊ အတွင်းဝန် စသည့် ရာထူးများဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ကြသည်။

ဦးစိန်တင် (သိပ္ပံမောင်ဝ) သည် သူ၏နိုင်ငံ့ဝန်ထမ်းဘဝ အတွေ့အကြုံများကို မောင်လူအေး ဇာတ်ကောင်မွေး၍ စာအမြောက်အမြားရေးသားခဲ့သည်။ ထို့အတူ ဦးကျော်မင်းလည်း ရခိုင်ပြည်နှင့် ရခိုင်လူမျိုး အကြောင်းကို The Arakan State ဟူ၍ ရေးသားမှတ်တမ်းတင်ခဲ့သည်။ ဦးချမ်းသာကလည်း သူ့ကိုယ်ရေးအတ္ထုပ္ပတ္တိကို ရေးသားခဲ့သည်။ ဦးတင်ထွတ်ကလည်း The Burmese Review ဂျာနယ်ကို ထုတ်ဝေခဲ့ပြီး ဆောင်းပါးများရေးသားခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် အစိုးရကလည်း မြန်မာနိုင်ငံဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးခဲ့သည်။ ယင်းတို့ကို BCS များအဖြစ် ခန့်ထားခြင်းဖြစ်သည်။ ထို BCS များတွင် ထင်ရှားသူတစ်ဦးမှာ ဦးထွန်းတင် (မန်းတင်) ဖြစ်သည်။ ဆရာမန်းတင်သည် သိပ္ပံမောင်ဝလို ဇာတ်ကောင်တစ်ကောင်မွေး၍ သူ၏နိုင်ငံ့ဝန်ထမ်းအတွေ့အကြုံများကို မှတ်တမ်းတင်ခဲ့သည်။

ဆရာမန်းတင်က ဇာတ်ကောင် မောင်ပြုံးချိုကို မွေး၍ 'ထိုသုံးနှစ်၊ ပြုံးတမဲ့မဲ့၊ မြို့ပိုင်မောင်ပြုံးချို၊ နယ်ပိုင်မောင်ပြုံးချို' တို့ကို ရေးသားခဲ့သည်။ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိဖြစ်သော ပထမအရွယ်၊ ဒုတိယအရွယ်တို့ကို ရေးသားခဲ့သည်။ ဒုတိယအရွယ်-၂ ကိုလည်း ရေးသားခဲ့ရာ လွတ်လပ်ရေးရပြီးစ ရောင်စုံသူပုန်များ ထကြွသောင်းကျန်းခဲ့စဉ် တာဝန်ထမ်းဆောင်ခဲ့ရပုံများကို မှတ်တမ်းတင်ခဲ့သည်။

နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်လာခဲ့ပြီး လွတ်လပ်ရေးရပြီးစမှစ၍ တာဝန်ထမ်းဆောင်ခဲ့ရပုံများကို မှတ်တမ်းတင်သူတစ်ဦး ပေါ်လာလေသည်။ ထိုသူမှာ ဦးမောင်မောင်သောင်း ဖြစ်သည်။ ၁၉၄၉ ခုနှစ် အင်းစိန်ကို ကရင်သောင်းကျန်းသူများ သိမ်းပိုက်ထားချိန်တွင် ဦးမောင်မောင်သောင်းသည် တက္ကသိုလ်ကျောင်းသားတစ်ဦး ဖြစ်သည်။ ထိုစဉ် တက္ကသိုလ်ကျောင်းကို အခြေအနေအရ ပိတ်လိုက်ရသည်။ ထိုအခါ တချို့က အိမ်ပြန်ကြသော်လည်း ဦးမောင်မောင်သောင်းက ကျောင်းမှာပင် ဆက်နေခဲ့သည်။ အဆောင်တွင် နေခွင့်သာပေးပြီး စားသောက်ရေးကိုမူ မိမိဘာသာ စီစဉ်ကြရလေသည်။ မွေးဇာတိဖြစ်သော သထုံကို ကရင်သောင်းကျန်းသူများက သိမ်းပိုက်ထားသဖြင့် ကျောင်းအဆောင်မှာ ဆက်နေပြီး စားသောက်မှုအဆင်ပြေရန် အလုပ်ရှာရလေသည်။ ကျောင်းပြန်ဖွင့်သောအခါ ကျောင်းပြန်တက်ကာ တနင်္ဂနွေနေ့တွင် အလုပ်လုပ်၍ ကျောင်းတက်ရသည်။

၁၉၅၁ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရပြီးနောက် သမိုင်းဌာနတွင် နည်းပြအဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၅၃ ခုနှစ်တွင် နည်းပြကထိကအဖြစ် တိုးမြှင့်ခဲ့ရပြီး မော်လမြိုင် ဥပစာကောလိပ်သို့ ပြောင်းရွှေ့ခဲ့ရသည်။ ထို့နောက် ရန်ကုန်တက္ကသိုလ်သို့ ပြန်လည်ပြောင်းရွှေ့ခဲ့ရသည်။

ရန်ကုန်တက္ကသိုလ်သို့ ပြန်ရောက်ပြီး မကြာခင်မှာပင် ဦးမောင်မောင်သောင်းသည် မြန်မာနိုင်ငံ့ဝန်ထမ်း (အကြီးတန်း) BCS Senior Branch အတွက် ရေးဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုသည်။ ရေးဖြေနှင့် လူတွေ့မေးမြန်းခြင်းပြီးဆုံးပြီးနောက် အရွေးခံရသည့်လူများကို ရာထူးဝန်အဖွဲ့က ထုတ်ပြန်သောအခါ အရွေးခံရသူများစာရင်းတွင် ဦးမောင်မောင်သောင်းပါဝင်ခဲ့သည်။ အလုပ်သင်အဖြစ် မန္တလေးတိုင်းသို့ စေလွှတ်သည့် အမိန့်ပါ တစ်ပြိုင်တည်းထွက်လာသည်။

၁၉၅၄ ခုနှစ် ဧပြီလ ၂၁ ရက်နေ့၌ ဦးမောင်မောင်သောင်းအား မြန်မာနိုင်ငံဝန်ထမ်းအကြီးတန်းအဖြစ် ခန့်အပ်သည့် အမိန့်ကြော်ငြာထွက်လာလေသည်။ ဦးမောင်မောင်သောင်းသည်




မန္တလေးသို့ ရောက်ရှိလာပြီး တစ်ပတ်ခန့်အကြာတွင် တိုင်းမင်းကြီးရုံးမှ ဦးမောင်မောင်သောင်းအား မိတ္ထီလာသို့ အလုပ်သင်အဖြစ် ပို့လိုက်လေသည်။

မြန်မာနိုင်ငံ ဝန်ထမ်းအကြီးတန်းအနေဖြင့် ငွေတိုက်လုပ်ငန်း၊ မြေစာရင်းဌာနလုပ်ငန်း၊ အခွန်ဌာနလုပ်ငန်း၊ တရားရေးဌာနလုပ်ငန်း၊ ရဲလုပ်ငန်းစသည်တို့ကို သက်ဆိုင်ရာဌာနအကြီးအကဲများနှင့် ဌာနဆိုင်ရာဝန်ထမ်းများထံမှ စာတွေ့လက်တွေ့သင်ယူမှတ်သားရသည်။ မြန်မာနိုင်ငံ ဝန်ထမ်း (အကြီးတန်း) (အငယ်တန်း) အားလုံး ဌာနဆိုင်ရာစာမေးပွဲ ဖြေဆိုရသည်။ ဌာနဆိုင်ရာစာမေးပွဲဖြေဆိုအောင်မြင်ခြင်းမရှိပါက အမြဲတမ်းခန့်ထားခံရမှု မရရှိနိုင်ပေ။ ထို့ကြောင့် အလုပ်သင်ဝန်ထမ်းများ ဌာနဆိုင်ရာ စာမေးပွဲဖြေဆိုအောင်မြင်ဖို့ ကြိုးစားရသည်။

မြန်မာနိုင်ငံ ဝန်ထမ်း (အကြီးတန်း)များသည် ငွေတိုက်ဆိုင်ရာစာမေးပွဲဖြေဆိုအောင်မြင်ခြင်းမရှိပါက ရာထူးတိုးမြှင့်ခြင်းမခံရပေ။ ဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ယူရာတွင် အလုပ်သင်ဝန်ထမ်းများအကြောက်ဆုံးမှာ ငွေတိုက်လုပ်ငန်းနှင့် ငွေတိုက်ဆိုင်ရာဘာသာရပ်စာမေးပွဲ အောင်မြင်ရန်ဖြစ်သည်။ အလုပ်သင်ဝန်ထမ်းအနေဖြင့် မြေစာရင်းဌာန၏လုပ်ငန်းရပ်များ၊ အခွန်ဌာနဆိုင်ရာလုပ်ငန်းများ၊ တရားရေးဆိုင်ရာလုပ်ငန်းများနှင့် ရဲဘက်ဆိုင်ရာလုပ်ငန်းများကို လက်တွေ့လေ့လာဆည်းပူးရလေသည်။

ဦးမောင်မောင်သောင်း မြန်မာနိုင်ငံဝန်ထမ်း အကြီးတန်းအဖြစ် တာဝန်ထမ်းဆောင်သည့်ကာလသည် မြန်မာနိုင်ငံအနှံ့တွင် သောင်းကျန်းသူများကြောင့် မငြိမ်မသက်ဖြစ်နေချိန်ဖြစ်သည်။ ထိုအချိန်တွင် နယ်မြေငြိမ်ဝပ်ပိပြားရေးအတွက် နယ်မြေများကို ကိုယ်တိုင်ဆင်း၍ ဆောင်ရွက်ရသည်။ သက်စွန့်ဆံဖျားအမှုထမ်းရလေသည်။ သောင်းကျန်းသူများ မင်းမူနေသည့် ဒေသများသို့ သွားရောက်ခဲ့ရပြီး ညအိပ်ညနေအမှုထမ်းခဲ့ရသည်။

ဦးမောင်မောင်သောင်းသည် အတွင်းဝန်ကလေးဘဝမှ ဒုတိယအတွင်းဝန်အဆင့်သို့ ရာထူးတိုးမြှင့်ခဲ့ရပြီး အမျိုးသားစီမံကိန်းဝန်ကြီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရလေသည်။ ထိုသို့တာဝန်ထမ်းဆောင်နေစဉ် ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော စစ်အစိုးရအဖွဲ့သည် နိုင်ငံတော်အချုပ်အခြာအာဏာကိုသိမ်းကာ စစ်အစိုးရဖွဲ့စည်းလိုက်သည်။ အရပ်သားအစိုးရအဖွဲ့ဝင် ဝန်ကြီးများကိုလည်း ဖမ်းဆီးချုပ်နှောင်လိုက်လေသည်။

စစ်အစိုးရသည် ၁၉၆၃ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ထူထောင်လိုက်ပြီး ဝန်ထမ်းများအားလုံး မဆလပါတီဝင်ရမည်ဟု ညွှန်ကြားလာသည့်အခါ မဆလပါတီသို့ မြန်မာနိုင်ငံဝန်ထမ်းများ BCS များ ဝင်သင့်မဝင်သင့် ဆွေးနွေးကြလေသည်။ ထိုအခါ ဦးမောင်မောင်သောင်းက 'ကျွန်တော်တို့ BCS ဝန်ထမ်းများသည် မည်သည့်နိုင်ငံရေးပါတီကိုမျှ ပါတီဝင်အဖြစ်မဝင်ရ၊ နိုင်ငံရေးပါတီစွဲကင်းသည့် ဝန်ထမ်းဖြစ်ရမည်ဟု မြန်မာနိုင်ငံဝန်ထမ်းအစဉ်အလာရှိခဲ့ပါသည်။ တက်လာသည့် အစိုးရအပေါ်သစ္စာရှိရှိတာဝန်ကျေအောင် ထမ်းဆောင်ရန်သာဖြစ်သည်ဆိုသည့် BCS တို့၏ အစဉ်အလာကျင့်စဉ်တစ်ရပ်ဖြစ်သည်' ဟု တင်ပြခဲ့လေသည်။ ပါတီဝင်ပြီး ပါတီ၏အခွင့်အရေးယူမည်၊ ရာထူးရာခံလည်းယူမည်ဆိုပြီး မဆလပါတီဝင်ခဲ့ကြပါသည်။ ထိုအထဲတွင် ဦးမောင်မောင်သောင်းက မပါခဲ့ပေ။ သို့သော် အတွင်းဝန်ချုပ် ဦးဝင်းဖေက 'မင်းတို့ဘာညာ ဆင်ခြေတက်မနေနဲ့၊ ပါတီဝင်ခွင့်လျှောက်လွှာအပေါ် အကုန်လုံးလက်မှတ်ထိုးတင်ကြ' ဟု ညွှန်ကြားလာသဖြင့် ပါတီဝင်လိုသည့် ဆန္ဒ မရှိဘဲ လက်မှတ်ရေးထိုးခဲ့ရသည်ဟု ဦးမောင်မောင်သောင်းက ရေးသားခဲ့သည်။

မဆလခေတ်တွင်လည်း သောင်းကျန်းသူများကြားထဲသို့ သွားရောက်ခဲ့ရသည်။ ထို့ထက်ဆိုးသည်မှာ တပ်ကရောက်လာသည့် အုပ်ချုပ်ရေးတာဝန်ယူနေကြသော စစ်ဗိုလ်များနှင့်အတူ တာဝန်ထမ်းဆောင်နေရခြင်းကိုလည်း မကျေမနပ်ဖြင့် ရေးသားခဲ့လေသည်။ မဆလပါတီနှင့် စစ်တပ်ကပုဂ္ဂိုလ်များသည် လူထုအပေါ် မထင်ရင်မထင်သလို မတရားဖမ်းဆီးနှိပ်စက်တတ်ကြလေသည်။

ခရိုင်ရာဇဝတ် တရားသူကြီးနှင့် ခရိုင်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူနေစဉ် ဘုတလင်ရဲစခန်းက သက်ကြီးရွယ်အိုအဘွားကြီး၊ ကလေးနှင့် ကလေးမိခင်ပါ အပ်ချိတ်၊ ကြယ်သီး၊ ဆံညှပ်တို့ကို သယ်ဆောင်လာသည့်အတွက် အချုပ်ခံနေရကြောင်း ကြားသိရသဖြင့် ကိုယ်တိုင်ရဲစခန်းသို့သွားရောက်ပြီး မေးမြန်းလေသည်။ ဆစတက ဥပဒေနှင့်ငြိစွန်းခြင်းမရှိသဖြင့် ဖမ်းဆီးချုပ်နှောင်ထားခြင်းမှလွှတ်ပေးရန်ပြောသည်ကို စခန်းမှူးက မလိုက်နာပါ။ ထို့ကြောင့် တိုင်းမင်းကြီးထံ ထိုအကြောင်းကို အစီရင်ခံလိုက်ပါသည်။ တိုင်းမင်းကြီးက ဒေသပါတီဥက္ကဋ္ဌထံ အဖြစ်အပျက်ပြောပြသဖြင့် ဒေသပါတီ ဥက္ကဋ္ဌက ညွှန်ကြားသဖြင့် ဖမ်းဆီးချုပ်နှောင်ထားသော အဘွားအို၊ ကလေးမိခင်နှင့် ကလေးတို့ကို လွှတ်ပေးလေသည်။

ဦးမောင်မောင်သောင်းသည် မဆလပါတီနှင့် တတ်နိုင်သလောက် ကင်းကင်းနေခဲ့သဖြင့် ပါတီအကြီးအကဲများက အမြင်မကြည်ဖြစ်လာခဲ့သည်။ နမခတိုင်းမှူး ဗိုလ်ချုပ်စိန်လွင် မုံရွာသို့ ရောက်လာသည့်အခါ ခရိုင်ရဲဝန်က ဆစတကဥပဒေနှင့်ပတ်သက်သည့် အမှုအတော်များများကို တရားစွဲဆိုရန် ခလကသို့တင်ပြခဲ့ရာ ခလကဥက္ကဋ္ဌက ခွင့်မပြုသဖြင့် တရားစွဲဆို၍မရကြောင်း တင်ပြကြသည်။ ထိုအခါ ဦးမောင်မောင်သောင်းက 'ဆစတက ဥပဒေအရ တရားစွဲဆိုခွင့်ပြုရန် တင်လာသောအမှုများမှာ ယစ်မျိုးအမှုမရှိ အမှုရှာသကဲ့သို့ သီလရှင်များ တစ်အိမ်ဝင်တစ်အိမ်ထွက် အလှူခံထားသည့် ဆန်၊ ပဲ၊ မြို့ပေါ်ကျောင်းလာနေသည့် ကလေးများအတွက် မိဘများက သယ်ဆောင်လာသည့် ဆန်၊ ပဲ စသည်တို့ကို သယ်ဆောင်လာသူများကို အမှုဖွင့်တရားစွဲဆိုခွင့်တောင်းခြင်းဖြစ်၍ ခွင့်မပြုခြင်းဖြစ်ကြောင်း၊ ရထားတွဲ၊ လော်လီကား၊ မော်တော်များဖြင့် စင်းလုံးတွဲဖြင့် ဆစတက ဥပဒေနှင့်မလွတ်ကင်းသည့် ပစ္စည်းများတင်ဆောင်သွားသည့် အမှုမျိုးကို တစ်ခုမျှမတင်လာခဲ့ပါ။ ယစ်မျိုးအမှုရှာသကဲ့သို့ တရားစွဲရန်တင်လာသဖြင့် ခွင့်မပြုခြင်းဖြစ်ကြောင်း ပြောဆိုရှင်းလင်းခဲ့လေသည်။

မဆလပါတီက အုပ်ချုပ်ရေးစနစ်သစ်အဖြစ် တီထွင်ဖန်တီးခဲ့ပြီး ထိုကာလအတွင်း ဖမ်းဆီး စစ်ဆေးပိုင်ခွင့်ရှိသည့် ဝန်ထမ်းအချို့နှင့် အာဏာပိုင်အဖွဲ့အစည်းအဖွဲ့ဝင်အချို့တို့ ပူးပေါင်း၍ ဆစတကဥပဒေကိုခုတုံးလုပ်ပြီး စားဝတ်နေရေးအတွက် ကောင်းရောင်းကောင်းဝယ်ပြုလုပ်နေကြသူများအား ဖမ်းဆီးနှိပ်စက်အနိုင်ကျင့်၊ ဘဝပျက်အောင်လုပ်ခဲ့ကြလေသည်။ ထိုသို့သော ရက်စက်ယုတ်မာသည့် လုပ်ရပ်များကို ပါတီအကြီးအကဲနှင့် ပြည်သူ့ကောင်စီအကြီးအကဲများကလည်း တားမြစ်စစ်ဆေးအရေးယူမှု မလုပ်ခဲ့ကြပါ။

ထိုသို့ မဆလခေတ်တွင် မြန်မာနိုင်ငံဝန်ထမ်း (အကြီးတန်း) တာဝန်ထမ်းဆောင်ခဲ့ရပြီး နောက်ပိုင်းတွင် တရားရေးဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသည့် ဦးမောင်မောင်သောင်းက ဝန်ထမ်းလောကတွင် အကျင့်ပျက်လာကြပုံ၊ အရှက်သိက္ခာမရှိကြပုံ၊ ပါတီနှင့်ပေါင်း၍ မဟုတ်တာမှန်သမျှလုပ်ကိုင်လာကြပုံများကို 'ဖြုတ်သန်းခဲ့ရသည့် ဝန်ထမ်းဘဝ' တွင် ရေးသားတင်ပြထားလေသည်။ ထိုစာအုပ်ကို 'စာအုပ်ဈေးစာအုပ်တိုက်'မှ ၂၀၁၆ မေလတွင် ထုတ်ဝေခဲ့လေသည်။

**ဦးမောင်မောင်သောင်း မြန်မာနိုင်ငံဝန်ထမ်းအကြီးတန်းအဖြစ် တာဝန်ထမ်းဆောင်သည့်ကာလသည် မြန်မာနိုင်ငံအနှံ့တွင် သောင်းကျန်းသူများကြောင့် မငြိမ်မသက်ဖြစ်နေချိန်ဖြစ်သည်။ ထိုအချိန်တွင် နယ်မြေငြိမ်ဝပ်ပိပြားရေးအတွက် နယ်မြေများကို ကိုယ်တိုင်ဆင်း၍ ဆောင်ရွက်ရသည်**

# သစ်သီးဝလံအခြေခံစားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း သီပေါ၌ဖွင့်

**သီပေါ ဇွန် ၁၆**

ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(ကျောက်မဲ) က ကြီးမှူး၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သစ်သီးဝလံ အခြေခံစားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၃ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ရွှေကျောင်းရိပ်သာ၌ ကျင်းပရာ မြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာမှ လိမ္မော်၊ ရှောက်ချိုနှင့် နာနတ်သီးနှံများ စိုက်ပျိုးထုတ်လုပ်လျက်ရှိသော ဒေသခံတိုင်းရင်းသားလူငယ်မောင်မယ် ၅၀ ကျော်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်က အမှာစကားပြောကြားပြီး ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းအုပ် ဒေါ်နွယ်နီက သစ်သီးဝလံ အခြေခံစားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယခုကဲ့သို့မိမိတို့ဒေသ ခြံထွက်သီးနှံများကိုဖျော်ရည်၊ ယိုမျိုးစုံ၊ ဆော့စ်နှင့်ဂျယ်လီစသည့် နည်းပညာများကို စနစ်တကျသင်ကြားပေးသော အသက်မွေးပညာသင်တန်းကျောင်းအား ဒေသခံများက ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်အား တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်ဖြစ်သူ အိန္ဒိယအမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် (ဝန်ကြီးချုပ်ရုံး ဝန်ကြီး) မစ္စတာ အာဂျစ်ဒိုဘယ်လ်အား ဗေဟျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီ ပထမသက်တမ်းကာလမှ ဒုတိယသက်တမ်းသို့ အေးအေးချမ်းချမ်းဖြင့် အောင်မြင်စွာ လွှဲပြောင်းခဲ့မှုနှင့် တည်ငြိမ်စွာဆက်လက်လုပ်ဆောင်မှုအခြေအနေများ၊ ငြိမ်းချမ်းရေးကိစ္စရပ်များ၊ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ဆက်ဆံမှုမြှင့်တင်ရေး၊ နယ်စပ်ဒေသစီမံခန့်ခွဲမှုဆိုင်ရာများနှင့် နယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာများအား ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး ယာယီတာဝန်ခံ၊ စစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(မြဝတီ)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်ဖြစ်သူ အိန္ဒိယအမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် (ဝန်ကြီးချုပ်ရုံး ဝန်ကြီး) မစ္စတာ အာဂျစ်ဒိုဘယ်လ်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ပြခန်းများလှည့်လည်ကြည့်ရှု




**နေပြည်တော် ဇွန် ၁၆**

ပြင်သစ်နိုင်ငံတွင် ရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဇွန် ၁၄ ရက် နံနက်ပိုင်းက ပြင်သစ်နိုင်ငံတွင်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာကာကွယ်ရေး၊ မြေပြင်နှင့် ဝေဟင်လုံခြုံရေးဆိုင်ရာပြပွဲ " Eurosatory 2016 " သို့ရောက်ရှိပြီး Hall -6 ခန်းမအတွင်း ခင်းကျင်းပြသထားသော ကုမ္ပဏီပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**(မြဝတီ)**

❖ *ကျောဖုံးမှ*

ဖြစ်သည်။ လေးချီစိန်ခေါ်ပွဲများတွင် ကောင်းကောင်း (မြိုင်ကလေး ဘိုလပ်မြေစက်ရုံ)နှင့် ဖိုက်တာ(အဖြူရောင်သွေးသစ်)၊ ဆလိုင်းချမ်းမြေ့ကို (ထွန်းသွင်)နှင့်ကျော်စွာထွန်း (ရွှေသောင်ရင်း)တို့ စိန်ခေါ်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး ငါးချီစိန်ခေါ်ပွဲများတွင် ဒေါင်းဖြူ(မင်းဒင်)နှင့် သိန်းစိုး(အဖြူရောင်သွေးသစ်)၊ ထွန်းလွင်မိုး(နဂါးမာန်)နှင့် ဂျိုကာ(မြိုင်ကလေးဘိုလပ်မြေစက်ရုံ) တို့ ထိုးသတ်ကြမည်ဖြစ်သည်။

"ကျွန်တော်တို့ မနှစ်က အိုလံပစ်နေ့မှာစခဲ့တဲ့ မျိုးဆက်သစ်ပွဲဟာ ဒီနှစ်အိုလံပစ်နေ့မှာ တစ်နှစ်ပြည့်ပါပြီ။ မျိုးဆက်သစ်ရိုးရာလက်ဝှေ့ကစားသမားတွေကို မျှော်လင့်ထားတာထက် ပိုမိုမွေးထုတ်ပေးနိုင်ခဲ့သလို ရိုးရာကလပ်အသင်းတွေကိုလည်း ၁၃ ခုကနေ ၃၀ အထိ များပြားအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပြည်ပက ကိုယ်ခံပညာပြိုင်ပွဲတွေ မြန်မာနိုင်ငံကို လာရောက်ထိုးဖောက်နေချိန်မှာ ရိုးရာလက်ဝှေ့ကျော် တောင်ကြီးကြံ့ကြံ့ခံနိုင်ဖို့ ကျွန်တော်တို့ ကြိုးစားနေပါတယ်။ ရိုးရာချစ်တဲ့ ပရိသတ်ကြီးကလည်း ကိုယ့်ရိုးရာအမွေအနှစ်ကို တစိုက်မတ်မတ်နဲ့ရပ်တည်ပြီး အမြဲအားပေးနေဖို့လိုပါတယ်"ဟု မျိုးဆက်သစ်ပွဲများကို စဉ်ဆက်မပြတ်စီစဉ်နေသည့် မြန်မာမီဒီယာဂရု(ပ်)မှ ဦးဝဏ္ဏ(မာဂျေ)က ပြောကြားသည်။

ယင်းပွဲတွင်ထိုးသတ်မည့် လက်ဝှေ့ကျော်များသည် မျိုးဆက်သစ်ပွဲများမှ မွေးထုတ်ပေးလိုက်သော ရိုးရာလက်ဝှေ့သွေးသစ်များဖြစ်ပြီး ဒေါင်းဖြူ၊သိန်းစိုးနှင့် ဂျိုကာတို့မှာ ရွှေခါးပတ်လုပွဲတွင် ဝင်ရောက်ထိုးသတ်မည့်သူများဖြစ်သလို ထွန်းလွင်မိုး(နဂါးမာန်)မှာလည်း ကမ္ဘာ့ချန်ပီယံလုပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မည့်သူဖြစ်ကြောင်း သိရသည်။ ယခုကျင်းပမည့် အိုလံပစ်နေ့အထိမ်းအမှတ် မျိုးဆက်သစ်ပွဲမှာ အခမဲ့ပွဲဖြစ်သော်လည်း ငါးချီပွဲများပါဝင်မည်ဖြစ်သလို မော်ဒယ်များလည်း ပါဝင်မည်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

❊ *ကျောဖုံးမှ*

ဦးစိုးဝင်း၏ ပြောကြားချက်အရ သိရသည်။

ဝမ်းတွင်းမြို့နယ်တွင် ယခင်က လယ်များ၊ မြောင်းများအတွင်း ခြင်းများဖြင့် ငါးရှဉ့်ဖမ်းခြင်းကို လုပ်ကိုင်ခဲ့ကြပြီး ဈေးကွက်အနေဖြင့် ကူမဲမြို့ပေါ်ရှိ အဝယ်ဒိုင်များသို့ သွားသွင်းရကာ ယခုလို စီးပွားဖြစ်မွေးမြူရေးလုပ်ကိုင်ခြင်းအားဖြင့် ဒေသတွင်းမှ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေသည့်အပြင် စီးပွားဖြစ်ထုတ်လုပ်ခြင်းကြောင့် ကုန်ပစ္စည်းများပေါများပြီး ကုန်စည်စီးဆင်းမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဌေးလှိုင်(ဝမ်းတွင်း)**

# စံပြလယ်ယာမြေ ဧက ၆၀၀ ပထမ ရက် ၁၀၀ အတွင်း ဖော်ဆောင်မည်

**နေပြည်တော် ဇွန် ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ပထမ ရက် ၁၀၀ အတွင်း နိုင်ငံအနှံ့တွင် ခေတ်မီကေကွက်ပြည့် စံပြလယ်ယာမြေ ဧက ၆၀၀ ဖော်ဆောင်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးမျိုးတင့်ထွန်းထံမှ သိရသည်။

မြန်မာနိုင်ငံ၏ အချို့ဒေသများတွင် ကေကွက်မပြည့်မီသည့် လယ်ကွက်များကြောင့် ရေသွင်းခြင်း၊ ရေထုတ်ခြင်းလုပ်ငန်းများအတွက် အခက်ခဲရှိနေ၍ စံပြလယ်စိုက်ကေ ပြည့်ကွက်များကို စနစ်တကျဖော်ဆောင်ရန် စီစဉ်ရခြင်းဖြစ်ကြောင်း သိရသည်။

ဦးမျိုးတင့်ထွန်းက "ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဒီထက်ကောင်းမွန်တဲ့ လယ်ယာမြေစနစ် နိုင်ငံအနှံ့ ဖြစ်ထွန်းလာအောင် လုပ်ဆောင်သွားဖို့ အစီအစဉ်ရှိပါတယ်။ အစိုးရသစ် ပထမ ရက် ၁၀၀ အတွင်းမှာတော့ ဧက ၆၀၀ ဖော်ဆောင်သွားမှာပါ။ ကေကွက်ပြည့် စံပြလယ်ယာမြေတွေအတွက် ရေထုတ်၊ ရေသွင်းစနစ်၊ နှစ်သီး၊ သုံးသီးစိုက်နိုင်မယ့် စနစ်တွေပါဝင်ပါတယ်။ ကေကွက်တွေ ဖော်ထုတ်တဲ့နေရာမှာ ပုံစံအမျိုးမျိုးရှိနေတဲ့ တောင်သူတွေရဲ့ လယ်ယာမြေတွေကို စုစည်းပေါင်းစပ်ပြီး ဖော်ထုတ်ရတာဆိုတော့ တောင်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုလိုအပ်ပါတယ်"ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "ပြည်ပဈေးငွေ/အထောက်အပံ့တွေ ရရှိခဲ့ရင်လည်း ဒီထက်တိုးချဲ့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အခု ကေကွက်မပြည့်မီတဲ့ လယ်ကွက်တွေကို တောင်သူတွေက စရိတ်ကျခံဖော်ထုတ်ချင်တယ်ဆိုရင် စက်မှုလယ်ယာဦးစီးဌာနက ဆောင်ရွက်ပေးသွားမှာပါ"ဟု ဆက်လက်ပြောသည်။

လက်ရှိ မြန်မာနိုင်ငံတွင် မိုးစပါးနှင့်နွေစပါးစိုက်ပျိုးနိုင်သည့် လယ်ဧက ၁၉ သန်းခန့်သာရှိကာ တစ်နှစ်ဆန်တန်ချိန် ၁၃ သန်းကျော် ထုတ်လုပ်နိုင်ပြီး မြန်မာနိုင်ငံ၏ တစ်နှစ် ဆန်စားသုံးမှုသည် တန်ချိန် ၁၂ သန်းခန့်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စာရင်းများတွင် ဖော်ပြထားသည်။

ရေဦးမြို့နယ်မှ လယ်သမား ဦးအောင်မြင့်သောင်းက "အစိုးရအနေနဲ့ စိုက်ပျိုးနည်းစနစ်ကို ထောက်ပံ့ပေးဖို့လိုသလို တိကျတဲ့ ကေကွက်တွေကို ဖော်ဆောင်ပေးဖို့လိုတယ်။ ကျွန်တော်တို့ဘက်က နွေရာသီဆို ရေရှားတော့ ကေကွက်ဖော်ရင် ရေသွင်းမြောင်း၊ ရေထုတ်မြောင်းတွေပါရင် ရေသွင်း၊ ရေထုတ်လွယ်တယ်။ အဲ့ဒါမျိုး အဆင့်မြင့်လယ်ယာဖော်ဆောင်ရမယ်။ လယ်ကွက်တွေကို ပြန်တိုင်းပြီး တစ်ဧကမပြည့်သူကို ပိုနေတဲ့သူက မြေရောင်းပေးပြီး ကေကွက်ပြန်ဖော်ပေးသင့်တယ်"ဟု အကြံပြုပြောကြားသည်။

**ဖြိုးလွင်အောင်**(AMIA)

## မြန်မာ့ပင်လယ်ပြင်တွင် မိုးသက်လေပြင်းကျပြီး လှိုင်းကြီးနိုင်

**နေပြည်တော် ဇွန် ၁၆**

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**(မိုး/ဇလ)**

# ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ကျောက်ကပ် သွေးသန့်စင်ကုသဌာန ဖွင့်မည်

**ရန်ကုန် ဇွန် ၁၆**

ကျောက်ကပ်သွေးသန့်စင်ကုသမှုခံယူရန် လိုအပ်သောသံဃာတော်နှင့် သီလရှင်များကို ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် အခမဲ့ကုသိုလ်အဖြစ် ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ကျောက်ကပ် သွေးသန့်စင်ကုသဌာနကို မကြာမီဖွင့်လှစ်မည်ဖြစ်ပြီး သွေးသန့်စင်စက်ငါးလုံးဖြင့် ရက်သတ္တတစ်ပတ်လျှင် ခြောက်ရက် ဖွင့်လှစ်၍ ကုသပေးရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်။

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် အထွေထွေရောဂါများသာမက အထူးကုရောဂါ ၁၉ မျိုးကို ကုသပေးလျက်ရှိရာ ၎င်းအနက် ကျောက်ကပ်ဝေဒနာရှင်သံဃာတော်နှင့် သီလရှင်များကိုလည်း ဆီးနှင့်ကျောက်ကပ် အထူးကုသမားတော်ကြီးများဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလမှစ၍ ကြည့်ရှုကုသပေးလျက်ရှိသည်။

ထိုသို့ သံဃာတော်နှင့် သီလရှင်များကို အခမဲ့ကုသိုလ်ဖြစ် ကျောက်ကပ်သွေးသန့်စင်ပေးမှုတွင် ပါဝင်လိုသော အလှူရှင်များအနေဖြင့် ငွေပဒေသာပင်များ၊ ကျောက်ကပ်သွေးသန့်စင်စက်၊ ရေသန့်စင်စက်နှင့် အခြားလိုအပ်သောဆေးဝါးများအတွက် လှူဒါန်းလိုပါက ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် လှူဒါန်းနိုင်ပြီး အသေးစိတ်အခြေအနေကို ဖုန်း ၀၁-၅၅၉၄၃၄၊ ၀၁-၅၄၁၇၉၅ နှင့် ၀၁-၅၅၉၄၃၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်နိုင်ရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၁၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဇွန် ၁၅ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် The Lake Garden Hotel ၌ကျင်းပသည့် CEO Conference သို့တက်ရောက်မည့် မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ ဇတ်ခ်ဟီးလ်ယာဒ်အယ်လ်ဘတ်ခ်ဒေါ်ဂျ်နှင့် ကွန်ဖရင့်မစတင်မီ ခေတ္တနားနေခန်း၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲတွင် မွန်ဂိုလီးယားနှင့် မြန်မာနိုင်ငံတို့အကြား သဘာဝသယံဇာတ အရင်းအမြစ်ကြွယ်ဝမှုချင်းနီးစပ်သည့်အတွက် မွန်ဂိုလီးယားနိုင်ငံ၏ အတွေ့အကြုံ၊ နည်းပညာများကိုရယူပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူပေါင်းဆောင်ရွက်သွားနိုင်ရေး၊ အိမ်နီးချင်းနိုင်ငံများနှင့်သာမက နိုင်ငံတကာသို့ စီးပွားရေးတံခါးဖွင့်ထားပြီးဖြစ်ရာ မွန်ဂိုလီးယားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပါကြောင်းနှင့် နှစ်နိုင်ငံအကြား ကုန်သွယ်ဆက်ဆံမှု တိုးမြှင့်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်

**နေပြည်တော် ဇွန် ၁၆**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၇၈) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲဖွင့်ပွဲ မဟာမင်္ဂလာ အခမ်းအနားကို ၁၃၇၈ ခုနှစ် နယုန်လဆန်း ၁၁ ရက် (၁၆-၆-၂၀၁၆) ရက် ကြာသပတေးနေ့ နံနက် ၁၀ နာရီတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်းကျင်းပရာ စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့အင်းသာ အရှေ့ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိတအမှူးပြုသောသံဃာတော် ၁၉ ပါးတို့ ကြွရောက်တော်မူခဲ့ကြသည်။

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အထောက်အကူပြုအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများ စုစုပေါင်း ၃၀၀ ကျော်တက်ရောက်ခဲ့ကြပြီး ကြွရောက်လာသော သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ပူဇော်ခဲ့ကြသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၇၈) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို ၁၃၇၈ ခုနှစ် နယုန်လဆန်း ၁၁ ရက်နေ့မှစ၍ နယုန်လပြည့်နေ့အထိ (၁၆-၆-၂၀၁၆ ရက်မှ ၂၀-၆-၂၀၁၆ ရက်အထိ) ငါးရက်တိုင် ကျင်းပသွားမည်ဖြစ်၍ ကြွရောက်ကြည်ညို ပူဇော်နိုင်ပါကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို နိုင်ငံတော်၏လိုအပ်ချက်နှင့်အညီ တိုးမြှင့်လေ့ကျင့် မွေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၆**



သူနာပြုနှင့် သားဖွားများသည် လူနာများနှင့် အမြဲထိတွေ့နေရပြီး လူနာများအား စဉ်ဆက်မပြတ် အနီးကပ်ပြုစုစောင့်ရှောက်ပေးနေရသူများဖြစ်သဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် သူနာပြုနှင့် သားဖွားများ၏အခန်းကဏ္ဍသည် အလွန်အရေးကြီးသည့်အတွက် သူနာပြုသားဖွားများ၏အခန်းကဏ္ဍကို မြှင့်တင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်းဖြင့် ဇွန် ၁၅ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသော ဆေးဘက်ဆိုင်ရာလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနအောက်ရှိ တိုင်းဒေသကြီး/ ပြည်နယ်များမှ သူနာပြု၊ သားဖွား၊ နီးနွယ်သင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ကျောင်းအုပ်များညှိနှိုင်းအစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားသည်။

ဆက်လက် ပြောကြားရာတွင် သင်ကြားမှုအပိုင်းတွင် သင်ကြားမှုနည်းစနစ်သည်လည်း အရေးကြီးပါကြောင်း၊ မိမိသိချင်သည်ကို သင်တန်းသား၊ သင်တန်းသူများက ပြန်မေးသည့် အလေ့အကျင့်၊ စာကြည့်တိုက်သို့ သွားရောက်လေ့လာစာဖတ်သည့် အလေ့အကျင့်ရရှိအောင် လေ့ကျင့်သင်ကြားပေးရန်လိုအပ်ပါကြောင်း၊ သူနာပြုများလိုက်နာရမည့် ကျင့်ဝတ်ကိုလည်း ပြန်လည်သုံးသပ်ရန် လိုမည်ဖြစ်ပါကြောင်း။

သင်တန်းကျောင်းများတွင် သင်ကြားပို့ချမည့်သင်ရိုးညွှန်းတမ်းသည် အလွန်အရေးကြီးသည့်အပြင် (Dynamic) ဖြစ်နေရန်လိုအပ်ပြီး သင်ကြားပုံနည်းစနစ်၊ သင်ကြားမည့်ဆရာများ၏စွမ်းရည်တို့သည် အလွန်အရေးကြီးပါကြောင်း၊ သင်ရိုးညွှန်းတမ်းကို ခေတ်ကာလအခြေအနေနှင့် လျော်ညီရန် ပြင်ဆင်သုံးသပ်၍ ပြန်လည်ရေးဆွဲရန်လည်း လိုအပ်ပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ တိုးမြှင့်လေ့ကျင့် မွေးထုတ်ပေးလျက်ရှိရာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်ထိ သူနာပြု၊ သားဖွားဒီပလိုမာ ၃၀၄၁၀၊ ဘက်စုံသားဖွားလက်မှတ်ရနှင့် ဘက်စုံသားဖွားဒီပလိုမာ ၃၆၁၀၁ ဦး၊ အမျိုးသမီးကျန်းမာရေးဆရာမ ၄၅၀၈ ဦး မွေးထုတ်နိုင်ခဲ့ကြောင်း၊ ယခုလက်ရှိ သူနာပြု၊ သားဖွားဒီပလိုမာ (ပထမနှစ်- ၁၈၉၉ ဦး၊ ဒုတိယနှစ်- ၁၅၅၀၊ တတိယနှစ်- ၁၄၀၉)နှင့် ဘက်စုံသားဖွားဒီပလိုမာ (ပထမနှစ်- ၁၄၀၀၊ ဒုတိယနှစ်- ၁၁၈၂ ဦး)၊ အမျိုးသမီးကျန်းမာရေးဆရာမ ၁၅၉ ဦး တိုးမြှင့်ရွေးချယ်ပညာသင်ကြားပေးလျက်ရှိသည့်အတွက် စုစုပေါင်းသင်တန်းသား၊ သင်တန်းသူ ၇၅၉၉ ဦး ပညာသင်ကြားလျက်ရှိကြောင်းနှင့် သူနာပြုများ ပိုမိုမွေးထုတ်နိုင်ရေးအတွက် အဆိုပြုသင်တန်းကျောင်း ၁၄ ကျောင်းတွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ တစ်နှစ်လျှင် နှစ်ကြိမ် ဖွင့်လှစ်သင်ကြားပေးနိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ သူနာပြုသင်တန်းကျောင်း ၂၅ ကျောင်း၊ သားဖွားသင်တန်းကျောင်း ၂၂ ကျောင်း၊ နီးနွယ်သင်တန်းကျောင်းသုံးကျောင်း စုစုပေါင်း ကျောင်း ၅၀အထိ တိုးချဲ့ဖွင့်လှစ်နိုင်ပြီး ဖြစ်ပါကြောင်း။

ယခုအစည်းအဝေးတွင် သင်ကြားရေး၊ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေးကိစ္စရပ်များနှင့်ပတ်သက်၍ တွေ့ကြုံနေရသည့်အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များကို ပြန်လည်ဆန်းစစ်ပြီး ပိုမိုကောင်းမွန်သည့် ရလဒ်ကောင်းများရရှိလာစေရန်ရည်ရွယ်ကာ ပွင့်ပွင့်လင်းလင်းဆွေးနွေးကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (သင်ကြားရေး) ဒေါက်တာတင်ထွန်းက သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများတွင် လိုအပ်လျက်ရှိသည့် သင်ကြားရေးဆိုင်ရာစာအုပ်များ၊ သင်ထောက်ကူပစ္စည်းများ၊ သင်ရိုးညွှန်းတမ်းဆန်းစစ်ခြင်းများနှင့်ပတ်သက်၍ တင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ပြင်သစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ဇွန် ၁၆ ရက် ညနေ ပိုင်းတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြစဉ် (သတင်းစဉ်)



ဂျာမနီနိုင်ငံ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှင့် ပူးပေါင်း ဆောင်ရွက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ နေပြည်တော် အပြည်ပြည် ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ် (သတင်းစဉ်)

# သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ အထွေထွေစီးပွားရေးသမဝါယမအသင်း၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၁၆**




သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ အထွေထွေစီးပွားရေး သမဝါယမအသင်း၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ ဇမ္ဗူသီရိမြို့နယ် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ အသင်းသားများ တက်ရောက်ကြသည်။ **(ယာပုံ)**

အခမ်းအနားတွင် သဘာပတိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးနှင့် ဇမ္ဗူသီရိမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် အတွင်းရေးမှူးက အသင်း၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးရှင်းတမ်းနှင့် အသားတင်အကျိုးခွဲဝေမှုကို ဖတ်ကြားအတည်ပြုချက်ရယူပြီး အထွေထွေဆွေးနွေးတင်ပြကြသည်။

ထို့နောက် အတွင်းရေးမှူးက ရှေ့လုပ်ငန်းစဉ်များကိုဖတ်ကြားတင်ပြပြီး သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

# ဥရောပသမဂ္ဂမှ ဗြိတိန် နုတ်ထွက်ဖြစ်ခဲ့ပါက ဥရောပအနာဂတ်အရေး . . .

**လူလေးဝိုင်း**

ဥရောပကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တပ်ခ်(Donald Tusk)က ဗြိတိန်သာ ဥရောပသမဂ္ဂက နုတ်ထွက်ခဲ့ရင် အနောက်ကမ္ဘာရဲ့ယဉ်ကျေးမှုတစ်ခုလုံး ခြိမ်းခြောက်ခံရနိုင်တယ်လို့ သတိပေးပါတယ်။ သမ္မတအိုဘားမားကလည်း ဗြိတိန်ကို ဥရောပသမဂ္ဂကနေ မနုတ်ထွက်ဖို့ တိုက်တွန်းခဲ့ပါတယ်။ ဗြိတိန်သာ ဥရောပသမဂ္ဂကနေ ခွဲထွက်ခဲ့ရင် ရုရှားသမ္မတ ပူတင်အတွက် ဝမ်းသာစရာကိစ္စဖြစ်မှာလားလို့ မေးခွန်းထုတ်တဲ့သူတွေကလည်း ထုတ်ကြပါတယ်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ် (WTO) ရဲ့ဥက္ကဋ္ဌဟောင်းကလည်း ဗြိတိန်သာ ဥရောပသမဂ္ဂက နုတ်ထွက်ခဲ့ရင် ဗြိတိန်စီးပွားရေးဟာ အကြီးအကျယ်အထိနာလိမ့်မယ်လို့ ဟောကိန်းထုတ်သတိပေးခဲ့ပါတယ်။ ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲကလည်း အလားတူ သတိပေးခဲ့ပါတယ်။ ဗြိတိန်ဗဟိုဘဏ်ဥက္ကဋ္ဌ မာ့ခ်ကာနေ(Mark Carney)ကလည်း လေသံတစ်ထပ်တည်းပြောခဲ့ပါတယ်။ ဂျာမနီနိုင်ငံခြားရေးဝန်ကြီးကလည်း ဗြိတိန်သာ ဥရောပသမဂ္ဂက နုတ်ထွက်ခဲ့ရင် ဥရောပသမဂ္ဂပြိုကွဲရေးကို ဦးတည်သွားနိုင်တယ်လို့ သတိပေးခဲ့ပါတယ်။ Rolls Royce ကုမ္ပဏီအနေနဲ့ ဗြိတိန်ကို ဥရောပသမဂ္ဂထဲမှာဆက်နေစေလိုတဲ့အကြောင်း ဝန်ထမ်းအားလုံးကို အသိပေးချက်ထုတ်ပြန်ခဲ့ပါတယ်။ ကမ္ဘာကြီးကို ဏ္ဍေမရယောက်ယက်ခတ်ပြီး စိုးရိမ်စေတဲ့ဥရောပသမဂ္ဂကနေ ဗြိတိန်ခွဲထွက်ရေးကိစ္စကိုတော့ သိဖို့လိုလာပါပြီ။

ဗြိတိန်နိုင်ငံက ဥရောပသမဂ္ဂမှာ အဖွဲ့ဝင်နိုင်ငံအဖြစ် ဆက်နေမလား(ဒါမှမဟုတ်) နုတ်ထွက်မလားဆိုတာကို ဗြိတိန်ပြည်သူတွေက ဇွန်လ ၂၃ ရက်နေ့ လူထုဆန္ဒခံယူပွဲမှာ အဆုံးအဖြတ်ပေးရတော့မှာပါ။ အမှန်ကတော့ ဘယ်ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံကမှ ဗြိတိန်ကိုဥရောပသမဂ္ဂကနေ နုတ်ထွက်စေချင်တာ မဟုတ်ပါဘူး။ ဒီတော့ ဒီကိစ္စဟာ ဗြိတိန်ပြည်တွင်းနိုင်ငံရေးနဲ့ သက်ဆိုင်နေတယ်ဆိုတာကတော့ ရှင်းရှင်းကြီးပေါ်လွင်နေပါတယ်။ အခုဗြိတိန်ပြည်တွင်းနိုင်ငံရေးမှာ ဗြိတိန်ဥရောပက ခွဲထွက်ရေးကဘာလို့ ဒီလောက်အရေးပါနေတာလဲဆိုတာကို ကြည့်ရအောင်ပါ။ ပထမတစ်ချက်ကိုပြောရရင် ကုန်သွယ်ရေးနဲ့သက်ဆိုင်နေပါတယ်။ ဗြိတိန်ကို ဥရောပသမဂ္ဂထဲမှာ ဆက်နေစေလိုသူတွေက "ဗြိတိန်ဟာဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်နေလို့ ဥရောပဈေးကွက်ကိုတင်ပို့တဲ့အခါ အခွန်အကောက်တွေမပေးရဘူး၊ ကြိုးနီစနစ်ကြောင့် နှောင့်နှေးကြန့်ကြာတာတွေ မရှိဘူး။ ဗြိတိန်ပြည်ပပို့ကုန်ရဲ့ ၅၁ ဒသမ ၄ ရာခိုင်နှုန်းကိုဥရောပကို တင်ပို့နေရတဲ့အတွက် ဒီအချက်ကအရေးကြီးတယ်၊ ဥရောပသမဂ္ဂတစ်ခုလုံးကို ပေါင်းစည်းထားရင် ကမ္ဘာ့စီးပွားရေးမှာ ဒုတိယအကြီးဆုံးအနေအထားရှိတာမို့လို့ ဗြိတိန်ဟာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေနဲ့ ဘယ်နိုင်ငံနဲ့ပဲကုန်သွယ်ကုန်သွယ်အခွင့်အလမ်းသာတယ်"လို့ ယုံကြည်ကြပါတယ်။ ခွဲထွက်လိုသူတွေကတော့"ဗြိတိန်ဟာဥရောပသမဂ္ဂရဲ့ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းတွေကို အဖွဲ့ဝင်နိုင်ငံ ဘဝတုန်းကလို လိုက်နာစရာမလိုတော့ဘူး။ ဥရောပသမဂ္ဂနဲ့ရှေ့ဆက်ဘယ်လို ကုန်သွယ်ဆောင်ရွက်မယ်ဆိုတာကို အချုပ်အနှောင်မရှိ လွတ်လွတ်လပ်လပ်ညှိနှိုင်းဆွေးနွေးနိုင်မယ်။ တရုတ်၊ အိန္ဒိယနဲ့ အမေရိကန် နိုင်ငံတို့လို ကမ္ဘာ့စီးပွားရေးမှာ အရေးကြီးဆုံးနိုင်ငံတွေနဲ့ ကုန်သွယ်ရေးစာချုပ်တွေကို လွတ်လွတ်လပ်လပ်ညှိနှိုင်းချုပ်ဆိုနိုင်တော့မယ်(ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေဟာ ဘယ်နိုင်ငံနဲ့မှ သီးခြားနှစ်နိုင်ငံချင်း ကုန်သွယ်ရေးစာချုပ်ချုပ်ဆိုပိုင်ခွင့်မရှိပါဘူး)" လို့ ရှင်းလင်းပြောဆိုပြီး ခွဲထွက်ရေးကို လှုံ့ဆော်နေကြတာပါ။

ဒုတိယကိစ္စကတော့ ဗြိတိန်နိုင်ငံက အဖွဲ့ဝင်နိုင်ငံအနေနဲ့ဥရောပသမဂ္ဂ ဘတ်ဂျက်ထဲကို ထည့်ဝင်ရတဲ့အဖွဲ့ဝင်ကြေးနဲ့ပတ်သက်ပါတယ်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ်ဆက်နေလိုသူတွေကတော့ "ဗြိတိန်ဟာ အိမ်ထောင်စုတစ်စုချင်းအလိုက် နှစ်စဉ်အဖွဲ့ဝင်ကြေးပေါင် ၃၄၀ ပေးရတယ်။ ဒါပေမယ့် အဲဒီအပေါ်မှာပြန်ရတဲ့အကျိုးအမြတ်က နှစ်စဉ် ပေါင် ၃၀၀၀၀ ရှိတယ်။ ဗြိတိန်က ဥရောပသမဂ္ဂက ခွဲထွက်ခဲ့ရင်လည်း တစ်ခုတည်းသောဥရောပဈေးကွက်မှာ စီးပွားရှာလုပ်ကိုင်ဖို့ဆိုရင် ဥရောပသမဂ္ဂကို နှစ်စဉ် နှုန်းထားတစ်ခုတော့ ဆက်ပေးနေရဦးမှာပဲ"လို့ ရပ်တည်ခံယူထားတာပါ။ ဥရောပသမဂ္ဂက ခွဲထွက်လိုသူတွေကတော့ "ဗြိတိန်ဟာ ဥရောပသမဂ္ဂဘတ်ဂျက်ထဲကို တစ်ပတ်ပေါင်သန်း ၃၅၀ ထည့်ဝင်ပေးနေရတယ်။ ဒီပမာဏဟာ ဗြိတိန်နိုင်ငံမှာရှိတဲ့ ကျောင်းအားလုံးဘတ်ဂျက်ရဲ့တစ်ဝက်လောက်ရှိတယ်။ ခွဲထွက်ခဲ့ရင် ဒီငွေတွေကို သိပ္ပံနဲ့ နည်းပညာဆိုင်ရာသုတေသနတွေနဲ့ စက်မှုကုန်ထုတ်လုပ်ငန်းသစ်တွေ ပေါ်ထွန်းလာရေးမှာ အသုံးချနိုင်မယ်" လို့ ယုံကြည်ကြတာပါ။ တတိယကိစ္စကတော့ ဥပဒေပြဋ္ဌာန်းရေးကိစ္စနဲ့သက်ဆိုင်ပါတယ်။ ဥရောပသမဂ္ဂမှာ အဖွဲ့ဝင်နိုင်ငံအဖြစ် ဆက်နေလိုသူတွေက "ဥရောပသမဂ္ဂက ပြဋ္ဌာန်းလိုက်တဲ့ဥပဒေအများစုဟာအဖွဲ့ဝင်နိုင်ငံ ၂၈ နိုင်ငံရဲ့ အမျိုးမျိုးကွဲပြားနေတဲ့ ဥပဒေတွေကို ဖျက်သိမ်းပြီး တစ်ခုတည်းသော ဥရောပတိုက်လုံးဆိုင်ရာ ဥပဒေတွေဖြစ်လာတယ်။ ဒါကြောင့် ကြိုးနီစနစ်တွေမရှိတော့ဘူး။ စီးပွားရေးလုပ်ငန်းတွေ သွက်သွက်လက်လက်မြန်မြန်ဆန်ဆန်လုပ်နိုင်လို့ ပိုအကျိုးဖြစ်ထွန်းလာတယ်။ ဗြိတိန်က ဥရောပသမဂ္ဂက ပြဋ္ဌာန်းလိုက်တဲ့ဥပဒေတွေထဲမှာ မလိုလားတာရှိခဲ့ရင် ပြင်ဆင်ပြောင်းလဲသွားအောင် ကြိုးပမ်းနိုင်တယ်။ ဘာပူစရာလိုသေးသလဲ" လို့ရှုမြင်သုံးသပ်ထားတာပါ။ ဥရောပသမဂ္ဂက ခွဲထွက်လိုသူတွေကလည်း သူတို့အကြောင်းပြချက်နဲ့သူတို့ခွဲထွက်ရေးက မှန်ကန်တယ်လို့ခံယူထားတာပါ။ ခွဲထွက်ရေးသမားတွေက "ဗြိတိန်သာဥရောပသမဂ္ဂကခွဲထွက်ခဲ့ရင် အလုပ်အကိုင်ခန့်ထားရေးဥပဒေ၊ ကျန်းမာရေးနဲ့လုပ်ငန်းခွင် လုံခြုံရေးရာဥပဒေတွေကို ကိုယ့်စိတ်တိုင်းကျရေးဆွဲပြဋ္ဌာန်းနိုင်မယ်။ ပြောရရင် ဒီဥပဒေတွေဟာ ဗြိတိန်စီးပွားရေးလုပ်ငန်းရှင်တွေက အရေးကြီးတယ်လို့ ခံယူလိုလားနေတဲ့ ဥပဒေတွေပါ"လို့ ထောက်ပြစည်းရုံးလှုပ်ရှားနေကြတာပါ။




**ခွဲမသွားပါနဲ့ (Telegraph ကာတွန်း )**

**အိမ်ပေါ်က ဆင်းမသွားပါနဲ့ကွာ။ မင်းလည်း ပိုပြီးဆင်းရဲဦးမယ်။ ဩဇာကလည်း အရင်ကလောက်ဘယ်ရှိပါ့မလဲ။ မင်းသာအိမ်ပေါ်က ဆင်းသွားလို့ ဥရောပတိုက်မှာ စစ်ပွဲကြီးတွေဖြစ်ရင် ဘယ်လိုလုပ်မလဲ။**

**(ဥရောပနိုင်ငံအချင်းချင်း စီးပွားရေးအရ လက်တွဲဆောင်ရွက်နိုင်ခဲ့ရင် စစ်ပွဲတွေကို ရှောင်ရှားနိုင်မယ်ဆိုတာက ဥရောပသမဂ္ဂ ဖွဲ့စည်းခဲ့ရတဲ့အကြောင်းရင်းတစ်ခုပါ)**

ဗြိတိန်ပြည်သူတွေနဲ့ ဗြိတိန်နိုင်ငံရေးသမားတွေကို ဥရောပသမဂ္ဂက ခွဲထွက်ဖို့ကြိုးပမ်းလာအောင် အဓိကတွန်းအားပေးခဲ့တဲ့ကိစ္စက ဗြိတိန်နိုင်ငံထဲက အခြေချစီးပွားရှာနေထိုင်ကြတဲ့ နိုင်ငံရွှေ့ပြောင်းအခြေချနေထိုင်သူတွေရဲ့ကိစ္စပါ။ ဥရောပသမဂ္ဂမှာအဖွဲ့ဝင်နိုင်ငံအဖြစ် ဆက်နေလိုသူတွေကတော့ "ဥရောပသမဂ္ဂကခွဲထွက်ခဲ့ရင် နိုင်ငံရွှေ့ပြောင်းအခြေချနေထိုင်သူတွေကို လျှော့ချနိုင်မယ်ဆိုတဲ့ အထောက်အထားအာမခံချက်လည်း မရှိဘူး။ ပြောရရင် ဗြိတိန်နိုင်ငံထဲရွှေ့ပြောင်းအခြေချနေထိုင်ကြသူတွေထဲမှာ အများစုက ဥရောပသမဂ္ဂအဖွဲ့ဝင်မဟုတ်တဲ့နိုင်ငံတွေက ပြည်သူတွေပါ။ ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံသားတွေထဲက ဗြိတိန်နိုင်ငံမှာ ရွှေ့ပြောင်း အခြေချနေထိုင်သူက အနည်းစုပဲရှိပါတယ်" ပြောပြီး အသေးစိတ်စာရင်းဇယားတွေနဲ့ ရှင်းပြကြပါတယ်။ ဥရောပသမဂ္ဂကနေ ခွဲထွက်လိုသူတွေကတော့ "ဗြိတိန်နိုင်ငံထဲ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေက နိုင်ငံသားတွေကို တံခါးမရှိ၊ ဓားမရှိဝင်ခွင့်ပေးတယ်။ ဗြိတိန်စီးပွားရေးကို အမှန်တကယ်အကျိုးရှိမယ့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံသားမဟုတ်တဲ့ တခြားကမ္ဘာ့ပြည်သူတွေကိုတော့ ပိတ်ပင်ဟန့်တားတယ်။ ဒါဟာ ဥရောပသမဂ္ဂကပြဋ္ဌာန်းတဲ့ ဥပဒေတွေကို ဗြိတိန်နိုင်ငံက အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေနဲ့မဖြစ်မနေ လိုက်နာနေလို့ ဖြစ်နေရတာ။ ဗြိတိန်နိုင်ငံထဲ ရွှေ့ပြောင်း အခြေချစီးပွားရှာနေထိုင်ကြတဲ့ ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံသားတွေကို ဥရောပသမဂ္ဂရဲ့ လူမှုဖူလုံရေးစံချိန်စံညွှန်းအတိုင်း ခံစားခွင့်တွေပေးနေရတော့ ဗြိတိန်နိုင်ငံအတွက် ကုန်ကျစရိတ်တွေဖိစီးလာတယ်" ဆိုတဲ့ အဓိပ္ပာယ်မျိုးပြောဆိုတုံ့ပြန်ကြပါတယ်။ ကမ္ဘာ့ရေးရာ ကိစ္စရပ်တွေမှာ ဗြိတိန်နိုင်ငံရဲ့ ဦးဆောင်လုပ်ကိုင်နိုင်စွမ်း လျော့ကျနေပြီဆိုတဲ့ကိစ္စကလည်း ဥရောပသမဂ္ဂမှာ ဆက်နေလိုသူတွေနဲ့ ခွဲထွက်လိုသူတွေကြား အပြန်အလှန်ငြင်းခုံနေတဲ့ကိစ္စပါ။ ဥရောပသမဂ္ဂမှာ အဖွဲ့ဝင်နိုင်ငံအဖြစ် ဆက်နေလိုသူတွေက "နိုင်ငံတကာထိပ်သီးအစည်းအဝေးတွေမှာ ဗြိတိန်ကိုကိုယ်စားပြုပြီး နှစ်ဦးတက်ရောက်ခွင့်ရတယ်။ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးနဲ့ ဥရောပသမဂ္ဂဆိုင်ရာ ဗြိတိန်သံအမတ်ကြီးတို့ပါ။ ဥရောပသမဂ္ဂနိုင်ငံတွေကြား ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် အာဖရိကမှာ အီဘိုလာ (Ebola) ရောဂါပြန့်ပွားမှုကို ထိန်းချုပ်နိုင်ခဲ့သလို မူပိုင်ခွင့်ချိုးဖောက်မှု ကိစ္စတွေကိုလည်း ကိုင်တွယ်နိုင်ခဲ့တယ်" ဆိုတာတွေကို ထောက်ပြကြပါတယ်။ ဥရောပသမဂ္ဂကနေခွဲထွက်လိုသူတွေကတော့ "ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံဘဝမှာ ဗြိတိန်နိုင်ငံရဲ့ အခန်းကဏ္ဍမှေးမှိန်နေတယ်။ ဥရောပသမဂ္ဂကသာ နုတ်ထွက်ခဲ့ရင် နိုင်ငံတကာအဖွဲ့အစည်းတွေမှာ ဗြိတိန်နိုင်ငံဟာ လွတ်လွတ်လပ်လပ်ပါဝင်လာနိုင်မယ်။ လွတ်လွတ်လပ်လပ် ကုန်သွယ်ရေးကိစ္စတွေမှာ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကိစ္စတွေမှာ ဗြိတိန်နိုင်ငံရဲ့ ဩဇာပိုစူးရှလာမယ်"ဆိုတဲ့မြင်ကွင်းမျိုးကို ပုံဖော်ပြသစည်းရုံးနေပါတယ်။

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းကတော့ ခွဲထွက်လိုသူတွေ ထောက်ပြနေတဲ့ကိစ္စရပ်တွေမှာ ဥရောပသမဂ္ဂကနေ လိုက်လျောချက်တချို့ရအောင် ညှိနှိုင်းဈေးဆစ်ပြီး ဥရောပသမဂ္ဂထဲဆက်နေခဲ့ရင်လည်း စိုးရိမ်စရာကိစ္စတွေမရှိတော့ဘူးဆိုတာမျိုး ပုံဖော်ပြသဖို့ကြိုးစားနေပါတယ်။ ဒီလိုသာပုံဖော်ပြသနိုင်ခဲ့ရင် ဗြိတိန်လူထုကို ဥရောပသမဂ္ဂထဲမှာ ဆက်နေအောင် စည်းရုံးနိုင်မယ်လို့ ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက တွက်ဆထားတာပါ။ ဒီလိုညှိနှိုင်းဈေးဆစ်ရာမှာ ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း လိုချင်သလောက်မရမှာကတော့ ရှင်းပြီးသားပါ။ ဒါပေမယ့် လိုက်လျောချက်တချို့ကိုတော့ ရခဲ့ပါတယ်။ ဗြိတိန်မှာ အခြေချနေထိုင်တဲ့ နိုင်ငံရွှေ့ပြောင်းအလုပ်သမား မိသားစုတွေရဲ့ သားသမီးဆိုင်ရာ ခံစားခွင့်တွေကို မူလက ဗြိတိန်လူနေမှုစရိတ်အပေါ် အခြေခံတွက်ချက်ရာကနေ ညှိနှိုင်းမှုအရ သက်ဆိုင်ရာမိခင်နိုင်ငံရဲ့ လူနေမှုစရိတ်အပေါ် အခြေခံတွက်ချက်ဖို့ သဘောတူညီချက်ရခဲ့ပါတယ်။ ခွဲထွက်လိုတဲ့ ဗြိတိန်လူထုက ဗြိတိန်နိုင်ငံရဲ့ လူမှုဖူလုံရေးစနစ်ခံစားခွင့်တွေကို လိုချင်လို့ နိုင်ငံရွှေ့ပြောင်း အလုပ်သမားတွေက ဗြိတိန်နိုင်ငံထဲ စုပြုံတိုးဝှေ့ဝင်ရောက်နေကြတယ်လို့ ယူဆထားပါတယ်။ ဒါကြောင့် နိုင်ငံရွှေ့ပြောင်းအခြေချသူတွေကို ဗြိတိန်လူမှုဖူလုံရေးစနစ် အကျိုးခံစားခွင့်တွေကို လုံးဝမပေးလိုပေမယ့် ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းရဲ့ညှိနှိုင်းချက်အရ နိုင်ငံရွှေ့ပြောင်း အခြေချနေထိုင်သူတွေ ဗြိတိန်နိုင်ငံထဲ စရောက်ရောက်ချင်းပေးစရာ မလိုတော့ပါဘူး။ ဒါပေမယ့် နိုင်ငံရွှေ့ပြောင်းအခြေချနေထိုင်သူတွေ ဗြိတိန်မှာနေထိုင်တဲ့ကာလ ကြာလာတာနဲ့အမျှ လူမှုဖူလုံရေးခံစားခွင့်တွေ တိုးပေးရမယ်ဆိုတဲ့မှုကိုတော့ ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက အတုံ့အလှည့်သဘော ပြန်လက်ခံခဲ့ရပါတယ်။ ဥရောပသမဂ္ဂက ပြဋ္ဌာန်းတဲ့ဥပဒေတွေကို ဗြိတိန်နိုင်ငံက လက်မခံနိုင်ခဲ့ရင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၆ နိုင်ငံရဲ့ လွှတ်တော်တွေရဲ့ထောက်ခံမှုကို ရအောင်စုစည်းပြီး ပြင်ဆင်ပြောင်းလဲနိုင်ခွင့်လည်း ရလာပါတယ်။ အမှန်ကတော့ ဒီလိုက်လျောချက်ဟာ သိပ်တော့မထူးခြားလှဘူးပဲ ပြောရမှာပါ။ လက်ရှိမှာလည်း ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၆ နိုင်ငံရဲ့ အစိုးရတွေက ကန့်ကွက်ခဲ့ရင် ဥရောပသမဂ္ဂအနေနဲ့ ဘယ်လိုဥပဒေမျိုးကိုမှ အတည်ပြုပြဋ္ဌာန်းလို့မရပါဘူး။ အမျိုးသားရေးဂုဏ်သိက္ခာနဲ့ ဆက်စပ်နေတဲ့တချို့ကိစ္စရပ်တွေမှာလည်း ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းဟာ လိုက်လျောချက်တွေရခဲ့ပါတယ်။ ဥရောပသမဂ္ဂရဲ့အန္တိမရည်မှန်းချက်ဟာ ဥရောပသမဂ္ဂကို တစ်ခုတည်းသောနိုင်ငံအဖြစ် ထူထောင်ဖို့ပါ။ ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းရဲ့ ညှိနှိုင်းမှုအရ ဗြိတိန်ဟာ ဒီလိုတစ်ခုတည်းသော နိုင်ငံထူထောင်ရေးလုပ်ငန်းစဉ်တွေမှာ မပါဝင်ခွင့်ကို ရရှိခဲ့သလို ဗြိတိန်က ယူရိုငွေမသုံးဘဲ ပေါင်ငွေဆက်သုံးခွင့်ရခဲ့ပါတယ်။ ကမ္ဘာ့ဘဏ္ဍာရေးလောကမှာ အချက်အချာဗဟိုနေရာဖြစ်တဲ့ လန်ဒန်မြို့တော်ရဲ့ အခန်းကဏ္ဍကို ထိပါးစေမယ့် ဥပဒေပြဋ္ဌာန်းချက်တွေမလုပ်ပါဘူးဆိုတဲ့ အာမခံချက်တွေလည်းရရှိခဲ့ပါတယ်။ ဒါပေမယ့် ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း ညှိနှိုင်းရရှိခဲ့တဲ့ လိုက်လျောချက်တွေဟာ ခွဲထွက်လိုတဲ့ ဗြိတိန်ပြည်သူတွေကို မစည်းရုံးနိုင်တာကတော့ ထင်ရှားပါတယ်။ ခွဲထွက်ရေးသမားတွေရဲ့ လှုပ်ရှားမှုတွေ အရှိန်အဟုန်မြင့်လာပြီး ထောက်ခံမှုတွေ တိုးပွားလာနေတာက ဒီအချက်ကို ဖော်ပြနေပါတယ်။ ကျန်ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးက "မခွဲထွက်ပါနဲ့" လို့ ပြောဆိုတိုက်တွန်းနေတဲ့အချိန်မှာ ဗြိတိန်နိုင်ငံရေးအင်အားစုတချို့က ခွဲထွက်ဖို့ ဇွတ်ကြိုးပမ်းနေတာဟာ ဥရောပတိုက် ကုန်းမြေပြင်နဲ့ ဗြိတိန်နိုင်ငံလို့ သတ်မှတ်ထားတဲ့ ကျွန်းစုတွေကြား ပင်လယ်ရေပြင်ကြီး ဟန့်တားကာဆီးနေတာကနေ မွေးထုတ်ပေးလိုက်သလားလို့ အတွေးနယ်ချဲ့မိပါတယ်။ ။

**ဗြိတိန်နိုင်ငံက ဥရောပသမဂ္ဂမှာ အဖွဲ့ဝင်နိုင်ငံအဖြစ် ဆက်နေမလား (ဒါမှမဟုတ်) နုတ်ထွက်မလားဆိုတာကို ဗြိတိန်ပြည်သူတွေက ဇွန်လ ၂၃ ရက်နေ့ လူထုဆန္ဒခံယူပွဲမှာ အဆုံးအဖြတ်ပေးရတော့မှာပါ။ အမှန်ကတော့ ဘယ်ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံကမှ ဗြိတိန်ကို ဥရောပသမဂ္ဂကနေ နုတ်ထွက်စေချင်တာမဟုတ်**

## မိုးပိုနေမည်

နေပြည်တော် ဇွန် ၁၆

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုနေမည်။

(မိုး/ဇလ)

# ဒေါ်နယ်ထရန့်၏ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဦးစားပေးမှုက ရွေးကောက်ပွဲအနိုင်ရရေး အထောက်အကူဖြစ်





**ဝါရှင်တန် ဇွန် ၁၆**

အမေရိကန်၏အဆိုးရွားဆုံးသော သေနတ်ပစ်ခတ်မှုသည် ရီပတ်ဘလစ်ကန် သမ္မတလောင်းဟု ရေပန်းစားနေသော ဒေါ်နယ်ထရန့်၏ မဲဆွယ်စည်းရုံးမှုကို သွယ်ဝိုက်သောနည်းဖြင့် အထောက်အကူဖြစ်လျက်ရှိသည်။ ယင်းဖြစ်ရပ်သည် အမေရိကန်နိုင်ငံ၌ ဖြစ်ပွားနေသော အကြမ်းဖက်မှုများကို မီးမောင်းထိုးပြလျက်ရှိသည်။

ဒီမိုကရက်တစ်ဘက်မှ ဟီလာရီကလင်တန်က လက်နက်ထိန်းချုပ်ကန့်သတ်မှုနှင့်ပတ်သက်၍ တောင်းဆိုမှုများပြုလုပ်နေချိန် သေနတ်သမားက တရားဝင်ဝယ်ယူထားသည့်သေနတ်များကို အသုံးပြုတိုက်ခိုက်သွားခြင်းဖြစ်သည်။ ထို့ကြောင့် လက်နက်ထိန်းချုပ်ရေးဆွေးနွေးမှုများသည် အမေရိကန်အများစုကြား ရိုက်ခတ်မှုဖြစ်ပေါ် ခြင်းမရှိပေ။

ဟီလာရီနှင့်မတူ ဒေါ်နယ်ထရန့်၏ မဲဆွယ်စည်းရုံးခြင်း၌မူ ၎င်းသည် အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုကိုသာ အဓိကထားခြင်းဖြစ်သည်။ ယင်း အကြောင်းအရာသည် အမေရိကန်အများစု စိတ်ဝင်စားကြသောအကြောင်းအရာပင် ဖြစ်သည်။

ရီပတ်ဘလစ်ကန်မှ နည်းဗျူဟာမှူး ဖို့ဒ်အိုကွန်နယ်က ထရန့်သည် လက်နက်ထိန်းချုပ်ခြင်းထက် အကြမ်းဖက်တိုက်ခိုက်မှုကိုသာ အလေးထားကြောင်း၊ ယင်းဖြစ်ရပ်သည်ပင်လျှင် ထရန့်ကို ဟီလာရီထက် နှာတစ်ဖျားသာစေကြောင်း ဆင်ဟွာသို့ ပြောခဲ့သည်။

ယခုအချိန်၌ အမေရိကန်အများစုမှာ ကြောက်ရွံ့နေကြချိန်တွင် ထရန့်၏ မဲဆွယ်စည်းရုံးမှုမှာ စီးပွားရေးနှင့်အကြမ်းဖက်တိုက်ဖျက်ရေးကို ဦးစားပေးထားသဖြင့် ဟီလာရီထက် လူကြိုက်များနိုင်ကြောင်း ၎င်းက ပြောသည်။

**(ဆင်ဟွာ )**

## အီဂျစ်လေယာဉ်အပျက်အစီးများ မြေထဲပင်လယ်၌တွေ့ရှိ

**ကိုင်ရို ဇွန် ၁၆**

လွန်ခဲ့သောလက မြေထဲပင်လယ်၌ ပျက်ကျပျောက်ဆုံးသွားသော အီဂျစ်လေယာဉ်၏ အပျက်အစီး အပိုင်းအစများကိုတွေ့ရှိခဲ့သည်ဟု အီဂျစ်လူမျိုး စုံစမ်းစစ်ဆေးသူများက ပြောသည်။

အပျက်အစီးများရှိရာနေရာကို အတိအကျသတ်မှတ်နိုင်ခဲ့ပြီဟု ၎င်းတို့က ပြောသည်။ အပျက်အစီးများကို ရှာဖွေမှုပြုလုပ်နေသည့် သင်္ဘောက လေယာဉ်အပျက်အစီး အပိုင်းအစများအား ရိုက်ထားသည့်ဓာတ်ပုံကို ပထမဦးဆုံးအကြိမ်အဖြစ် ပေးပို့ခဲ့သည်ဟု ဖော်ပြထားသည်။

ပျက်ကျသွားသည့် လေယာဉ်မှာ ပါရီမှ ကိုင်ရိုမြို့သို့ ပျံသန်းစဉ် မေ ၁၉ ရက်ကပျက်ကျခဲ့ခြင်း ဖြစ်သည်။ MS 804 လေယာဉ်ပေါ်တွင် ခရီးသည် ၆၆ ဦးပါဝင်ခဲ့သည်။ အဲဘတ်စ် A-320 သည် ဂရိနှင့်အီဂျစ်တို့ရှိ ရေဒါမှ လုံးဝပျောက်ကွယ်သွားခြင်းဖြစ်သည်။ အီဂျစ်စုံစမ်းစစ်ဆေးရေးကော်မတီက အီဂျစ်အစိုးရနှင့် သဘောတူညီမှုရယူထားသော စုံစမ်းစစ်ဆေးရေးအဖွဲ့သည် အပျက်အစီးများရှိရာနေရာကို မြေပုံဆွဲနိုင်ပြီဟုကြေညာခဲ့သည်။ သုတေသီများကမူ လေယာဉ်ပျက်ကျရသည့်အကြောင်းမှာ လူ (သို့) နည်းပညာပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် ဖြစ်နိုင်ကြောင်း မှတ်ချက်ပြုခဲ့သည်။

ဂြိုဟ်တုမှရရှိသော အချက်အလက်များအရ လေယာဉ်ရေဒါမှ ပျောက်ကွယ်မသွားမီ မိနစ်အနည်းငယ်အတွင်း ယင်းလေယာဉ်၏ လျှပ်စစ်ပိုင်းဆိုင်ရာနှင့် သန့်စင်ခန်းဘက်မှ အချက်ပေး မီးခိုးများထွက်လာသည်ကို တွေ့ရှိရကြောင်း သိရသည်။

**(ဘီဘီစီ)**




## အန်တိုနီလျော်ဝါကို အမျိုးသမီးနှစ်ဦးသတ်မှုဖြင့် လီဗာပူးတရားရုံးတွင် စစ်ဆေးမည်

**လီဗာပူး ဇွန် ၁၆**

လီဗာပူးတွင် အမျိုးသမီးတစ်ဦးနှင့် ၎င်း၏သမီးသေဆုံးမှုနှင့်ပတ်သက်ပြီး အမျိုးသားတစ်ဦးကို တရားစွဲဆိုခဲ့ကြောင်း ဂါးဒီးယန်းသတင်းစာတွင် ဇွန် ၁၆ ရက်က ဖော်ပြခဲ့သည်။

ရဲများက လူသတ်မှုဖြစ်ပွားသည့်သတင်းကို တနင်္လာနေ့က ဖုန်းလက်ခံရရှိပြီးနောက်တွင် အသက် ၅၃ နှစ်ရှိ ကရန်းလန်ပေးလ်နှင့် အသက် ၂၈ နှစ်ရှိ ဂျိတ်ပေးလ်တို့ကို လီဗာပူးရှိ ၎င်းတို့၏အိမ်တွင် သေဆုံးလျက် တွေ့ခဲ့ရသည်။ အသက် ၄၂ နှစ်ရှိ အန်တိုနီလျော်ဝါ၏အမှုကို လီဗာပူးတရားရုံး၌ ကြာသပတေးနေ့တွင် ကြားနာစစ်ဆေးမည်ဖြစ်သည်။

သေမှုသေခင်းစစ်ဆေးချက်အရ သေဆုံးသူအမျိုးသမီးနှစ်ဦးစလုံးသည် ခေါင်းတွင်တုံးသောအရာဝတ္ထုနှင့် ပြင်းထန်စွာထုထားသည့်အနေအထားကိုတွေ့ရှိရသည်။ အမျိုးသမီးငယ်၏ခွေးမှာလည်း အခင်းဖြစ်ပွားရာနေရာတွင် သေဆုံးလျက်ရှိသည်ကို တွေ့ရှိရသည်။

**(ဂါးဒီးယန်း)**

## မူးယစ်ရာဇာအား မက္ကဆီကိုနိုင်ငံသို့ လွှဲပြောင်းပေး

**မက္ကဆီကိုစီးတီး ဇွန် ၁၆**

အမေရိကန်အာဏာပိုင်များသည် ဗုဒ္ဓဟူးနေ့က မူးယစ်ရာဇာ ဟက်တာပယ်လ်မာဆလက်ဇာကို မက္ကဆီကိုအာဏာပိုင်များထံသို့ လွှဲပြောင်းပေးခဲ့ပြီး ထိုသို့လွှဲပြောင်းခြင်းကို နယ်စပ်မြို့ မက်တာမိုရို၌ပြုလုပ်ခဲ့သည်။

အမေရိကန်အေးဂျင့်များက ဇွန် ၁၀ ရက်တွင် ကယ်လီဖိုးနီးယားအကျဉ်းထောင်မှ လွတ်မြောက်လာသူ ပယ်လ်မာဆလက်ဇာကို လွှဲပြောင်းပေးခဲ့သည်။ ၎င်းသည် မက္ကဆီကိုမှ အမေရိကန်သို့ ကိုကင်း ၅၀ ကီလိုသယ်ဆောင်ခဲ့ခြင်းအတွက် ထောင်ဒဏ် ၁၆နှစ်ချမှတ်ခံရသူဖြစ်သည်။ ၎င်းကို ထောင်ဒဏ်ချခဲ့ပြီးနောက် အကျဉ်းသားလွှဲပြောင်းပေးရေးမှာ ဦးစားပေးကိစ္စဖြစ်လာခဲ့သည်။ ယခုအချိန်ထိ မက္ကဆီကိုတရားရေးမှ ပယ်လ်မာဆလက်ဇာကို မက္ကဆီကို၌ ထပ်မံ၍ ပြစ်ဒဏ်ချ မချကိုမူ ဖော်ပြခြင်းမရှိသေးပေ။

**(ဆင်ဟွာ)**

## ဖိလစ်ပိုင် အဘူဆေယက်ဖ် စစ်သွေးကြွအုပ်စုက ဓားစာခံနှစ်ဦးကို ခေါင်းဖြတ်မည်ဟုထပ်မံခြိမ်းခြောက်

**မနီလာ ဇွန် ၁၆**

ဖိလစ်ပိုင်တောင်ပိုင်းရှိ အဘူဆေယက်ဖ် အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွအုပ်စုက ပြန်ပေးဆွဲငွေ ပီဆို သန်း ၆၀၀ မရရှိပါက ဖမ်းဆီးထားသော နော်ဝေတစ်ဦးနှင့် ဖိလစ်ပိုင်တစ်ဦး စုစုပေါင်း နောက်ထပ်ဓားစာခံနှစ်ဦးကို ခေါင်းဖြတ် မည်ဟုခြိမ်းခြောက်ခဲ့ကြောင်း တိုင်းမ်သတင်းတွင် ဇွန် ၁၆ရက်ကဖော်ပြခဲ့သည်။

အဆိုပါခြိမ်းခြောက်မှုသည် ကနေဒါအစိုးရကပြန်ပေးငွေမပေးသည့်အတွက် ဖမ်းဆီးထားသော ကနေဒါဓားစာခံ နှစ်ဦးဖြစ်သူ ရောဘတ်ဟောနှင့် ဂျွန်ရစ်ဒယ်တို့ကို ရက်စက်စွာခေါင်းဖြတ်သတ်ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။ အသက် (၆၈ နှစ်) ရှိ ဟောကို အဂ္ဂါနေ့က ခေါင်းဖြတ်သတ်ခဲ့ပြီး ရစ်ဒယ် (၆၈)နှစ်ကို ဧပြီ ၂၅ ရက်က ခေါင်းဖြတ်သတ်ခဲ့သည်။ လက်ရှိ ဖမ်းဆီးခံထားရသူများမှာ နော်ဝေမှ ဂဂျာတန်ဆက်ခ်ကင်စတတ်ဒ်နှင့် ဖိလစ်ပိုင်မှ မာရီတက်ဖလောဆိုသူတို့ဖြစ်ကြောင်း သိရသည်။ ၎င်းတို့နှစ်ဦးသည် ကနေဒါနိုင်ငံသားနှစ်ဦးနှင့်အတူ ၂၀၁၅ စက်တင်ဘာ ၂၁ရက်က ဒါဗိုတီနောတီပြည်နယ် စမယ်ကျွန်း အပန်းဖြေစခန်းမှ ဖမ်းဆီးခံလာရသူများဖြစ်သည်။

အယ်ခိုင်ဒါ၏ ဘဏ္ဍာငွေထောက်ပံ့မှုဖြင့် ၁၉၉၀ ပြည့်လွန်နှစ်များတွင် ဖွဲ့စည်းခဲ့သော အာရေဗျဘာသာဖြင့် ဓားရှည်ကိုင်ဆောင်သူဟုအမည်ရသည့် အဘူဆေယက်ဖ်စစ်သွေးကြွအုပ်စုသည် အိုင်အက်စ်သစ္စာတော်ခံအုပ်စုဖြစ်ကာ ပြန်ပေးဆွဲရာတွင် နာမည်ကြီးသည်။ လူ ၁၁၆ ဦးသေဆုံးခဲ့သည့်၂၀၀၄ ခုနှစ် ဖယ်ရီပုံးပေါက်ကွဲမှုသည် ၎င်းတို့၏လက်ချက်ဖြစ်ကြောင်း သိရသည်။

**(တိုင်းမ်)**



ဥပဒေအတွေး ရေးပါရစေ အပိုင်း(၂၁)

# ဥပဒေပြင်ဆင်ခြင်း၊ ဥပဒေရုပ်သိမ်းခြင်း



ဦးဟန်ညွန့်(ဥပဒေ)........

**ဥပဒေပြင်ဆင်ခြင်း**

"ဥပဒေပြင်ဆင်တာ၊ ဥပဒေရုပ်သိမ်းတာတွေအကြောင်း ပြည့်ပြည့်စုံစုံ ရေးပြပါဦးဆရာ။ ဒီနေ့ ပြည်ထောင်စုလွှတ်တော် ခေတ်မှာ ဥပဒေပြုရေးမဏ္ဍိုင်ရဲ့ အခန်းကဏ္ဍအကြောင်းရော သိချင်ပါတယ်"ဟု အလုပ်သင်ရှေ့နေတစ်ဦးက မေးလာပြန်ပါသည်။ ပြည့်ပြည့်စုံစုံမဟုတ်သည့်တိုင် အခြေခံသဘောမျှကိုဖြင့်တင်ပြလိုက်ရပါသည်။

**ဘယ်လိုအခြေအနေမှာလဲ**

(၁) တည်ဆဲဥပဒေမှာ အားနည်းချက်တွေ၊ ချို့ယွင်းချက်တွေရှိနေပြီလား။

(၂) လက်ရှိအခြေအနေနဲ့ပြောင်းလဲသွားပြီလား။ ဥပဒေပြင်ဖို့လိုပြီလား။

(၃) ထိရောက်ဟန့်တားတဲ့ ပြစ်ဒဏ်ပြင်ဆင်ဖို့ အခြေအနေပြနေပြီလား။

(၄) တခြားအကြောင်းပြချက်တွေ ရှိသေးသလား။

ဤအချက်(၄)ချက်သည် ဥပဒေပြင်ဆင်ရမည့်အခြေအနေဖြစ်နိုင်သည်။

**ရေးတုန်းကတော့ ပြည့်စုံသည်**

ဥပဒေရေးဆွဲသူတိုင်း သူရေးသည့်ကာလတွင် အကောင်းဆုံးရေးဆွဲခဲ့သည်မှာ အသေအချာပါ။ မည်သည့် ဥပဒေပညာရှင်မှ ပညာပြ၍ တစ်ကွက်ချန်ခဲ့ခြင်းမျိုး၊ မပြည့်မစုံ ရေးဆွဲခဲ့ခြင်းမျိုး မရှိစကောင်းပါ။ ရေပက်မဝင်အောင်၊ အတော်ကြိုးပမ်း ရေးဆွဲခဲ့သည်မှာလည်း ယုံမှားသံသယ မဖြစ်ထိုက်ပါ။ သူ့ခေတ်၊ သူ့အခါ၊ သူ့စနစ်၊ သူ့မူဝါဒကို အကောင်အထည်ဖော်ခဲ့ခြင်း၊ ပုံရိပ်ထင်ဟပ်ရေးဆွဲခဲ့ခြင်းမှာ အသေအချာပါပဲ။ သူရေးတုန်းကတော့ ပြည့်စုံလှပါပြီ။ ရေပက်မဝင်သော ဥပဒေအမျိုးအစားဖြစ်ခဲ့ပါပေသည်။

**စဉ်းစားစရာ**

(၁) ဥပဒေတစ်ရပ်ကို ပြင်မည်ဆိုလျှင်၊ ပြင်စရာအချက်မည်မျှများသလဲ။ မူလဥပဒေ၏ သုံးပုံတစ်ပုံထက် ကျော်လျှင်မပြင်သင့်။ မူလဥပဒေကို ရုပ်သိမ်းဖို့သင့်၊ မသင့်။ ရုပ်သိမ်းဥပဒေလုပ်၊ မလုပ်စဉ်းစားသင့်သည်။

(၂) ပြင်စရာအခြားအချက်များ ရှိ၊ မရှိ။

(၃) သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိစရာလို၊ မလို။

(၄) အာဏာသက်ရောက်မှုအခြေအနေ။

(၅) အဓိပ္ပာယ်ဖွင့်ဆိုချက် ပြင်ရန်လို၊ မလို။

(၆) ဥပဒေပြင်ဆင်သည့်အကြိမ် မည်မျှရှိပြီလဲ။

(၇) စကားရပ်များ အစားထိုးသည့်ဥပဒေနှင့် ချိန်ဆသုံးသပ်ရမည့်အချက်များ ပါ၊ မပါ။

(၈) ဥပဒေရေးထုံးများနှင့် ညီ၊ မညီ စဉ်းစားသုံးသပ်ကြရသည်။ ဥပဒေပညာရှင်များ အများသိကြသည်။

**ဥပဒေရုပ်သိမ်းခြင်း**

(၁) ဥပဒေတစ်ရပ်သည် နိုင်ငံတော်နှင့် အများပြည်သူကို အကျိုးမပြုတော့ဘူးလား။

(၂) ပြောင်းလဲလာသည့် ခေတ်၊ စနစ်၊ အခြေအနေတွေနှင့် ဆီလျော်မှု မရှိတော့ဘူးလား။

(၃) အချိန်ကာလအလွန်ကြာပြီး ကျင့်သုံးမှုမရှိတော့သည့်အပြင် နောင်တွင်လည်းကျင့်သုံးရန် အကြောင်းမရှိတော့သော ဥပဒေဖြစ်နေသလား။ စဉ်းစားသုံးသပ်၍ ဥပဒေတစ်ရပ်ကို ရုပ်သိမ်းစမြဲဖြစ်သည်။

**၂၀၀၁ ခုနှစ် ရှေ့နေချုပ်ဥပဒေ**

၂၀၀၁ ခုနှစ် ရှေ့နေချုပ်ဥပဒေကို ပြန်လည်ရည်ညွှန်းမှသာ ဥပဒေရေးဆွဲသည့်သမိုင်း ပီပြင်မည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ခေတ်ဖြစ်သည်။ ထိုခေတ်က ပြဋ္ဌာန်းခဲ့သော ရှေ့နေချုပ်ဥပဒေအရ ပုဒ်မ ၃ (င) တွင် "ဥပဒေများ စိစစ်ခြင်း၊ ရေးဆွဲခြင်းနှင့် ဘာသာပြန်ဆိုခြင်း" ဟု ရှေ့နေချုပ်တာဝန်တစ်ရပ် ဖော်ပြ၊ ပြဋ္ဌာန်းခဲ့သည်။ ထိုပြဋ္ဌာန်းချက်နှင့်အညီ ဥပဒေများ စိစစ်၊ ရေးဆွဲ၊ ဘာသာပြန်ခဲ့ရသည်။ ဥပဒေအရာရှိ တာဝန်ထမ်းခဲ့သော စာရေးသူတို့လည်း ဥပဒေများ စိစစ်ခဲ့ရသည်။ ရေးဆွဲခဲ့ရသည်။ ဘာသာပြန်ခဲ့ရသည်။

**ပြည်ထောင်စုလွှတ်တော်ခေတ်**

ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်ကော်မတီများ ဖွဲ့စည်းသည်။ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်း ကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီဖွဲ့စည်းထားရှိသည်။ ဥပဒေကြမ်းကော်မတီသည် အောက်ပါတာဝန်များထမ်းဆောင်ရသည်။

**ဥပဒေကြမ်းကော်မတီ၏တာဝန်များ**

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိ၊ မရှိ

(ခ) နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများ၊ ဦးတည်ချက်များနှင့် ညီညွတ်မှုရှိ၊ မရှိ

(ဂ) နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားပြီး ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ခြင်း ရှိ၊ မရှိ

(ဃ) နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြုထိပါးစေမည့် အချက်များပါဝင်ခြင်း ရှိ၊ မရှိ

(င) နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိ၊ မရှိ

(စ) အများပြည်သူ၏ လုံခြုံရေးနှင့် ပစ္စည်းလုံခြုံရေးကို ထိခိုက်ခြင်း ရှိ၊ မရှိ

(ဆ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့် အရေးအသား၊ အသုံးအနှုန်းများပါဝင်ခြင်း ရှိ၊ မရှိ

(ဇ) ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုနှင့် အစိုးရအဖွဲ့အစည်းတစ်ခု၏ လုပ်ပိုင်ခွင့်များ၊ အစိုးရဌာနအဖွဲ့အစည်းတစ်ခုနှင့် တစ်ခု၏ လုပ်ပိုင်ခွင့်များရောထွေးခြင်းရှိ၊ မရှိ

(ဈ) အပြည်ပြည်ဆိုင်ရာ ဒေသဆိုင်ရာသို့မဟုတ် ဒေသအချင်းချင်းဆိုင်ရာစာချုပ်များ၊ သဘောတူညီချက်များပါ တာဝန်အရရေးဆွဲသော ဥပဒေကြမ်းဖြစ်လျှင် ထိုစာချုပ်များ၊ သဘောတူစာချုပ်များပါ မြန်မာနိုင်ငံက သဘောတူလက်ခံထားသော အချက်များနှင့် လိုက်လျောညီထွေခြင်းရှိ၊ မရှိနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကိုထိပါးခြင်း ရှိ၊ မရှိ

(ည) သက်ဆိုင်ရာ ဥပဒေကြမ်းနှင့်သက်ဆိုင်သော မူပိုင်းဆိုင်ရာအချက်အလက်များ ပြည့်စုံစွာပါဝင်ခြင်း ရှိ၊ မရှိ

(ဋ) ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခြေအနေ ရှိ၊ မရှိ

(ဌ) ဥပဒေကြမ်း၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းချက်များ ပြည့်စုံစွာပါရှိခြင်းရှိ၊ မရှိ

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

ကော်မတီသည်ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ -

(က) နိုင်ငံတော်နှင့် ပြည်သူတို့အား အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ခ) ပြည်သူများနှင့်သက်ဆိုင်ရာကျွမ်းကျင်သူများ၏ ဥပဒေရေးရာအကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များကို စိစစ်၍လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ဂ) ပြင်ဆင်ရန်အကြံပြုချက်များကို လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ဃ) ခေတ်နှင့်မလျော်ညီသော အရေးအသား၊ အသုံးအနှုန်းများကို ဥပဒေရှုထောင့်မှ ပြင်ဆင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(င) အသေးစိတ်ဆွေးနွေးစဉ်းစားရာ၌ လွှတ်တော်တွင် ဆွေးနွေးစဉ်းစားသည့် နည်းလမ်းအတိုင်း ဆွေးနွေးစဉ်းစားရမည်။ သို့ရာတွင် -

(၁) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့် စပ်လျဉ်း၍ ထောက်ခံသူမလို။

(၂) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။

(စ) နည်းဥပဒေခွဲ (က)(ခ)(ဂ)(ဃ) တို့အရ ကော်မတီ၏တင်ပြချက်နှင့် အကြံပြုချက်များသည် ဥပဒေကြမ်းတွင်ပါရှိသည့်ကိစ္စနှင့်စပ်လျဉ်းသော တင်ပြချက်၊ အကြံပြုချက်များ ဖြစ်ရမည့်အပြင် ထိုဥပဒေကြမ်း၏ သဘောတွင် အကျုံးဝင်သောတင်ပြချက်၊ အကြံပြုချက်များလည်း ဖြစ်ရမည်။

(ဆ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များမဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

**ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဖွဲ့စည်းခြင်း**

ပြည်ထောင်စုလွှတ်တော် နာယကသည် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကော်မတီများက လေ့လာသောကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များကို လေ့လာရန်နှင့် လွှတ်တော်အသီးသီး၏ ကော်မတီဆိုင်ရာလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၇ (ခ)၊ ၇ (ဂ)နှင့် နည်းဥပဒေ ၁၀၅-ခ တို့နှင့်အညီ ဖွဲ့စည်းထားရှိသည်။

**ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

(က) တည်ဆဲဥပဒေများအား လေ့လာဆန်းစစ်သုံးသပ်ပြီး ပြင်ဆင်ရေး၊ ပယ်ဖျက်ရေး၊ အသစ်ပြဋ္ဌာန်းနိုင်ရေးတို့ကို ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့မှတစ်ဆင့် သက်ဆိုင်ရာလွှတ်တော်သို့ တင်ပြရမည်။

(ခ) အထူးကိစ္စရပ်များ ပေါ်ပေါက်လာပါက ၎င်းကိစ္စရပ်များအား ဥပဒေအမြင်နှင့်ယှဉ်၍ လေ့လာဆန်းစစ်သုံးသပ်ပြီး ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့မှတစ်ဆင့် သက်ဆိုင်ရာလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

(ဂ) နာယကနှင့် လွှတ်တော်ဥက္ကဋ္ဌများက သတ်မှတ်ပေးသည့်လုပ်ငန်းတာဝန်များကို သတ်မှတ်သောအချိန်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရမည်။

(ဃ) နာယကနှင့်လွှတ်တော်ဥက္ကဋ္ဌများက ကဏ္ဍအလိုက် သီးခြားသတ်မှတ်ပေးသည့် အထူးကိစ္စရပ်များအတွက် ကော်မရှင်အတွင်း တာဝန်ခွဲဝေသတ်မှတ်ဆောင်ရွက်ရမည်။

(င) နာယကနှင့်လွှတ်တော်ဥက္ကဋ္ဌများက လုပ်ငန်းလိုအပ်ချက်အရ အကြံဉာဏ်တောင်းခံသည့်အခါ အကြံပြုချက်များပေးရမည်။

**တင်ပြချက်**

ဥပဒေပြုရေးအခြေခံသဘောကို ဤမျှတင်ပြပါရစေ။

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြော



**နေပြည်တော် ဇွန် ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် အထက(၁)ပျဉ်းမနား၌ ဇွန် ၁၂ ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းနှင့် ဟောပြောပွဲကျင်းပသည်။

ဟောပြောပွဲတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန နေပြည်တော်ရုံးမှ ဦးစီးမှူး ဒေါ်တင်တင်ဌေးနှင့် ဝန်ထမ်းများက ယာဉ်မတော်တဆဖြစ်ပွားရသည့် အကြောင်းအရင်းနှင့် မတော်တဆမှု မဖြစ်ပွားစေရေး၊ ယာဉ်မောင်းနှင်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး၊ မော်တော်ယာဉ်ဥပဒေပါ တားမြစ်ချက်နှင့် ပြစ်ဒဏ်များကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ သင်တန်းတက်ရောက်ပြီးသူများအား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရုံး၌ "က" ယာဉ်မောင်းလိုင်စင်များ နေ့ချင်းပြီးစစ်ဆေးဖြေဆိုခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**

## ရေရှားပါးသည့်ကျေးရွာ နှစ်ရွာအတွက် ရေဂါလန် ၃၇၅၀၀၀ ဆံ့မိုးရေသိုလှောင်ကန်ဆောင်ရွက်

**ဘားအံ ဇွန် ၁၆**

ကရင်ပြည်နယ် မြို့နယ်ခုနစ်မြို့နယ်မှ ကျေးရွာ ၈၃ ရွာ ရေရှားပါးပြတ်လပ်မှု မရှိစေရေးအတွက် ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ရက် ၁၀၀ စီမံချက်အတွင်း စက်ရေတွင်းများ၊ လက်ရေတွင်းများနှင့် မိုးရေသိုလှောင်ကန်များ ဆောင်ရွက်ပေးသည့်အပြင် ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာအား မိုးရေသိုလှောင်ကန်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဘားအံမြို့ ကျေးလက်ဦးစီးမှူး ဦးခင်မောင်ဝင်းက "ဆိုက်လံတောင်ကျေးရွာကန်ကတော့ ပုံမှန်မြေသားကန်ပဲဖြစ်ပါတယ်။ ကော့လမုကျေးရွာကန်ကတော့ ဂျိုင်းမြစ်ဘေးမှာရှိပြီး ချောင်းရေမဝင်ဖို့နဲ့ ကျွဲ၊ နွားတိရစ္ဆာန်တွေနဲ့ ပတ်ဝန်းကျင် အညစ်အကြေးတွေ မဝင်နိုင်အောင် ကျေးရွာနေ ပြည်သူတို့ရဲ့ ဆန္ဒအရ သံကူကွန်ကရစ်နံရံဖြင့် ရေကန်အားခြံစည်းရိုးကာရံ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

မိုးရေသိုလှောင်ကန်တွေ ပြီးစီးသွားရင် ကျေးရွာတစ်ရွာအလိုက် အိမ်ထောင်စုတွေအနေနဲ့ ရေဂါလန် ၃၇၅၀၀၀ ဆံ့ ရေသိုလှောင်ကန်မှ တစ်နှစ်ပတ်လုံးအတွက် ရေလုံလောက်စွာအကျိုးပြုသုံးစွဲနိုင်မှာပါ"ဟု ပြောကြားသည်။

ဘားအံမြို့နယ် ကျေးရွာနှစ်ရွာဖြစ်သည့် ဆိုက်လံတောင်ကျေးရွာတွင် တစ်ကန်နှင့် ကော့လမုကျေးရွာတွင် တစ်ကန်ကို လာမည့်မိုးရာသီကာလတွင် မိုးရေများ သိုလှောင်နိုင်ပြီး တစ်နှစ်ပတ်လုံး ရေရှားပါးမှုမရှိစေရေးအတွက် ပေ ၁၀၀ ပတ်လည်၊ အမြင့် ၆ ပေရှိ မိုးရေသိုလှောင်ကန် တစ်ကန်လျှင် (၈.၅) သန်းဖြင့် မေလမှစတင်ကာ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**

## စက်တပ်ရေယာဉ်များ ဘေးကင်းလုံခြုံရေး အသိပညာပေးဆွေးနွေး

**ပုသိမ် ဇွန် ၁၆**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ မိုးအဆက်မပြတ်ရွာသွန်းသဖြင့် မိုးကြီးရေလျှံမှုများ၊ မိုးသက်လေပြင်းတိုက်ခတ်မှုများကြောင့် ရေကြောင်းခရီးသွားပြည်သူများနှင့် စက်တပ်ရေယာဉ်များ ဘေးကင်းလုံခြုံရေးအတွက် ဇွန် ၁၃ ရက် နံနက် ၈ နာရီမှစတင်၍ ဧရာဝတီတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ဒုညွှန်ကြားရေးမှူး ဦးရန်နောင်ကျော်နှင့် အဖွဲ့ဝင်များသည် ဝါးခယ်မမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စုဒေသ တစ်ခွင်သို့ ခုတ်မောင်းပြေးဆွဲလျက်ရှိကြသော ရေယာဉ်များ စည်းကမ်းညီညွတ်မှုရှိ မရှိ၊ ရေယာဉ်ကိုယ်ထည်နှင့် စက်ပိုင်းဆိုင်ရာကြံ့ခိုင်မှုရှိမရှိ၊ ဘောကွင်းနှင့် အသက်ကယ်အင်္ကျီအရန်သင့်ရှိမရှိ လုပ်ငန်းလိုင်စင်၊ ယာဉ်လိုင်စင်များ ရှောင်တခင်စစ်ဆေးခြင်းများ ပြုလုပ်ပြီး စည်းကမ်းမညီညွတ်သည့် ရေယာဉ်များကို အသိပညာပေးကာ (One stop service) နှင့် ရေယာဉ်မောင်းခွင့်ကတ်များ စိစစ်ပေးခဲ့သည်။

ထို့နောက် မွန်းတည့် ၁၂ နာရီတွင် ဝါးခယ်မမြို့နယ် ရ.စ.က ကြီးကြပ်မှုကော်မတီရုံးခန်းမ၌ ရေယာဉ်ပိုင်ရှင်များ၊ စက်မောင်းများ၊ ရေယာဉ်လုပ်သားများအား ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် အသက်ကယ်အင်္ကျီနှင့် ဘောကွင်းများ အသုံးပြုနည်းနှင့် ရေပြင်အသက်ကယ်နည်းများကို သရုပ်ပြပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပုသိမ်(လှကြည်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ဆီဘောက်ဆာတွဲကား ဆိုင်ကယ်ရှောင်ရာမှ တိမ်းမှောက်



**နေပြည်တော် ဇွန် ၁၆**

နေပြည်တော် ဒက္ခိဏသီရိခရိုင် ပျဉ်းမနား မြို့နယ် ကင်ပွန်းတန်းကျေးရွာအုပ်စု ဘောဂသီရိအဝေးပြေးကားလမ်း ပျဉ်းမနားမြို့ရှောင်လမ်းမကြီးပေါ်ရှိ ငါးလိုက်ချောင်းတံတားအနီး၌ ဇွန် ၁၆ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က ဆီဂါလန် ၆၄၀၀ ဆံ့ ဆီဘောက်ဆာတွဲယာဉ်တစ်စီး တိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်မှာ လောဘက်မှ တပ်ကုန်းဘက်သို့ (92) အောက်တိန်း ဓာတ်ဆီအပြည့်တင်ဆောင်၍ ယာဉ်မောင်း ဇော်မင်းလတ် (၃၂ နှစ်) ရေတာရှည်မြို့နယ်နေသူနှင့် ယာဉ်နောက်လိုက် စစ်သူရဝင်းမြင့်(၂၂နှစ်) ရန်ကုန်မြို့နေသူတို့သည် ဖြူ/မီးခိုး 6I/---- ဆီဘောက်ဆာ ၆၄၀၀ ဂါလန်ဆံ့တွဲယာဉ်ကို ပျဉ်းမနားမြို့ရှောင်လမ်းအတိုင်း မောင်းနှင်လာစဉ် ငါးလိုက်ချောင်းတံတားအနီးအရောက် ဆိုင်ကယ်ကိုတိမ်းရှောင်လိုက်ရာမှ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ယာဉ်တိမ်းမှောက်ရာသို့ အမှတ်(၁) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့စု(၆) ပျဉ်းမနားမြို့နယ် ယာဉ်မှုစစ် ရဲအုပ်ဆန်းမင်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ နေပြည်တော် ပျဉ်းမနားမြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့နယ်တာဝန်ရှိသူများ အချိန်နှင့်တစ်ပြေးညီရောက်ရှိပြီး ယာဉ်လမ်းကြောင်း မပိတ်ဆို့စေရေးနှင့် ယိုဖိတ်နေသော (92) အောက်တိန်းဓာတ်ဆီများ မီးလောင်မှု မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်မှုနှင့် လမ်းရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် လူအသေအပျောက်မရှိသော်လည်း ၂၂ ဘီး ဆီဘောက်ဆာတွဲယာဉ်မှာ ပျက်စီးခဲ့သည်။ ယာဉ်တိမ်းမှောက်မှုနှင့်ပတ်သက်၍ ယာဉ်မောင်းအား အရေးယူနိုင်ရေးအတွက် တာဝန်ရှိသူများက ဆက်လက်စစ်ဆေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**မျိုးဧယျာ(ပျဉ်းမနား)**

**ဓာတ်ပုံ-ကောင်းကင်**

# စိတ်ကြွရူးသွပ်ဆေးပြားများ မြိတ်မြို့၌ ဖမ်းဆီးရမိ

**မြိတ် ဇွန် ၁၆**

မြိတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူအဖွဲ့မှ ရဲအုပ်ခင်မောင်အေးဦးစီးအဖွဲ့၊ အမှတ်(၃)နယ်မြေရဲကင်းမှူး ဒုရဲအုပ်စည်သူလင်း ဦးစီးအဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၄ ရက် ညနေ ၃ နာရီခန့်က မြိတ်မြို့ နောက်လယ်ရပ်ကွက် ပိတောက်ရွှေဝါလမ်းမကြီး မက်ဒေါနား ဘီယာဆိုင်ရှေ့လမ်းမကြီးပေါ်တွင် ထက်ဇေယျစိုး(ခ)ပေါက်စသည် ဆိုင်ကယ်တစ်စီးဖြင့် မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲရန် ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ စိတ်ကြွရူးသွပ် ဆေးပြားစုစုပေါင်း ၂၁၂၅ ပြား ကာလတန်ဖိုးငွေကျပ် ၁၀၆၂၅၀၀၀ ခန့်နှင့် ငွေစက္ကူရောရာငွေကျပ် ၃၀၀၀၀ တို့ကို ရှာဖွေသိမ်းဆည်းရမိကြောင်း သိရသည်။

ထက်ဇေယျစိုး(ခ) ပေါက်စအား စစ်ဆေးမေးမြန်းခဲ့ရာ ဇွန် ၁၄ ရက် မွန်းလွဲ ၁ နာရီခန့်က မြိတ်မြို့ ကန်ကြီးနယ်မြေ သာကေတရပ် သဲကွင်း(၄)လမ်းရှိ ဘစိုး(ခ)ငွေစိုးထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဘစိုး(ခ)ငွေစိုး၏နေအိမ်အား သွားရောက်ရှာဖွေခဲ့ရာ ဘစိုး(ခ)ငွေစိုးအား နေအိမ်တွင်တွေ့ရှိပြီး နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြားသုံးပြားအား ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးသုံးစွဲသူ ထက်ဇေယျစိုး(ခ) ပေါက်စနှင့် ဘစိုး(ခ)ငွေစိုးတို့အား မြိတ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# အိမ်နောက်ဖေး ကောက်ရိုးပုံထားသည့်တဲအတွင်းမှ မူးယစ်ဆေးဝါးများတွေ့ရှိ

**ဟိုပင် ဇွန် ၁၆**

ကချင်ပြည်နယ် မိုးညှင်းခရိုင်ဟိုပင်မြို့နယ်ခွဲ ဟိုပင်ရဲစခန်းပိုင်နယ်မြေအတွင်း သတင်းအရရှာဖွေရာမှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရ သည်။

ဖြစ်စဉ်မှာ ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲက မြို့နယ်ရဲတပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါးအန္တရာယ် ကင်းစင်ပပျောက်ရေးဆောင်ရွက်နေစဉ် စခန်းမှူး ရဲအုပ် တင်ထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ ဟိုပင်မြို့နယ်ခွဲ ရွာသစ်ကြီးကျေးရွာနေ မခင်အုန်းမြင့်နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၄င်းနေအိမ်အနောက်ဘက် ကောက်ရိုးပုံထားသော တဲအတွင်းမှ ကောက်ရိုးများဖြင့်အုပ်ထားသည့် ဘိန်းစိမ်း အလေးချိန် ၁၂၀၀ ဂရမ်ခန့်စီပါသုံးထုပ် စုစုပေါင်း အလေးချိန် ၃၆၀၀ ဂရမ်ခန့်အပြင် ဘိန်းစိမ်းစုစုပေါင်း အလေးချိန် ၂၀၀ ဂရမ်တို့ကိုပါ ရှာဖွေတွေ့ရှိသဖြင့် စခန်းမှူးကတရားလိုပြုလုပ်ကာ အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝ၆၇)

# အလုပ်အတူလုပ်သူချင်း ရန်ဖြစ်ရာမှ ဓားဖြင့်ခုတ်

**ဆားလင်းကြီး ဇွန် ၁၆**

ဇွန် ၁၄ ရက် ည ၉ နာရီက ဆားလင်းကြီးမြို့မရဲစခန်းတွင် စခန်းမှူးတာဝန်ထမ်းဆောင်နေစဉ် ဆားလင်းကြီးမြို့နယ် ငွေသာကျေးရွာ မြို့နယ်စိုက်ခင်းတွင် လူတစ်ဦး ဓားခုတ်ခံရမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မြို့နယ်စိုက်ခင်း စိုက်ပျိုးရေးနေ့စားအလုပ်သမား ကိုဝင်းထွန်း(မုံရွာခရိုင် ချောင်းဦးမြို့နယ်နေသူ)နှင့် ကိုမြင့်ခိုင် (ဆားလင်းကြီးမြို့နယ် ရင်ပေါင်တိုင်ကျေးရွာ လင်းစားကျက်နေသူ)တို့သည် အလုပ်အတူလုပ်ရာမှ အချင်းများပြီး ကိုဝင်းထွန်းက ဓားရှည်ဖြင့်ခုတ်သဖြင့် ကိုမြင့်ခိုင်မှာ ဒဏ်ရာများ (စိုးရိမ်ရ)ရရှိ၍ စာနာစိတ်လူမှုကူညီရေးအသင်း မော်တော်ယာဉ်ဖြင့် မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဓားဖြင့်ခုတ်သူ ကိုဝင်းထွန်းအား ဆားလင်းကြီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

# ရန်ကင်းမြို့နယ် အမှတ်(၁၁)ရပ်ကွက် ကံဘဲ့ဘူတာရုံလမ်းတွင် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဇွန် ၁၆**

ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် အမှတ်(၁၁)ရပ်ကွက် ကံဘဲ့ဘူတာရုံလမ်း အိမ်အမှတ်(၁၁၇၉)ရှိ စိတ်ကူးချိုချိုပုံနှိပ်တိုက်တွင် ယနေ့ မွန်းလွဲ ၁ နာရီ ၂၅ မိနစ်ခန့်က ဆေးလိပ်ပေါ့ဆမီးကြောင့် မီးစတင်လောင်ကျွမ်းသဖြင့် မီးသတ်ယာဉ် ၁၂ စီးဖြင့် ငြိမ်းသတ်ရာ မွန်းလွဲ ၁ နာရီ ၄၅မိနစ်တွင် မီးညွန့်ကျိုးသွားကြောင်း သိရသည်။

အဆိုပါမီးလောင်မှုနှင့် စပ်လျဉ်း၍ ပုံနှိပ်တိုက်ပိုင်ရှင် ဦးစန်းဦးအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

(၅၉၈)



**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း**
**ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## B.Tech.မှ B.E ပေါင်းကူးဝင်ခွင့်စာမေးပွဲ ကျင်းပမည့် အစီအစဉ်ကြေညာခြင်း

၁။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် B.Tech.မှ B.E ပေါင်းကူးသင်တန်းများအား ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်၊ ပြည် နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မြစ်ကြီးနား/ဗန်းမော်/ကလေး/စစ်ကိုင်း/မုံရွာ/မန္တလေး/ကျောက်ဆည်/မိတ္ထီလာ/ရမည်းသင်း/မကွေး/ ပခုက္ကူ/လားရှိုး/တောင်ကြီး/ပင်လုံ/ကျိုင်းတုံ/လွိုင်ကော်/တောင်ငူ/စစ်တွေ/မှော်ဘီ/သန်လျင်/ပုသိမ်/ဟင်္သာတ/မအူပင်/မော်လမြိုင်/ဘားအံ/ထားဝယ်/မြိတ်)တို့၌ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါသင်တန်းသို့(ယခင်)သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်/ကောလိပ်/သိပ္ပံများတွင် ဖွင့်လှစ်သင်ကြားခဲ့သော B.Tech.သင်တန်းများ၏အတန်းတင်စာမေးပွဲများတွင် အောင်မြင်၍ B.Tech.ဘွဲ့များ ရရှိခဲ့ပြီး တစ်ဆင့်မြင့်သင်တန်းများသို့ ဆက်လက်တက်ရောက်ခွင့်မရရှိခဲ့သော ကျောင်းသားကျောင်းသူအားလုံး လျှောက်ထားနိုင်ပြီး ဝင်ခွင့်စာမေးပွဲစစ်ဆေး၍ တက္ကသိုလ်အလိုက်၊ ဖွင့်လှစ်သင်ကြားမည့် ဘာသာရပ်များအလိုက် လိုအပ်ချက်အတိုင်း ရွေးချယ်တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ သတ်မှတ်ချက်နှင့်ကိုက်ညီပြီး သင်တန်းတက်ရောက်ရန် စိတ်ပါဝင်စားသူများအနေဖြင့် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာများအား မိမိတို့တက်ရောက်လိုသည့် နည်းပညာတက္ကသိုလ်တွင် ၁၆-၆-၂၀၁၆ရက်မှစတင်၍ အောက်ပါစာရွက်စာတမ်း အပြည့်အစုံနှင့်အတူ လျှောက်ထားရမည်ဖြစ်ပါသည်-

(က) B.Tech.ဘွဲ့လက်မှတ်မူရင်း(သို့မဟုတ်)အောင်မြင်ကြောင်း ထောက်ခံစာမူရင်းနှင့်မိတ္တူ

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းနှင့်မိတ္တူ

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကိုယ်တိုင်ဝန်ခံချက်နှင့် မိဘအုပ်ထိန်းသူများ၏ဝန်ခံချက်

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံလေးပုံ

၄။ ပေါင်းကူးဝင်ခွင့် သတ်မှတ်ချက်များအတိုင်း လျှောက်လွှာတင်ထားသည့် စာမေးပွဲဖြေဆိုမည့်သူများသည် မိမိတို့လျှောက်လွှာတင်ထားသည့် နည်းပညာတက္ကသိုလ်တွင် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဖြေဆိုကြရပါမည်-

| စဉ် | ဖြေဆိုရမည့်ဘာသာရပ် | နေ့ရက် | အချိန် (နာရီ) |
|---|---|---|---|
| (က) | အင်္ဂလိပ်စာ | ၆-၈-၂၀၁၆ရက်(စနေနေ့) | နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီထိ |
| (ခ) | သက်ဆိုင်ရာဘာသာရပ် | ၇-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့) | နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီထိ |

၅။ အခြားသိရှိလိုသည့် ဝင်ခွင့်စာမေးပွဲဆိုင်ရာအသေးစိတ်အချက်အလက်များအား မိမိတို့တက်ရောက်လိုသည့် နည်းပညာတက္ကသိုလ်များတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်တရားရုံး**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၇**

မခင်သန်းလှိုင် **နှင့်** ကိုကျော်မိုးနိုင်

**တရားလို** **တရားပြိုင်**

နတ်တလင်းမြို့နယ်၊ တောင်ညိုမြို့သစ်၊ သဖန်းချောင်အုပ်စု၊ အောင်မြန်မာ(၂)နေ ကိုကျော်မိုးနိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ မခင်သန်းလှိုင်က အကြင်လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဇွန် ၃၀ ရက် (၁၃၇၈ခုနှစ် နယုန်လပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇွန် ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မင်းထက်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**နတ်တလင်းမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၄၅၃၅ Honda Dream C 100 MS M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်မိုး ၉/မရတ(နိုင်)၀၀၀၉၂၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ပုံစံ(၈)ဝင် သစ်/ခွဲသားများ လေလံတင်ရောင်းချရန် လေလံကြော်ငြာ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်အတွင်းရှိ (မော်လိုက်မြို့နယ်နှင့် ဖောင်းပြင်မြို့နယ်) တို့မှ ဖမ်းဆီးရမိသော ပုံစံ(၈)ဝင် ကျွန်းသစ်/ကျွန်းခွဲသား/တမလန်းခွဲသား/ တမလန်းဓါးရွေ/အင်ခွဲသား/အုပ်စု(၂)ခွဲသားများကို မော်လိုက်ခရိုင်သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၆-၇-၂၀၁၆ရက် နံနက် ၁၀း၁၀နာရီတွင် **တိုင်းဒေသကြီးကျော် သယ်ယူခွင့်မပြုကြောင်း** စည်းကမ်းသတ်မှတ်၍ လက်ရှိမျက်မြင် အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ လေလံလျှောက်လွှာများကို မော်လိုက်ခရိုင် သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် တစ်စောင်လျှင် (၅၀၀၀/-)နှုန်းဖြင့် ၂၀-၆-၂၀၁၆ရက်မှ ၄-၇-၂၀၁၆ရက် အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**ပစ္စည်းအမျိုးအမည်စာရင်း**

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | ပစ္စည်းတည်နေရာ | | မော်လိုက်ခရိုင် |
|---|---|---|---|---|---|
| | | | မော်လိုက်မြို့နယ် | ဖောင်းပြင်မြို့နယ် | |
| ၁ | ကျွန်းသစ် | တန် | ၁.၇၄၆ | - | ၁.၇၄၆ |
| ၂ | ကျွန်းခွဲသား | ။ | ၀.၀၈၈၀ | ၂.၈၃၄၄ | ၂.၉၂၂၄ |
| ၃ | တမလန်းခွဲသား | ။ | ၄၀.၂၃၆၀ | - | ၄၀.၂၃၆၀ |
| ၄ | တမလန်းဓါးရွေ | ။ | - | ၁၅.၄၁၁၀ | ၁၅.၄၁၁၀ |
| ၅ | အင်ခွဲသား | ။ | - | ၁၃.၈၁၅၈ | ၁၃.၈၁၅၈ |
| ၆ | အုပ်စု(၂)ခွဲသား တန်(အင်/ကညင်) | ။ | ၆.၉၈၇ | - | ၆.၉၈၇ |
| | စုစုပေါင်း | | ၄၉.၀၅၇ | ၃၂.၀၆၁၂ | ၈၁.၁၁၈၂ |

အသေးစိတ်စာရင်း သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မော်လိုက်ခရိုင်ရုံးဖုန်း -၀၇၃-၄၂၀၄၉

မော်လိုက်မြို့နယ်ရုံးဖုန်း -၀၇၃-၄၂၀၂၁

ဖောင်းပြင်မြို့နယ်ရုံးဖုန်း -၀၉-၄၅၂၀၅၉၅၂၉၊ ၀၁၀-၄၂၁၇၂၉၈

**ဥက္ကဋ္ဌ လေလံတင်ရောင်းချရေးကော်မတီ**

**ဖခင်အမည်မှန်**

မင်္ဂလာဒုံ ထ(ခွဲ)၊ အလက(၇)၊ အဌမတန်း(ခ)မှ မောင်ညီညီဖြိုး၏ ဖခင်အမည်မှန်မှာ ဦးသိန်းဦး ၁၂/မဂဒ(နိုင်)၁၇၅၈၉၆ ဖြစ်ပါကြောင်း။

**ဦးသိန်းဦး**

# မြန်မာယူ-၁၉ နှင့် ယူ-၁၆ အမျိုးသမီးအသင်းတို့ ခြေစမ်းကစား

**ရန်ကုန် ဇွန် ၁၆**

အိုလံပစ်နေ့အထိမ်းအမှတ် ခြေစမ်းပွဲအဖြစ် မြန်မာယူ-၁၉ အမျိုးသမီးအသင်းနှင့် ယူ-၁၆ အ မျိုးသမီးအသင်းတို့ ယနေ့ ညနေ ၄ နာရီက အောင်ဆန်းကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ယင်းခြေစမ်းပွဲတွင် ယူ-၁၉ အမျိုးသမီးအသင်းက ၁၀ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ သက်တမ်းအလိုက် အသင်းများဖြစ်သောကြောင့် ခြေစွမ်းပိုင်းကွာဟမှုကြီးမားခဲ့ပြီး ယူ-၁၉အသင်းက ဂိုးပြတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ယူ-၁၉ အမျိုးသမီးအသင်းကို ဦးဝင်းမြင့်သွင်၊ ယူ-၁၆ အမျိုးသမီးအသင်းကို ဒေါ်စန်းစန်းသိမ်းစသည့် ပြည်တွင်းနည်းပြဆရာများက ကိုင်တွယ်လျက်ရှိပြီး ယခုနှစ်အတွင်း ကျင်းပမည့် အာရှခြေစစ်ပွဲများအတွက် ပြင်ဆင်နေခြင်းဖြစ်သည်။

ယူ-၁၉ အမျိုးသမီးအသင်းမှာ ပွဲစကတည်းက ခြေအသာဖြင့် ဖိကစားနိုင်ခဲ့ပြီး ၁၀ မိနစ်တွင် ဂျူလိုင်ကျော်က အဖွင့်ဂိုးစတင်သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ယူ-၁၉ အမျိုးသမီးအသင်းက စိတ်ကြိုက် ကစားသွားခဲ့ပြီး ၂၅ မိနစ်တွင် ဇင်မိုးထက်၊ ၂၈ မိနစ်တွင် နှင်းကလျာကို၊ ၂၉ မိနစ်တွင် ဂျူလိုင်ကျော်တို့က အနိုင်ဂိုးများထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ယူ-၁၉ အသင်းကသာ ပွဲကိုစိုးမိုးသွားခဲ့ပြီး ၅၃ မိနစ်တွင် နုနု၊ ၆၂၊ ၇၄၊ ၇၈ မိနစ်တို့တွင် နှင်းကလျာကို၊ မိနစ် ၈၀ တွင် သင်းသင်းယု၊ ၈၂ မိနစ်တွင် ဇွန်ပွင့်ဖြူတို့က သွင်းယူပေးခဲ့သည်။



ယူ-၁၉ အမျိုးသမီးအသင်းနှင့် ယူ-၁၆ အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်နေစဉ်

ခြေစမ်းပွဲကစားခဲ့သည့် အသင်းများကို ဆုကြေးများ ချီးမြှင့်ခဲ့ပြီး ယူ-၁၉ အမျိုးသမီးအသင်းကို ငွေကျပ်နှစ်သိန်း၊ ယူ-၁၆ အမျိုးသမီးအသင်းကို ငွေကျပ်တစ်သိန်းတို့ချီးမြှင့်ခဲ့သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

# မြန်မာအမျိုးသမီးဖူဆယ်အသင်း ထိုင်းကလပ်အသင်းကို ခြေစမ်းပွဲတွင်အနိုင်ရရှိ

**ရန်ကုန် ဇွန် ၁၆**

ထိုင်းနိုင်ငံတွင် လေ့ကျင့်မှုများ ပြုလုပ်နေသည့် မြန်မာအမျိုးသမီးဖူဆယ်အသင်းသည် ပထမဆုံးခြေစမ်းပွဲအဖြစ် ထိုင်းအမျိုးသမီးဖူဆယ်ကလပ်အသင်းဖြစ်သည့် Konkan အသင်းနှင့် ယနေ့ညနေပိုင်းက ဗန်ကောက်မြို့တွင် ယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်သည့်အနေဖြင့် ထိုင်းနိုင်ငံတွင် တစ်ပတ်ကြာသွားရောက် လေ့ကျင့်နေခြင်းဖြစ်ပြီး ပထမဆုံး ခြေစမ်းပွဲတွင် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းနှင့် ခြေစမ်းကစားခဲ့သည့် Konkan အသင်းတွင် ထိုင်းလက်ရွေးစင် ကစားသမားများပါဝင်ခဲ့သော်လည်း တင့်တင့်ထွန်း၊ မိဆက်တို့၏ သွင်းဂိုးများဖြင့် မြန်မာအသင်းက အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ဒုတိယခြေစမ်းပွဲအဖြစ် ဇွန် ၁၈ ရက်တွင် ဗန်ကောက် အမျိုးသမီး ဖူဆယ်ကလပ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

▲ *ကျောဖုံးမှ*

ပွဲချိန် ၄၆ မိနစ်တွင် အင်္ဂလန်တို့ တိုက်စစ်မှူးများလဲလှယ်ခဲ့ရာ ဟယ်ရီကိန်းအစား ဗာဒီနှင့် စတာလင်းအစား စတာရစ်တို့ လူစားဝင်ရောက်ခဲ့သည်။ ပွဲချိန် ၅၆ မိနစ်တွင် အင်္ဂလန်တိုက်စစ်မှူးဗာဒီက လူကျံနေသည့်အနေအထားမှ ကန်သွင်းခဲ့၍ အင်္ဂလန်တို့ ချေပဂိုးရရှိခဲ့သည်။

အင်္ဂလန်တို့အနေဖြင့် ၇၃ မိနစ်တွင် ကွင်းလယ်လူ လယ်လာနာအစား လူငယ်ကစားသမား ရက်ရှ်ဖို့ဒ်ကို လူစားလဲပြီး တိုက်စစ်အားမြှင့်ခဲ့သည်။ နှစ်သင်းစလုံး အနိုင်ရရှိရေး ကြိုးစားသော်လည်း ပွဲပြီးခါနီးအချိန်ပိုမိနစ်တွင် အင်္ဂလန်တိုက်စစ်မှူး စတာရစ်က ဝေးလ်ဂိုးစည်းအတွင်း ကစားသမားများ ရှုပ်နေသည့်ကြားထဲမှ ကန်သွင်းခဲ့၍ အင်္ဂလန်တို့ အနိုင်ဂိုးရရှိခဲ့သည်။ အုပ်စု (ခ)၌ နှစ်ပွဲကစားအပြီး အင်္ဂလန်တို့က လေးမှတ်၊ စလိုဗက်ကီးယားက သုံးမှတ်၊ ဝေးလ်က သုံးမှတ်နှင့် ရုရှားက တစ်မှတ် ရရှိထားသည်။

အုပ်စု(ခ) တတိယပွဲစဉ်များကို ဇွန် ၂၁ ရက် နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ စလိုဗက်ကီးယားနှင့် အင်္ဂလန်၊ ရုရှားနှင့် ဝေးလ်တို့ ကစားကြမည်ဖြစ်သည်။

ယူရို ၂၀၁၆ အုပ်စုပွဲစဉ်(၂)တွင် ပြင်သစ်က အယ်လ်ဘေးနီးယားကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ရိုမေးနီးယားနှင့်ဆွစ်ဇာလန်မှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

အိမ်ရှင်ပြင်သစ်နှင့်အယ်လ်ဘေးနီးယားပွဲကို ဇွန် ၁၆ ရက် နံနက်ပိုင်းက ယှဉ်ပြိုင် ကစားခဲ့ရာ ပွဲပြီးခါနီးထိ နှစ်သင်းစလုံးဂိုးမသွင်းနိုင်ဘဲ မိနစ် ၉၀ တွင် ဂရေ့စ်မန်း၏ ခေါင်းတိုက်သွင်းဂိုးဖြင့် အိမ်ရှင်ပြင်သစ်တို့ အဖွင့်ဂိုးရရှိခဲ့ပြီး နာကျင်အချိန်ပိုတွင် ပါယက်ကပြင်သစ်အသင်းအတွက် ဒုတိယမြောက်ဂိုးသွင်းယူပေးခဲ့သည်။ ယင်းပွဲတွင် အိမ်ရှင်ပြင်သစ်အသင်း ဘောလုံးပိုင်ဆိုင်မှုအသာစီးနှင့် ဂိုးကန်သွင်းခွင့် ၁၅ ကြိမ်ရရှိကာ နှစ်ကြိမ်သာဂိုးပေါက်တည့်ခဲ့ပြီး ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သည်။

ဇွန် ၁၅ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ရိုမေးနီးယားနှင့် ဆွစ်ဇာလန်တို့ပွဲတွင် ပွဲချိန် ၁၈ မိနစ်၌ ရိုမေးနီးယားအသင်း ပယ်နယ်တီကန်ခွင့်ရကာ စတန်ကျူက သွင်းယူခဲ့သည်။ ဆွစ်ဇာလန်အတွက် ချေပဂိုးကို ပွဲချိန် ၅၇ မိနစ်တွင် မက်မီဒီက သွင်းယူခဲ့သည်။ အုပ်စု (က)၌ နှစ်ပွဲကစားအပြီးတွင် အိမ်ရှင်ပြင်သစ်က ရမှတ်ခြောက်မှတ်ရရှိထားပြီး ဆွစ်ဇာလန်ကလေးမှတ်၊ ရိုမေးနီးယားက တစ်မှတ်နှင့် အယ်လ်ဘေးနီးယားက အမှတ်မရသေးပေ။

အုပ်စု (ဂ) ပွဲစဉ် ယူကရိန်းနှင့် မြောက်အိုင်ယာလန်ပွဲကို ဇွန် ၁၆ ရက် ည ၁၀ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ မြောက်အိုင်ယာလန်က နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။



ဝေးလ်တိုက်စစ်မှူး ဂါရက်ဘေးလ် အင်္ဂလန်ဘက်သို့ အလွတ်တည်ကန်ဘောမှတစ်ဆင့် ဘောလုံးကန်သွင်းစဉ်

## မြန်မာ့ရုပ်မြင်သံကြား

## News Channel

**၁၇-၆-၂၀၁၆ (သောကြာနေ့)**

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ - ပြည်သူတို့ရဲ့စကားသံများ
၉း၃၅ - အနုပညာသတင်းအစီအစဉ်
၁၁း၃၅ - အလုပ်သမားရေးရာအစီအစဉ်
၁၄း၄၀ - မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ (ရွှေချစ် သွေးနှင့် စောဖြိုးဝေ)
၁၅း၃၅ - **ရှုမဆုံးတော့သည့် လူ့ချွန် လူကောင်း၏ပုံရိပ်လွှာ**(အပိုင်း-၂)
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ**မင်္ဂလာပါဂင်ချီ**(အပိုင်း-၄၃)
၂၀း၀၀ - ပြည်တွင်းသတင်း
- နိုင်ငံခြားဇာတ်လမ်းတွဲ **မကြွေတဲ့ နှင်းဆီ** (အပိုင်း-၁၇)
- သမိုင်းကိုဖော်ပြသောဝါကျများ (ဇာတ်သဘင်ပညာရှင်ကြီး ဦးပေါက်စနှင့် တွေ့ဆုံခြင်း)

**မှတ်ချက်။ ။နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

ဒေဝယက္ခ အကျိတ်ကြေအနုမြူမန်းဆေးကိုသုံးစွဲခြင်းဖြင့် မိုးရာသီတွင်ဖြစ်ပွားတတ်သောရောဂါများကို ကာကွယ်ပါ




မိုးဦးကျပြီဖြစ်၍ သရက်သီး၊ ပိန္နဲသီး၊ ဒူးရင်းသီး၊ ကြက်မောက်သီး၊ မင်းဂွတ်သီး၊ နာနတ်သီး စသည့် ရာသီစာသစ်သီးများကို မဆင်မခြင်စားသုံးခြင်းကြောင့် အဖုအကျိတ်အမျိုးမျိုး၊ ယားနာများ၊ ဝမ်းပျက်ဝမ်းလျောနှင့် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများ၊ သံကောင်၊ တုတ်ကောင်များနှင့်ကူးစက်သောရောဂါများပုံမှန်ဖြစ်ပွားနေကြပါသည်။ ဖော်ပြပါအသီးများလွန်ကဲစွာ စားသုံးခြင်းကြောင့် အဖုအကျိတ်များနှင့်ရောဂါများ ဖြစ်ပွားလာပါက ဒေဝယက္ခအကျိတ်ကြေအနုမြူမန်းဆေးကိုသုံးစွဲခြင်းဖြင့် ကာကွယ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

➤ အမြို့မြို့ဆိုင်များတွင် လွယ်လင့်တကူ ရရှိနိုင်ရန် စီစဉ်ထားပါသည်။
➤ ရဟန်းသံဃာတော်များနှင့်သာသနာ့နွယ်ဝင်သီလရှင်များ လိုအပ်ပါက အလှူခံတော်မူကြပါ။

ဒေဝယက္ခ
အကျိတ်ကြေအနုမြူ မန်းဆေး

ဒေဝယက္ခအကျိတ်ကြေအနုမြူမန်းဆေး၊ ပဲခူးမြို့။
ဖုန်း-၀၉-၅၃၀၀၁၄၁

## မိတ္ထီလာဒေသကောလိပ် စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲ

မိတ္ထီလာဒေသကောလိပ်တွင် ၁၉၇၇မှ ၁၉၈၂ခုနှစ်ထိ ပညာသင်ကြားခဲ့သော တပည့်များက စတုတ္ထအကြိမ် မြတ်ဆရာကန်တော့ပွဲကို ၁၇-၇-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် မိတ္ထီလာတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပါမည်။ ၁၆-၇-၂၀၁၆ ရက်(စနေနေ့) ညနေ ၆ နာရီတွင် မိတ္ထီလာမြို့ တော်ဝန်နန်းခန်းမ၌ အကြိုညစာစားပွဲကျင်းပပါမည်။

မိတ္ထီလာဒေသကောလိပ်တွင် သင်ကြားပို့ချပေးခဲ့သော ဆရာကြီး-ဆရာမကြီးများ ကြွရောက်အပူဇော်ခံကြပါရန်နှင့် တပည့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကန်တော့ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အလှူငွေနှင့် ကန်တော့ပစ္စည်းများ လှူဒါန်းလိုပါက အောက်ဖော်ပြပါ ကျောင်းသား ကျောင်းသူများထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

| | |
|---|---|
| ဒေါ်မိုးမိုးအောင် (ရန်ကုန်) | ဖုန်း-၀၉-၄၂၀၀၀၀၆၄၉၄ |
| ဒေါ်ခင်မြတ်နွယ် (ရန်ကုန်) | ဖုန်း-၀၉-၂၅၀၂၀၆၂၅၅ |
| ဦးဇော်မြင့်(မိတ္ထီလာ) | ဖုန်း-၀၉-၇၉၈၇၇၇၇၀၈ |
| ဒေါ်အေးအေးဝင်း(မိတ္ထီလာ) | ဖုန်း-၀၉-၇၉၄၆၉၇၉၃၆ |
| ဒေါက်တာ နေမျိုး(မန္တလေး) | ဖုန်း-၀၉-၂၀၁၃၅၂၂ |
| ဒေါက်တာ ဝင်းမောင်(ပျော်ဘွယ်) | ဖုန်း-၀၉-၅၁၆၃၈၀၉ |
| ဒုတိယရဲမှူးကြီး ရွှေသောင်း(နေပြည်တော်) | ဖုန်း-၀၉-၂၀၁၆၉၄၁ |
| ဦးထွန်းကြိုင်(တပ်ကုန်း) | ဖုန်း-၀၉-၇၉၇၆၇၀၅၁၃ |
| မိုးအောင်ကျော်(ပျဉ်းမနား) | ဖုန်း-၀၉-၂၅၄၄၂၀၈၀ |
| ဦးမောင်မောင်-ဒေါ်နှင်းနှင်းလွင်(မလှိုင်) | ဖုန်း-၀၉-၆၅၂၀၂၀၁ |
| ဒေါ်ချိုချိုစိန်(တောင်သာ) | ဖုန်း-၀၉-၇၉၇၇၄၅၀၀၆ |
| ဒေါ်အေးမြင့်ကြည်(နွားထိုးကြီး) | ဖုန်း-၀၉-၇၈၁၉၂၂၂၄၁ |
| ဒေါ်မွေးမွေး(မြင်းခြံ) | ဖုန်း-၀၉-၄၅၀၀၄၉၉၆၃ |
| ဒေါက်တာ ခင်အောင်ဇော်(ညောင်ဦး) | ဖုန်း-၀၉-၂၅၉၁၅၉၇၂၁ |
| ဦးမြင့်အောင် (ကျောက်ပန်းတောင်း) | ဖုန်း-၀၉-၂၂၂၁၀၄၂ |
| ဦးလှကို (ဝမ်းတွင်း) | ဖုန်း-၀၉-၂၁၆၅၁၀၄ |
| ဒေါက်တာစန်းစန်းဝေ(မိတ္ထီလာတက္ကသိုလ်) | ဖုန်း-၀၉-၄၄၈၀၁၇၅၂၂ |
| ဒေါ်သီတာ(ဦးစီးအရာရှိ၊ မြို့နယ်စာရင်းစစ်ရုံး၊ သာစည်) | ဖုန်း-၀၉-၂၅၀၄၈၆၄၈၇ |

## ဖခင်အမည်မှန်

နမ္မတူမြို့၊ ပန်ဟိုက်(၇)ရပ်ကွက်၊ အထက(၂) တက္ကသိုလ်ဝင်တန်း (B)မှ မဇာခြည်လင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ဝင်းဖြစ်ပါသည်။

ဦးအောင်ဝင်း

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8L/5415 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## ဂန္ဓမာဟိုးစေးစင်တာဝင်းအတွင်းရှိ စားသောက်ဆိုင်ခန်းများနှစ်ချုပ်ဖြင့် ငှားရမ်းမည်

မရမ်းကုန်းမြို့နယ်၊ ဂန္ဓမာလမ်းနှင့်ဝေဇယန္တာလမ်းထောင့်ရှိ ဂန္ဓမာဟိုးစေးစင်တာဝင်းအတွင်း အောက်ဖော်ပြပါ အကျယ်အဝန်းရှိ စားသောက်ဆိုင်ခန်းများအား ငှားရမ်းမည်ဖြစ်ပါ၍ စိတ်ပါဝင်စားငှားရမ်းလိုသူများ အနေဖြင့် မိမိတို့ရောင်းချလိုသည့် စားသောက်ကုန် (ဥရောပ၊ မလေးရှား၊ ထိုင်း၊ ဂျပန်၊ မြန်မာ၊ တရုတ်၊ လက်ဖက်ရည်စားဖွယ်စုံ) အမျိုးအစားဖော်ပြ၍ အသေးစိတ်အချက်အလက်များနှင့်အတူ ရွှေဂန္ဓမာအင်တာနေရှင်နယ်ထရေးဒင်းလီမိတက်သို့ ၃၀.၆.၂၀၁၆ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားပေးပို့ရန်ဖြစ်ပါသည်-

(က) 5105 sq-ft (စားသောက်ဆိုင်ခန်း) လက်ရှိ ခိုင်ခိုင်ကျော် မြန်မာထမင်းဆိုင်
(ခ) 4833 sq-ft (စားသောက်ဆိုင်ခန်း) လက်ရှိ Eugenia စားသောက်ဆိုင်
(ဂ) 3755 sq-ft (စားသောက်ဆိုင်ခန်း) လက်ရှိ Moon Bakery စားသောက်ဆိုင်
(ဃ) 3792 sq-ft (စားသောက်ဆိုင်ခန်း) လက်ရှိ My Choice စားသောက်ဆိုင်
(င) 2106 sq-ft (စားသောက်ဆိုင်ခန်း) လက်ရှိ ကောင်းသူစံ လက်ဖက်ရည်ဆိုင်
(စ) 176 sq-ft (ဝန်ဆောင်မှုလုပ်ငန်း) လက်ရှိ Nice Fare Travel & Tour

အသေးစိတ်အချက်အလက်များသိလိုပါက ဦးစန်းဝင်း၊ အထွေထွေမန်နေဂျာ၊ ဖုန်းနံပါတ် ၀၁-၆၅၇၉၀၄၊ ဒေါ်သန်းသန်းဝင်း၊ လက်ထောက်အထွေထွေမန်နေဂျာ၊ ဖုန်းနံပါတ် ၀၁-၆၅၇၃၁၁၊ ၀၁-၆၅၇၃၂၂၊ လိုင်းခွဲ နံပါတ် (၁၁၉)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ဗန်းမော်ခရိုင်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ် ငွေလုံးငွေရင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သော ဘိလပ်မြေ၊ သံချောင်း၊ သစ်ခွဲသား၊ ခွဲကျောက်ရွယ်စုံများအား လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

တင်ဒါအမှတ်စဉ်(၁/၂၀၁၆)

(က) **တင်ဒါလျှောက်လွှာဝယ်ယူနိုင်သည့်ရက်** - ၁၇-၆-၂၀၁၆ရက်
(ခ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်** - ၁၅-၇-၂၀၁၆ရက်
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့

၂။ အသေးစိတ်အချက်အလက်များနှင့်တင်ဒါလျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဗန်းမော်မြို့ ဖုန်း-၀၇၄-၅၀၀၁၉ တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

# မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်**

**မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကြမ်း**

**( ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**

**၁၃၇၈ ခုနှစ်၊ လ ရက်**

**( ၂၀၁၆ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အကျိုးစီးပွားအတွက် ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့အား ကာကွယ်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်ထားသော ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ပင်လယ်ဇုန်များ** ဆိုသည်မှာ ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့အပါအဝင် နိုင်ငံတော်နှင့် သက်ဆိုင်သည့် ပင်လယ်ဇုန်များကို ဆိုသည်။

(င) **အခြေခံမျဉ်း** ဆိုသည်မှာ ဤဥပဒေ၏ နောက်ဆက်တွဲ (က)တွင် သတ်မှတ်ဖော်ပြထားသည့် အခြေခံမျဉ်းများကို ဆိုသည်။

(စ) **အတွင်းပိုင်းရေပြင်** ဆိုသည်မှာ အခြေခံမျဉ်းမှ ကုန်းတွင်းဘက်ရှိ ရေပိုင်နက်ကို ဆိုသည်။

(ဆ) **နိုင်ငံခြားသား** ဆိုသည်မှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ မဟုတ်သောသူကို ဆိုသည်။

(ဇ) **ငါးဖမ်းခြင်း** ဆိုသည်မှာ ငါးများအားဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်း စသည်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းလုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများလည်း ပါဝင်သည်။

(ဈ) **ရေယာဉ်** ဆိုသည်မှာ ရေတွင်လှုပ်ရှားသွားလာနိုင်သော စက်တပ် သို့မဟုတ် စက်မဲ့ရေယာဉ်ကို ဆိုသည်။

(ည) **နိုင်ငံခြားရေယာဉ်** ဆိုသည်မှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသောရေယာဉ်၊ မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံတစ်ခုခုတွင် မှတ်ပုံတင်ထားခြင်းမရှိသော မြန်မာနိုင်ငံသားပိုင်ရေယာဉ်နှင့် နိုင်ငံတော်ပိုင်ရေယာဉ်တို့မှအပ အခြားရေယာဉ်များကို ဆိုသည်။

(ဋ) **သဘာဝသယံဇာတ** ဆိုသည်မှာ ပင်လယ်ကြမ်းပြင်၊ ပင်လယ်ကြမ်းပြင်အောက်ခံမြေထုနှင့်ပင်လယ်ကြမ်းပြင်အထက်ရှိ ရေထုတို့တွင် ပါဝင်သော သက်ရှိသက်မဲ့ သယံဇာတများကို ဆိုသည်။

(ဌ) **ရေမိုင်** ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာရေမိုင်ကို ဆိုသည်။

**အခန်း (၂)**

**ပိုင်နက်ပင်လယ်**

၃။ နိုင်ငံတော်၏ ပိုင်နက်ပင်လယ်သည် အခြေခံမျဉ်းများမှ ပင်လယ်ဘက်သို့ ရေမိုင် တစ်ဆယ့်နှစ်မိုင်အထိ ကျယ်ဝန်းသည်။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပိုင်နက်ပင်လယ်၊ ယင်းအောက်ရှိ ပင်လယ်ကြမ်းပြင်၊ အောက်ခံမြေထုနှင့် ယင်းအထက်ရှိ လေထုအထိ သက်ရောက်သည်။

၅။ (က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ နိုင်ငံခြားစစ်ရေယာဉ်မှအပ နိုင်ငံအားလုံး၏ ရေယာဉ်များသည် ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းမှုဖြင့် ဖြတ်သန်းခွင့်ရှိသည်။ ဖြတ်သန်းမှုသည် နိုင်ငံတော်၏ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး သို့မဟုတ် လုံခြုံရေးကိုထိပါးခြင်း မရှိသရွေ့ အပြစ်ကင်းသော ဖြတ်သန်းမှုဖြစ်သည်။

(ခ) နိုင်ငံခြားစစ်ရေယာဉ်သည် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ရရှိမှသာ ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းခွင့်ရှိသည်။

(ဂ) အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဝင်ရောက်လာသော နိုင်ငံခြားစစ်ရေယာဉ်ကို ပိုင်နက်ပင်လယ်မှ ချက်ချင်းထွက်ခွာသွားစေရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ဆောင်ရွက်ခွင့်ရှိသည်။

၆။ ပိုင်နက်ပင်လယ်အတွင်း ဖြတ်သန်းနေစဉ်-

(က) မည်သည့်နိုင်ငံခြားရေယာဉ်မဆို နိုင်ငံတော်၏ တည်ဆဲဥပဒေများကို လိုက်နာရမည်။

(ခ) မည်သည့်နိုင်ငံခြားရေယာဉ်မဆို သဘာဝဘေးအန္တရာယ် သို့မဟုတ် တားဆီးရှောင်လွှဲခြင်း မပြုနိုင်သည့်အကြောင်းမှတစ်ပါး ပိုင်နက်ပင်လယ်အတွင်း ရပ်နားခြင်း၊ ကျောက်ချခြင်းမပြုဘဲ အတိုဆုံးလမ်းကြောင်းမှ ဖြတ်သန်းရမည်။

(ဂ) နိုင်ငံခြားငါးဖမ်းရေယာဉ်သည် ပင်လယ်ခရီးထွက်သည့်အခါ ငါးဖမ်းပစ္စည်းကိရိယာများကို သိမ်းဆည်းထားရှိနေကျအတိုင်း စနစ်တကျထားရှိရမည်။

(ဃ) နိုင်ငံခြားသုတေသနရေယာဉ်သည် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ရရှိမှသာ သုတေသနလုပ်ငန်းကို ဆောင်ရွက်ရမည်။

(င) နိုင်ငံခြားရေငုပ်သင်္ဘောများနှင့် ရေအောက်တွင် သွားလာနိုင်သော အခြားယာဉ်များသည် ပိုင်နက်ပင်လယ်အတွင်း ဖြတ်သန်းစဉ် ပင်လယ်ရေမျက်နှာပြင်ပေါ်တွင်သာ ခုတ်မောင်းရမည့်အပြင် သက်ဆိုင်ရာအလံကို လွှင့်ထူရမည်။

၇။ နိုင်ငံခြားရေယာဉ်သည် ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းမှုပြုနေစဉ် အောက်ပါပြုလုပ်မှုတစ်ခုခုကို ပြုမူဆောင်ရွက်ပါက နိုင်ငံတော်၏ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေး သို့မဟုတ် လုံခြုံရေးကို ထိပါးစေသည်ဟု မှတ်ယူရမည်-

(က) နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် နိုင်ငံရေးလွတ်လပ်ခွင့်ကိုလည်းကောင်း၊ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ အပြည်ပြည်ဆိုင်ရာဥပဒေ၏ အခြေခံမူများကိုလည်းကောင်း ချိုးဖောက်သော ခြိမ်းခြောက်မှု၊ အင်အားသုံးမှု သို့မဟုတ် အခြားပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ခြင်း၊

(ခ) မည်သည့်လက်နက်အမျိုးအစားကိုမဆို စမ်းသပ်ခြင်း၊ လေ့ကျင့်ခြင်း၊ သို့မဟုတ် အသုံးပြုခြင်း၊

(ဂ) နိုင်ငံတော်၏လုံခြုံရေး သို့မဟုတ် ကာကွယ်ရေးကိုထိပါးစေမည့် သတင်းအချက်အလက်များစုဆောင်းခြင်း၊

(ဃ) နိုင်ငံတော်၏လုံခြုံရေး သို့မဟုတ် ကာကွယ်ရေးကို ထိပါးစေသော ဝါဒဖြန့်ခြင်း၊

(င) ရေယာဉ်ပေါ်သို့ မည်သည့်ယာဉ်အမျိုးအစားကိုမဆို အတက်အဆင်း ပြုလုပ်ခြင်း သို့မဟုတ် အတင်အချပြုလုပ်ခြင်း၊

(စ) ရေယာဉ်ပေါ်သို့ စစ်လက်နက်ကိရိယာများကို အတင်အချပြုလုပ်ခြင်း သို့မဟုတ် ရေယာဉ်ပေါ်မှ ပစ်လွှတ်ခြင်း၊

(ဆ) နိုင်ငံတော်၏ အကောက်ခွန်၊ ငွေကြေး၊ လူဝင်မှုကြီးကြပ်ရေး သို့မဟုတ် ကျန်းမာသန့်ရှင်းရေးဆိုင်ရာဥပဒေများနှင့် ခွင့်ပြုထားခြင်းမရှိသော ပစ္စည်း၊ ငွေ သို့မဟုတ် လူပုဂ္ဂိုလ်ကို အတင်အချပြုလုပ်ခြင်း၊

(ဇ) အဏ္ဏဝါပတ်ဝန်းကျင်ကိုညစ်ညမ်းစေရန် လုပ်ဆောင်မှုတစ်ခုခုကို ပြုလုပ်ခြင်း၊

(ဈ) ငါးဖမ်းခြင်းနှင့် ငါးလုပ်ငန်း ပြုလုပ်ခြင်း၊

(ည) သုတေသနလုပ်ငန်းများ သို့မဟုတ် တိုင်းတာမှုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဋ) နိုင်ငံတော်၏ဆက်သွယ်ရေးစနစ်၊ အခြားအထောက်အကူပြုပစ္စည်း သို့မဟုတ် တပ်ဆင်ထားသော ပစ္စည်းကိရိယာနှင့် အဆောက်အအုံများကို နှောင့်ယှက်ရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်မှုတစ်ခုခုကို ပြုလုပ်ခြင်း၊

(ဌ) အပြစ်ကင်းသော ဖြတ်သန်းမှုနှင့် တိုက်ရိုက်သက်ဆိုင်မှုမရှိသည့် အခြားဆောင်ရွက်ချက်တစ်ခုခုကို ပြုလုပ်ခြင်း။

၈။ နိုင်ငံခြားရေယာဉ်သည် ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းမှုကိုပြုရာတွင် သက်ဆိုင်ရာဥပဒေများကို လိုက်နာရမည့်အပြင် ပင်လယ်ပြင်၌ ရေယာဉ်တိုက်မှုဖြစ်ပွားခြင်းကို ကာကွယ်ခြင်းနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာစည်းမျဉ်းများကိုလည်း လိုက်နာရမည်။

၉။ (က) နိုင်ငံတော်သည် ရေနံတင်ရေယာဉ်များ၊ အဏုမြူစွမ်းအင်သုံးရေယာဉ်နှင့် အဏုမြူ သို့မဟုတ် ပင်ကိုသဘောအရ အခြားသော အန္တရာယ်ဖြစ်စေသည့် သို့မဟုတ် အဆိပ်အတောက်ဖြစ်စေသည့် ပစ္စည်းများကို သယ်ဆောင်သော ရေယာဉ်အတွက် သွားလာရေးလမ်းကြောင်းကို သတ်မှတ်ပေးပြီး ယင်းလမ်းကြောင်းအတိုင်း ဖြတ်သန်းသွားလာစေရန် ကန့်သတ်ထိန်းချုပ်နိုင်သည်။

(ခ) သက်ဆိုင်ရာ ရေယာဉ်သည် ပုဒ်မခွဲ (က)အရ ဖြတ်သန်းရာတွင် လိုအပ်သော စာရွက်စာတမ်းများကို ယူဆောင်လာရမည့်အပြင် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များအရ ယင်းရေယာဉ်များအတွက် သတ်မှတ်ထားသည့် ကြိုတင်ကာကွယ်ခြင်းဆိုင်ရာ အစီအမံများကိုလည်း လိုက်နာဆောင်ရွက်ရမည်။

၁၀။ အစိုးရအဖွဲ့သည် အောက်ပါအကြောင်းအချက်များကို အလေးထား၍ ရေယာဉ်သွားလာရေးလမ်းကြောင်းများနှင့် ရေယာဉ်လမ်းကြောင်း ခွဲခြားမှုစနစ်၊ အစီအစဉ်များကို ရေပုံပေါ်တွင်သတ်မှတ်ပြီး အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်-

(က) ဤကိစ္စအလို့ငှာ လုပ်ပိုင်ခွင့်ရှိသော အပြည်ပြည်ဆိုင်ရာကျွမ်းကျင်မှုအဖွဲ့အစည်း၏ အကြံပြုချက်နှင့် ထောက်ခံချက်၊

(ခ) အပြည်ပြည်ဆိုင်ရာ ရေကြောင်းသွားလာမှုအတွက် သုံးနေကျဖြစ်သော ရေလမ်းကြောင်းများ၊

(ဂ) အထူးဝိသေသလက္ခဏာရှိသော ရေယာဉ်များနှင့် ရေယာဉ်သွားလာရေးလမ်းကြောင်းများ၊

(ဃ) ရေယာဉ်အသွားအလာ ထူထပ်မှုအခြေအနေများ။

၁၁။ အစိုးရအဖွဲ့သည်-

(က) ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းသွားလာခြင်း မဟုတ်သည့် ဖြတ်သန်းသွားလာခြင်းကို တားဆီးကာကွယ်ရန်အတွက် လိုအပ်သော အစီအမံများကို ဆောင်ရွက်နိုင်သည်။

(ခ) အတွင်းပိုင်းရေပြင်သို့ ခုတ်မောင်းနေသည့်ရေယာဉ်များ သို့မဟုတ် အတွင်းပိုင်းရေပြင် ပြင်ပရှိ ဆိပ်ကမ်းကဲ့သို့ အသုံးပြုနိုင်သည့်နေရာသို့ ဝင်ရောက်သည့် ရေယာဉ်များနှင့် သက်ဆိုင်သည့်စည်းကမ်းချက်များ ချိုးဖောက်ခြင်းကို တားဆီးကာကွယ်ရန် လိုအပ်သောအစီအမံများကို ဆောင်ရွက်နိုင်သည်။

(ဂ) နိုင်ငံတော်၏ လုံခြုံရေးအတွက် ကာကွယ်ရန်လိုအပ်လျှင် ပိုင်နက်ပင်လယ်အတွင်း နိုင်ငံခြားရေယာဉ်များ၏ အပြစ်ကင်းသော ဖြတ်သန်းသွားလာခြင်းကို ခေတ္တရပ်ဆိုင်းနိုင်သည်။ ထိုကဲ့သို့ ရပ်ဆိုင်းထားခြင်းနှင့် စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်ပြီးမှ ဆောင်ရွက်ရမည်။

၁၂။ ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းသွားခွင့်အရ ဖြတ်သန်းသွားလာသည့် နိုင်ငံခြားရေယာဉ်အား သာမန်အားဖြင့် အခကြေးငွေ စည်းကြပ်ခြင်းမပြုရ။ သို့ရာတွင် နိုင်ငံတော်သည် သီးခြားဆောင်ရွက်ပေးရသည့် ဝန်ဆောင်မှုလုပ်ငန်းအတွက်ကိုမူ အခကြေးငွေ စည်းကြပ်နိုင်သည်။

၁၃။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ပိုင်နက်ပင်လယ်အတွင်း ဖြတ်သန်းသွားလာသည့် နိုင်ငံခြားရေယာဉ်များပေါ်တွင် ဖြစ်ပွားသော ပြစ်မှုများနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စရပ်များအတွက် ဖမ်းဆီးခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးခြင်း ပြုနိုင်သည်-

(က) ပြစ်မှုနှင့် ဆက်စပ်အကျိုးသက်ရောက်မှုသည် နိုင်ငံတော်သို့ ပျံ့နှံ့လာနိုင်သည့်ကိစ္စရပ်ဖြစ်ခြင်း၊

(ခ) ပြစ်မှုသည် နိုင်ငံတော်၏ငြိမ်းချမ်းရေး သို့မဟုတ် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကိုထိပါးစေမည့် ကိစ္စရပ်ဖြစ်ခြင်း၊

(ဂ) သင်္ဘောတွင် လွှင့်ထူထားသောအလံနှင့် သက်ဆိုင်သည့် ရေယာဉ်မှူးကဖြစ်စေ၊ နိုင်ငံ၏ သံတမန်ကိုယ်စားလှယ် သို့မဟုတ် ကောင်စစ်အရာရှိကဖြစ်စေ နိုင်ငံတော်၏အကူအညီကို တောင်းခံလာသည့် ကိစ္စရပ်ဖြစ်ခြင်း၊

(ဃ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ တရားမဝင်ရောင်းဝယ်ဖောက်ကားခြင်းကို နှိမ်နင်းရေးအတွက် လိုအပ်သည့် စီမံဆောင်ရွက်မှုဖြစ်ခြင်း၊

(င) အကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ လက်နက်မှောင်ခိုမှု သို့မဟုတ် ပင်လယ်ဓားပြမှုနှင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သက်ဆိုင်သော ပြုလုပ်မှုကို နှိမ်နင်းရေးအတွက် လိုအပ်သည့် စီမံဆောင်ရွက်မှုဖြစ်ခြင်း။

၁၄။ နိုင်ငံခြားရေယာဉ်သည် မြန်မာနိုင်ငံ၏ အတွင်းပိုင်းရေပြင်၌ တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ငြိစွန်းခဲ့ပြီးနောက် ယင်းရေပြင်မှ ထွက်ခွာပြီး ပိုင်နက်ပင်လယ်ကို ဖြတ်သန်းနေစဉ် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်များအပြင် လိုအပ်သလို ဖမ်းဆီးခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးခြင်း ပြုနိုင်သည်။

၁၅။ နိုင်ငံတော်သည် ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းမှုဖြင့် ဖြတ်သန်းသွားလာသော နိုင်ငံခြားရေယာဉ်နှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စများတွင် တရားမကြောင်းအရ စီရင်ပိုင်ခွင့်ကို ကျင့်သုံးနိုင်သည်-

(က) နိုင်ငံခြားရေယာဉ်က ယင်း၏ခရီးစဉ်အတွင်း လိုက်နာရန်ရှိသည့် တာဝန်ကိုပျက်ကွက်ခြင်းနှင့် ပေးဆောင်ရန် တာဝန်ရှိမှုကို ပျက်ကွက်ခြင်း၊

(ခ) နိုင်ငံခြားရေယာဉ်က အတွင်းပိုင်းရေပြင်၌ တရားမကြောင်းဆိုင်ရာ တာဝန်ရှိသော ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း။

**အခန်း(၃)**

**ဆက်စပ်ဇုန်**

၁၆။ နိုင်ငံတော်၏ ဆက်စပ်ဇုန်သည် ပိုင်နက်ပင်လယ်၏ ပြင်ပတွင်တည်ရှိပြီး ပိုင်နက်ပင်လယ်နှင့် တစ်ဆက်တည်းဖြစ်သည့်အပြင် အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင်နှစ်ဆယ့်လေးမိုင်အထိ ကျယ်ဝန်းသည်။

၁၇။ နိုင်ငံတော်သည် ဆက်စပ်ဇုန်တွင် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သည့်ထိန်းချုပ်မှုများကို ကျင့်သုံးပိုင်ခွင့်ရှိသည်-

(က) နိုင်ငံတော်၏ လုံခြုံရေးကို ထိန်းသိမ်းကာကွယ်ရေး၊

(ခ) နိုင်ငံတော်၏ အကောက်ခွန်၊ ငွေကြေး၊ ကျန်းမာသန့်ရှင်းရေးနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာဥပဒေများကို ဖောက်ဖျက်ခြင်းမပြုရန် ကြိုတင်တားဆီးကာကွယ်ရေးနှင့် ဖောက်ဖျက်သူတို့အား ဥပဒေနှင့်အညီ အရေးယူအပြစ်ပေးရေး။

၁၈။ ဆက်စပ်ဇုန်၏ ပင်လယ်ကြမ်းပြင်တွင် တည်ရှိနေသော ရှေးဟောင်းဝတ္ထုပစ္စည်းနှင့်သမိုင်းဝင်ပစ္စည်းများအပါအဝင် မည်သည့်ဝတ္ထုပစ္စည်းကိုမဆို အစိုးရအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ မည်သူမျှရွှေ့ပြောင်းခြင်း မပြုရ။

**အခန်း (၄)**

**သီးသန့်စီးပွားရေးဇုန်**

၁၉။ နိုင်ငံတော်၏ သီးသန့်စီးပွားရေးဇုန်သည် ပိုင်နက်ပင်လယ်၏ ပြင်ပတွင်တည်ရှိပြီး ပိုင်နက်ပင်လယ်နှင့် တစ်ဆက်တည်းဖြစ်သည်။ ယင်းသီးသန့်စီးပွားရေးဇုန်သည် ပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်များမှအပ အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင် (၂၀၀) ထိ ကျယ်ဝန်းသည်။

၂၀။ နိုင်ငံတော်၏ သီးသန့်စီးပွားရေးဇုန်သည် ရခိုင်ကမ်းရိုးတန်းဒေသတွင် ရခိုင်ကမ်းရိုးတန်းရှိ အခြေခံအမှတ် (၁၁)ခုအား ဆက်ဆွဲသော အခြေခံမျဉ်းမှ အောက်ဖော်ပြပါမျဉ်းများအထိ ကျယ်ဝန်းသည်-

(က) မြန်မာ- ဘင်္ဂလားဒေ့ရှ် ပင်လယ်ပြင်နယ်နိမိတ်မျဉ်း၊

(ခ) မြန်မာ - ဘင်္ဂလားဒေ့ရှ် ပင်လယ်ပြင်နယ်နိမိတ်မျဉ်းနှင့် အခြေခံမျဉ်းမှ ရေမိုင် (၂၀၀) ကွာဝေးသော စက်ဝန်းပြတ်မျဉ်းထိသောနေရာမှ ရေမိုင် (၂၀၀) စက်ဝန်းပြတ်မျဉ်း၊

*(ဆက်လက်ဖော်ပြပါမည်)*





# ဆက်လက်စောင့်ကြည့်ရမယ့် ဘယ်လ်ဂျီယံရဲ့ခြေစွမ်း

ဝေမိုးဆက်



**ယူရို ၂၀၁၆ ပြိုင်ပွဲကြီးက ပြင်သစ်နိုင်ငံမှာ ဇွန် ၁၀ ရက်ကတည်းက စတင်ကျင်းပနေခဲ့ပြီး အခုဆိုရင် အုပ်စုပထမပွဲတွေတောင်မှ ပြီးဆုံးခဲ့ပြီဖြစ်ကာ အုပ်စုဒုတိယပွဲတွေတောင်စတင် ကစားနေပြီဖြစ်တယ်။ အဆိုပါပြီးဆုံးခဲ့ပြီဖြစ်တဲ့ အုပ်စုပထမပွဲတွေမှာတော့ နာမည်ကြီးအင်္ဂလန်က အဖွင့်ပွဲစဉ်မှာနိုင် ပွဲမရခဲ့ပေမယ့် အိမ်ရှင်ပြင်သစ်အပါအဝင် အခြားနာမည်ကြီးအသင်းတွေကတော့ နိုင်ပွဲတွေရယူနိုင်ခဲ့ကြတယ်။**

ဒီတော့အဆိုပါ အုပ်စုပထမပွဲတွေအပြီး အုပ်စုဒုတိယပွဲတွေစတင်ကစားနေတဲ့ အချိန်မှာ ဘာများပြောစရာရှိမလဲဆိုတာက စိတ်ဝင်စားဖို့ကောင်းလာတယ်။ အထူးသဖြင့် ဒီနှစ်ယူရိုပြိုင်ပွဲမှာက စပိန်၊ ဂျာမနီ၊ ပြင်သစ်တို့ဖိုလ်စွဲ နိုင်ဖို့အတွက် ရေပန်းစားနေတယ်။ အ ဆိုပါအသင်းတွေကလည်း အဖွင့်ပွဲတွေမှာ ခြေစွမ်းပြသနိုင်ခဲ့ကြသလို နိုင်ပွဲတွေလည်းရယူနိုင်ခဲ့ကြတာဆိုတော့ အဆိုပါအသင်းတွေကသာ အမှန်တကယ်ဖိုလ်စွဲနိုင်မှာလား၊ ဒါမှမဟုတ် အခြားမထင်မှတ်တဲ့ အသင်းတစ်သင်းကပဲ ချန်ပီယံ ဆုရယူနိုင်မလားဆိုတာက စိတ်ဝင်စားဖို့ကောင်းလာတယ်လို့ဆိုလာကြတယ်။

အထူးသဖြင့် ယူရိုပြိုင်ပွဲမှာလည်း မထင်မှတ်တဲ့ အသင်းတစ်သင်းဖိုလ်စွဲခဲ့ဖူးတဲ့ အစဉ်အလာရှိတယ်။ ၁၉၉၂ ယူရိုပြိုင်ပွဲမှာ ခြေစစ်ပွဲတောင်မအောင်ခဲ့ပေမယ့် ယူဂိုစလားဗီးယား နုတ်ထွက်သွားလို့သာ ပြိုင်ပွဲဝင်ခွင့်ရခဲ့တဲ့ ဒိန်းမတ်ကချန်ပီယံဖြစ်ဖူးသလို ၂၀၀၄ ယူရိုပွဲတုန်းကလည်း ဖိုလ်စွဲနိုင်ခြေအနိမ့်ဆုံးအသင်းဖြစ်တဲ့ ဂရိကချန်ပီယံတတ်ဖြစ်ခဲ့တယ်ဆိုတော့ ဒီတစ်ကြိမ်မှာရောအဆိုပါ ဒိန်းမတ်၊ ဂရိတို့လို စွမ်းဆောင်နိုင်တဲ့အသင်းတစ်သင်း ပေါ်ထွက်မလာနိုင်ဘူးလားလို့ မေးလာကြတယ်။

ပြောမယ်ဆိုရင်ပေါ့။ အများစုကတော့ ဒီနှစ်ယူရိုပြိုင်ပွဲမှာ ၁၉၉၂ ခုနှစ်က ဒိန်းမတ်၊ ၂၀၀၄ ခုနှစ်က ဂရိတို့လိုစွမ်းဆောင်နိုင်စွမ်းရှိတဲ့ အသင်းတစ်သင်းအဖြစ် ဘယ်လ်ဂျီယံကိုထုတ်နုတ်ပြလာကြတယ်။ ဘယ်လ်ဂျီယံက အုပ်စုအဖွင့်ပွဲမှာ အီတလီနဲ့ ဆုံတွေ့ခဲ့ရပြီး နိုင်ပွဲမရခဲ့ဘူးဆိုသော်ငြား အဆိုပါ တစ်ပွဲတည်းနဲ့တော့ ဘယ်လ်ဂျီယံရဲ့ စွမ်းဆောင်နိုင်ရည်ကို မေ့ထားဖို့ ခက်တယ်လို့ ဆိုလာကြတယ်။

အထူးသဖြင့် ဘယ်လ်ဂျီယံဟာ ဒီနောက်ပိုင်း ဘောလုံးလောကမှာ တိုးတက်မှုအရှိဆုံး အသင်းအဖြစ် သတ်မှတ်ခြင်းခံထားရသလို လက်ရှိကမ္ဘာ့အဆင့် ၂ နေရာမှာတောင် ရပ်တည်နေတဲ့အသင်းဆိုတော့ အမှန်တကယ်လည်း ဒီယူရိုပြိုင်ပွဲမှာမေ့ထားလို့မရတဲ့အခြေအနေမှာရှိတယ်လို့ အကဲဖြတ်ကြတယ်။

ပြောမယ်ဆိုရင် လက်ရှိဘယ်လ်ဂျီယံမှာ ကစားသမားကောင်း အတော်များတယ်။ ရိုးမားရဲ့ နိုင်ဂိုလန်၊ မန်ယူရဲ့ ဖယ်လိုင်နီ၊ စပါးရဲ့ ဒမ်ဘီလီ၊ ဗာတွန်ဂန်၊ အယ်ဒါဝီရက်၊ မန်စီးတီးရဲ့ ဒီဘရိုင်း၊ ချယ်လ်ဆီးရဲ့ ဟာဇက်၊ အက်သလက်တီကိုရဲ့ ကာရက်စကို၊ ဘာစီလိုနာရဲ့ဗာမာလန်တို့လို ကစားသမားကောင်းတွေ အများအပြားရှိတယ်။ အရှင်းဆုံးပြောရရင် ဘယ်လ်ဂျီယံဟာ ပြည့်ဝတဲ့စုဖွဲ့မှုတစ်ခု ကောင်းစွာဖန်တီးနိုင်တဲ့ အခြေအနေမှာရှိသလို သူတို့ရဲ့ဘောလုံးသမ္မာဟာလည်း တိုးတက်မှုအပြည့်ရှိတယ်ဆိုတာ မြင်သာလွန်းတယ်။

ပြောမယ်ဆိုရင်။ ဘယ်လ်ဂျီယံဟာ ယူရို ၂၀၁၆ ပြိုင်ပွဲအတွက် ခြေစစ်ပွဲတွေ ဝင်ပြိုင်ကတည်းက ခြေစွမ်းပြသခဲ့တဲ့အသင်းဖြစ်တယ်။ ခြေစစ်ပွဲအုပ်စု (ခ)မှာ ဝေလ၊ ဘော့စနီးယား၊ အစ္စရေးတို့လို အသင်းကောင်းတွေနဲ့ ရင်ဆိုင်ခဲ့ရတဲ့ကြားက တစ်ပွဲသာရှုံးပြီး အုပ်စုပထမနဲ့ ခြေစစ်ပွဲ တိုက်ရိုက်အောင်မြင်လာတဲ့ အသင်းဖြစ်တယ်ဆိုတော့။ အရှင်းဆုံးပြောရရင် ဘယ်ဂျီယံဟာ ယူရိုပြိုင်ပွဲရဲ့ ကော်ကောင်းအဆင့် သတ်မှတ်ခြင်းခံရမှုနဲ့ ထိုက်တန်မှုအပြည့်ရှိတယ်လို့ သုံးသပ်အကဲဖြတ်ကြတယ်။

တချို့ကတော့ ဘယ်လ်ဂျီယံအနေနဲ့ ယူရို ၂၀၁၆ မှာ ဖိုလ်စွဲနိုင်ဖို့ဆိုရင် သူတို့ရဲ့တိုက်စစ်ပိုင်း လိုအပ်ချက်ကို ပြုပြင် တည်ဆောက်နိုင်ဖို့လိုတယ်လို့ ထောက် ပြလာကြတယ်။ ပြောရရင် ယူရိုပြိုင်ပွဲဝင်ဖို့ ဘယ်လ်ဂျီယံအသင်းမှာ ဗဟိုတိုက်စစ်မှူးတွေအဖြစ် လီဗာပူးက ဘန်တီကီနဲ့ အိုရီဂျီတို့ပါတယ်။ အဲဗာတန်က လူကာကူရှိတယ်။ နာပိုလီရဲ့ မာတင်ကိုလည်း ခေါ်လာခဲ့တယ်။ ဒါပေမယ့်အဆိုပါ တိုက်စစ်မှူးတွေဟာ လတ်တလောအကောင်းဆုံး ခြေစွမ်းရဖို့ ရုန်းကန်နေကြရသူတွေချည်း ဖြစ်နေတယ်။ ဘန်တီကီဆိုရင် မနှစ်ကဘောလုံး ရာသီမှာ လီဗာပူးအတွက် ထိထိရောက်ရောက်ခြေစွမ်းပြနိုင်ခဲ့ခြင်းမရှိခဲ့တဲ့သူ။ စုစုပေါင်း ၄၂ ပွဲ ကစားခွင့်ရခဲ့တာတောင် ၁၀ ဂိုးသာ သွင်းယူပေးနိုင်ခဲ့သူ ဖြစ်တယ်။

လူကာကူဆိုရင်လည်း မနှစ်က ဘောလုံးရာသီရဲ့ ဒုတိယနှစ်ဝက်မှာ အဆုံးသတ်အားသိသိသာသာကျဆင်းခဲ့သလို အိုရီဂျီဟာလည်း လိုင်လီမှာ အငှားသွားကစားနေခဲ့ပြီး ခြေစွမ်းပြသနိုင်ခြင်းမရှိခဲ့ဘူး။ နာပိုလီရဲ့ မာတင်ဟာလည်း မနှစ်ကဘောလုံးရာသီမှာ ၃၇ ပွဲကစားခဲ့ရတာတောင် ၁၁ ဂိုးသာ သွင်းပေးနိုင်ခဲ့သူဆိုတော့။ အဆိုပါတိုက်စစ် အစုအဖွဲ့အားနဲ့ ဘယ်လ်ဂျီယံချန်ပီယံဖြစ်နိုင်ပါ့မလားဆိုတာ မေးစရာဖြစ်လာတာတော့ မှန်တယ်။ ပြောရရင် ခြေစစ်ပွဲတွေအတွင်းမှာ ဘန်တီကီနဲ့ အိုရီဂျီတို့ က တစ်ဂိုးစီသာ သွင်းပေးနိုင်ခဲ့သလို မာတင်ကလည်း သုံးဂိုးသာ သွင်းပေးနိုင်ခဲ့ပြီး လူကာကူဆိုရင်လည်း အဆိုပါ ခြေစစ်ပွဲတွေမှာ တစ်ဂိုးမှသွင်းပေးနိုင်ခြင်း မရှိခဲ့ဘူးဆိုတော့။ အဆိုပါ တိုက်စစ်အားမျိုးနဲ့ ဖိုလ်စွဲနိုင်ပါ့မလားလို့ သံသယဖြစ်လာခဲ့ကြတယ်။

ဒါပေမယ့် ဘယ်လ်ဂျီယံဟာ ခြေစစ် ပွဲတွေ ယှဉ်ပြိုင်ကစားခဲ့တဲ့နေရာမှာ စုစုပေါင်း ၂၄ ဂိုး အထိသွင်းယူနိုင်ခဲ့တယ်။ စုစုပေါင်းခြေစစ်ပွဲ ၁၀ ပွဲမှာ ဂိုးမသွင်းနိုင်တဲ့ပွဲဆိုလို့လည်း နှစ်ပွဲသာရှိခဲ့သလို ဘော့စနီးယားလိုအသင်းမျိုးနဲ့ အစ္စရေး လို မာကျောတဲ့အသင်းတွေကိုတောင် သုံးဂိုးစီ သွင်းပေးနိုင်ခဲ့တာဆိုတော့။ အရှင်းဆုံးပြောရရင် ဘယ်လ်ဂျီယံမှာ ဗဟိုတိုက်စစ်မှူးတွေ အဆုံးသတ် အားနည်းသော်ငြား အဆိုပါအချက်ဟာ အသင်းအတွက် အဓိကပြဿနာတစ်ရပ်မဟုတ်ဘူးလို့ တချို့က ကောက်ချက်ဆွဲကြတယ်။

အထူးသဖြင့် ဘယ်လ်ဂျီယံမှာ ဆိုခဲ့ပြီးတဲ့ အတိုင်း ကွင်းလယ်ကစားသမားကောင်းအများ အပြားရှိတယ်။ ဖယ်လိုင်နီ၊ နိုင်ဂိုလန်၊ ဒမ်ဘီလီ၊ ဒီဘရိုင်း၊ ဟာဇက်စတဲ့ ကွင်းလယ်ကစားသမားတွေဟာ အဆင့်မီကွင်းလယ်ကစားသမားတွေ ဖြစ်သလို ကိုယ်တိုင်လည်း အဆုံးသတ်အား ကောင်းသူတွေဖြစ်တယ်။ ခြေစစ်ပွဲတွေ ကစားခဲ့တုန်းကလည်း ဘယ်လ်ဂျီယံရဲ့အဆုံးသတ်အား အဆင့်မီခဲ့ခြင်းဟာ အဆိုပါကွင်းလယ်ကစားသမားတွေရဲ့ အရည်အသွေးကြောင့်လို့လည်း ထောက်ပြကြတယ်။

ပြောမယ်ဆိုရင် ခြေစစ်ပွဲ ၁၀ ပွဲ ကစားခဲ့ရာမှာ မန်စီးတီး ကွင်းလယ်ကစားသမား ဒီဘရိုင်းနဲ့ ချယ်လ်ဆီးတောင်ပံကစားသမား ဟာဇက်တို့ နှစ်ဦးပေါင်းက ၁၀ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တယ်။ ဒါ့အပြင် မန်ယူကစားသမားဖယ်လိုင်နီကလည်း လေးဂိုးသွင်းယူပေးခဲ့သလို ရိုးမားကွင်းလယ်ကစားသမား နိုင်ဂိုလန်ကလည်း နှစ်ဂိုးသွင်းပေးခဲ့တာဆိုတော့။ ဘယ်လ်ဂျီယံရဲ့ အဆိုပါကွင်းလယ်ကစားသမားတွေရဲ့ အရည်အသွေးနဲ့ အဆုံးသတ်အားဟာ တိုက်စစ်ပိုင်းရဲ့လိုအပ်ချက်ကို ကောင်းစွာဖာထေးနိုင်စွမ်းရှိတယ်လို့ သုံးသပ်အကဲဖြတ်ကြတယ်။

ဒါ့အပြင်ယူရိုပွဲမစခင်ခြေစမ်းပွဲတွေ ကစားခဲ့ရာမှာလည်း တိုက်စစ်မှူး လူကာကူဟာ အဆုံးသတ်အား ပြန်ကောင်းလာတာကိုလည်း တွေ့ရတယ်။ ဖင်လန်နဲ့ သရေကျခဲ့တဲ့ခြေစမ်းပွဲမှာ ၇၉ မိနစ်မှ လူစားဝင်ခဲ့ရပေမယ့် လူကာကူဟာ အရေးပါတဲ့ချေပဂိုးကို သွင်းပေးနိုင်ခဲ့သလို ဆွစ်ဇာလန်ကို ၂-၁ နဲ့နိုင်တဲ့ပွဲမှာလည်း ကိုယ်တိုင်ချေပဂိုး သွင်းပေးပြီး အနိုင်ဂိုးရအောင်လည်း ဖန်တီးပေးနိုင်ခဲ့ကာ နော်ဝေနဲ့ပွဲတုန်းကလည်းတစ်ဂိုး သွင်းပေးခဲ့ပြီး ပေါ်တူဂီနဲ့ပွဲမှာလည်း တစ်လုံးတည်းသော ဂိုးကို လူကာကူကပဲ သွင်းပေးခဲ့တာဆိုတော့။

အရှင်းဆုံးပြောရရင်။ ဘယ်လ်ဂျီယံမှာ ကျစ်လျစ်ခိုင်မာတဲ့ စုဖွဲ့မှုရှိတယ်။ တစ်ဦးချင်း အရည်အသွေးကောင်းမွန်ပြည့်ဝတဲ့ ကစားသမားတွေရှိတယ်။ ဒါ့အပြင် ဘယ်လ်ဂျီယံရဲ့ ကွင်းလယ်ကစားသမားတွေဟာဆိုခဲ့ပြီးတဲ့အတိုင်း နားလည်ညီညွတ်မှုရှိသလို တိုက်စစ်ရဲ့လိုအပ်ချက်ကိုလည်း ဖာထေးနိုင်ကာ လက်ရှိအချိန်မှာလည်း တိုက်စစ်မှူးလူကာကူက အရည်အသွေးပိုင်း ပြန်ကောင်းလာပြီဆို တော့။ ယူရို ၂၀၁၆ မှာ ဘယ်လ်ဂျီယံဟာ အဖွင့်ပွဲအတွင်း အီတလီကိုမနိုင်ခဲ့သော်ငြား သူတို့ရဲ့စွမ်းဆောင်နိုင်ရည်ကို လျှော့တွက်ဖို့ ခက်ပြီး ဒုတိယပွဲဖြစ်တဲ့ အိုင်ယာလန်နဲ့ပွဲကစလို့ ဆက်လက်စောင့်ကြည့်ရတော့မယ်လို့သာ ဆိုချင်မိပါတယ်။



**“ဘယ်လ်ဂျီယံအနေနဲ့ ယူရို ၂၀၁၆မှာ ဖိုလ်စွဲနိုင်ဖို့ဆိုရင် သူတို့ရဲ့ တိုက်စစ်ပိုင်းလိုအပ်ချက်ကို ပြုပြင် တည်ဆောက်နိုင်ဖို့လိုတယ်လို့ ထောက်ပြလာကြတယ်။ ပြောရရင် ယူရိုပြိုင်ပွဲဝင်ဖို့ ဘယ်လ်ဂျီယံအသင်းမှာ ဗဟိုတိုက်စစ်မှူးတွေအဖြစ် လီဗာပူးက ဘန်တီကီနဲ့ အိုရီဂျီတို့ပါတယ်။ အဲဗာတန်က လူကာကူရှိတယ်။ နာပိုလီရဲ့ မာတင်ကိုလည်း ခေါ်လာခဲ့တယ်။ ဒါပေမယ့် အဆိုပါတိုက်စစ်မှူးတွေဟာ လတ်တလော အကောင်းဆုံးခြေစွမ်းရဖို့ ရုန်းကန်နေကြရသူတွေချည်းဖြစ်နေ”**



## ဘူဖွန်အနားယူချိန်တွင် မိမိလည်းအနားယူမည်ဟု ဂိုးသမား ကာဆီးလက်စ် ပြောဆို

ထက်အောင်

အီတလီနှင့် ဂျူဗင်တပ်စ်အသင်း ဂိုးသမား ဘူဖွန် ဘောလုံးကစားခြင်းမှ အနားယူချိန်မှသာ မိမိလည်း အနားယူမည်ဖြစ်ကြောင်း ပေါ်တိုအသင်း ဂိုးသမား ကာဆီးလက်စ်က ထုတ်ဖော်ပြောဆိုလိုက်သည်။

အသက် ၃၈ နှစ်အရွယ်ရှိ ဂိုးသမားဘူဖွန်သည် ပြီးခဲ့သည့် မေလ ၁၁ ရက်တွင် ဂျူဗင်တပ်စ်အသင်းနှင့် ၂၀၁၇-၂၀၁၈ ခုနှစ် ဘောလုံးရာသီကုန်ချိန်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သူဖြစ်သည်။

“ဘူဖွန် အနားယူချိန်မှာ ကျွန်တော်လည်း အနားယူမှာပါ။ ဂျူဗင်တပ်စ်အသင်းနဲ့ ဘူဖွန်တို့ သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့တာကြောင့် ကျွန်တော်ဝမ်းသာမိပါတယ်။ ကျွန်တော်တို့ နှစ်ဦးစလုံးကစားသမားဘဝက အနားယူပြီးချိန်မှာ ဘူဖွန်ရဲ့ မိတ်ဆွေသူငယ်ချင်းတွေ၊ ကျွန်တော့်ရဲ့ မိတ်ဆွေသူငယ်ချင်းတွေ ပါဝင်တဲ့ဘောလုံးပွဲတစ်ပွဲ ကစားဖို့ စီစဉ်သွားမှာဖြစ်ပါတယ်”ဟု ကာဆီးလက်စ်က ပြောသွားသည်။

စပိန်ဂိုးသမား ကာဆီးလက်စ် (၃၅ နှစ်)သည် ပေါ်တိုအသင်းနှင့် ၂၀၁၇ ခုနှစ် ဇူလိုင်လအထိ စာချုပ်သက်တမ်းချုပ်ဆိုထားသူဖြစ်ပြီး နောက်ထပ် တစ်နှစ်သက်တမ်းတိုးခွင့်ရှိနေသူဖြစ်သည်။

ဂိုးသမား ကာဆီးလက်စ်သည် ၁၉၉၉ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ရီးရဲ မက်ဒရစ်အသင်းတွင် ပါဝင်ကစားခဲ့ကာ ရီးရဲအတွက် စုစုပေါင်း ၇၂၅ ပွဲ ပါဝင်ကစားခဲ့သူ ဖြစ်သည်။

**မန်ယူ** အသင်းဟာ ပြီးခဲ့တဲ့ရက်ပိုင်းကပဲ အသင်းရဲ့သမိုင်းမှာ ပဉ္စမမြောက်အာဖရိက ကစားသမားတစ်ဦး ကိုခေါ်ယူခဲ့ပါတယ်။ သူကတော့ အိုင်ဗရီကို့စ်အသင်း လူငယ်ခံစစ်မှူး ဘိုင်လေပဲဖြစ်ပါတယ်။ ဘိုင်လေမှာ ကောင်းမွန်တဲ့ အရည်အချင်းကောင်း များစွာရှိတာကြောင့် မန်ယူအသင်းမှာတော့ မန်နေဂျာမော်ရင်ညိုရဲ့ အကြိုက်ခံစစ်မှူးတစ်ဦးအဖြစ် တွေ့မြင်ရလာဖွယ်လည်း ရှိပါတယ်။ အရပ် ခြောက်ပေ၊ တစ်လက်မ ရှိတဲ့ ခံစစ်မှူး ဘိုင်လေဟာ ပရီမီယာလိဂ်မှာတော့ စွယ်စုံရ ခံစစ်မှူးတစ်ဦးအဖြစ် တွေ့မြင်ရဖွယ်လည်း ရှိနေပါတယ်။ လက်ရှိ အချိန်မှာတော့ ဘိုင်လေရဲ့အသက်ဟာ အသက် ၂၂ နှစ်နဲ့ နှစ်လသာ ရှိနေသေးတာကြောင့် တိုးတက်မှုအလားအလာကောင်းတွေ ပိုင်ဆိုင်ထားတဲ့ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။

# မန်ယူရဲ့နောက်တန်းခံစစ်မှူးသစ် ဘိုင်လေအကြောင်း တစေ့တစောင်း

**အောင်က**




### ကစားသမားဘဝနိဒါန်း

ခံစစ်မှူးဘိုင်လေဟာ အိုင်ဗရီကို့စ်နိုင်ငံ အရှေ့တောင်မှာရှိတဲ့ ဗင်ဂါဘီလီမြို့မှာ မွေးဖွားခဲ့တာဖြစ်ပြီး မန်စီးတီး တိုက်စစ်မှူး ဝီဖရက်ဘိုနီနဲ့ မွေးရပ်မြေ တူတယ်လို့ပြောရမှာ ဖြစ်ပါတယ်။ သူဟာအသက် ၁၇နှစ်မှာ အက်စ်ပန်ညို လူငယ်အကယ်ဒမီကို ရောက်ရှိခဲ့တာဖြစ်ပြီး ၂၀၁၃-၁၄ ရာသီမှာတော့ အက်စ်ပန်ညိုအရန်အသင်းမှာ ကစားခဲ့ရပါတယ်။ ဘိုင်လေအနေနဲ့ အက်စ်ပန်ညို အသင်းကြီးမှာတော့ တရားဝင်ပရိုကစားသမား အဖြစ် အသက်၂၀နဲ့ ခြောက်လမှ သာပါဝင် ကစားခွင့်ရရှိခဲ့ပါတယ်။ သူပထမဦးဆုံးပါဝင်ကစားခဲ့တဲ့ပွဲမှာတော့ အက်စ်ပန်ညိုအသင်းဟာ ဆိုစီဒက်အသင်းကို ၂-၀နဲ့ အိမ်ကွင်းမှာလည်း အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အဲ့ဒီနောက်ပိုင်းမှာတော့ သူ့ရဲ့ခြေစွမ်းပိုင်းကောင်းမွန်မှုတွေကြောင့် အက်စ်ပန်ညိုအသင်းမှာ ပွဲထွက်ပါဝင်ခွင့်ရရှိခဲ့ပါတယ်။

### နိုင်ငံအသင်းနဲ့အောင်မြင်မှု

ခံစစ်မှူးဘိုင်လေရဲ့ကစားသမားဘဝအစပိုင်းကို ကြည့်မယ်ဆိုရင်တော့ ပါဝင်ကစားရတဲ့ ပွဲတွေဟာအနည်းငယ်သာရှိခဲ့ပေမယ့် အလားအလာကောင်းတွေ ပိုင်ဆိုင်ထားတာကြောင့် အိုင်ဗရီကို့စ် မန်နေဂျာဟာဗီရီနက်က လက်ရွေးစင်အသင်းအတွက် ခေါ်ယူထားခဲ့တာလည်း ဖြစ်ပါတယ်။ သူဟာ အိုင်ဗရီကို့စ်အသင်းနဲ့ အတူ အာဖရိကနိုင်ငံများဖလား ပြိုင်ပွဲတစ်လျှောက် ခြောက်ပွဲသာပါဝင်ကစားခဲ့ပြီး ၂၀၁၅ အာဖရိကနိုင်ငံများဖလားကို ရယူနိုင်ခဲ့တဲ့ကစားသမားတစ်ဦး ဖြစ်ပါတယ်။ ဒါကြောင့်လည်းသူ့ကို ကိုလိုတိုရေးရဲ့ နေရာမှာဆက်ခံသူအဖြစ်တောင် အမွှမ်းတင် ပြောဆိုနေကြပြီး လက်ရှိအချိန်မှာ အိုင်ဗရီကို့စ် အသင်းနဲ့အတူ ၁၅ ပွဲ ပါဝင်ကစားထားသူ ဖြစ်ပါတယ်။

### ဗီလာရီးရဲအသင်းသို့ ပြောင်းရွှေ့မှု

သူဟာ အက်စ်ပန်ညို အသင်းမှာ အကောင်းဆုံး ကစားနိုင်ခဲ့ပေမယ့် အသင်းအနေနဲ့ ဘဏ္ဍာငွေ အခက်အခဲ တွေကြောင့် ဗီလာရီးရဲအသင်းထံကို ယူရို ၅ ဒသမ ၇ သန်းနဲ့ ၂၀၁၅ ခုနှစ် ဇန်နဝါရီမှာ ရောင်းထုတ်ခဲ့ပါတယ်။

ဘိုင်လေဟာ ဗီလာရီးရဲ အသင်းနဲ့ ငါးနှစ်စာချုပ်နဲ့ ပြောင်းရွှေ့ခဲ့တာ ဖြစ်ပါတယ်။ ဗီလာရီးရဲအသင်းအနေနဲ့ကလည်း အာဆင်နယ်အသင်းကို ပြောင်းရွှေ့သွားခဲ့တဲ့ ပေါ်လက်စတာရဲ့ နေရာမှာအစားထိုးဖို့အတွက် သူ့ကို ခေါ်ယူခဲ့တာလည်း ဖြစ်ပါတယ်။ ဗီလာရီးရဲအသင်းအတွက်တော့ ပေါ်လက်စတာရဲ့နေရာမှာ ဘိုင်လေကို အစားထိုးလိုက်ခြင်းဟာ ပိုမိုကောင်းမွန်တဲ့ အစားထိုးမှုလို့ ပြောရမှာလည်း ဖြစ်ပါတယ်။ ဘိုင်လေဟာ ပြီးခဲ့တဲ့ ၂၀၁၅-၁၆ရာသီအတွင်း အသင်းရဲ့ ပွဲထွက်ကစားသမားအဖြစ် ပါဝင်ကစားခဲ့ပြီး ဗီလာရီးရဲအသင်းကို စပိန်လီဂါမှာ ၁၇ပွဲအထိဂိုးမပေးရဖို့အတွက်လည်း ကူညီပေးနိုင်ခဲ့ပါတယ်။ ဒါတင်မကပါဘူး။ စပိန်လီဂါ ၃၈ ပွဲမှာလည်း ပေးဂိုးအနေနဲ့ ၃၅ဂိုး သာရှိပြီး ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်၊ အက်သလက်တီကိုမက်ဒရစ် တို့ရဲ့နောက်မှာ ရပ်တည်နိုင်ဖို့ကိုလည်း အကောင်းဆုံး ကူညီပေးနိုင်ခဲ့သူ ဖြစ်ပါတယ်။

### ပရီမီယာလိဂ်ရဲ့စိတ်ဝင်စားမှု

မန်စီးတီးအသင်းဟာ ခံစစ်မှူးဘိုင်လေကို မန်ယူအသင်းခေါ်ယူဖို့ စိတ်ဝင်စားမှုမရှိခင်ကတည်းက လေ့လာမှုတွေ ပြုလုပ်ခဲ့တာပါ။ ဒါပေမယ့် မန်စီးတီးအသင်းကို ရောက်ရှိလာမယ့် မန်နေဂျာသစ် ဂွာဒီယိုလာဟာ ဘောလုံးနည်းစနစ်ပိုင်းနဲ့ပတ်သက်လာရင် ယုံကြည်မှုပြင်းထန်သလို စည်းကမ်းပိုင်းမှာလည်း တင်းကျပ်မှုတွေ ရှိနေခဲ့ပါတယ်။ ဘိုင်လေဟာ ပြီးခဲ့တဲ့ရာသီက ဗီလာရီးရဲအသင်းနဲ့အတူ အဝါကတ်၁၀ကတ်နဲ့ အနီကတ် တစ်ကြိမ်ထိထားတာကြောင့် သူ့ရဲ့အပြုအမူပိုင်းဟာ ဂွာဒီယိုလာအတွက်တော့ နှစ်သက်မှုမရှိရတာလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း သူဟာ မန်စီးတီးအသင်းကို ရောက်ရှိဖို့အနီးစပ်ခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့အပြုအမူတွေနဲ့ ပတ်သက်ပြီးလည်း ဘောလုံးပညာရှင် အများစုက ဘိုင်လေ အနေနဲ့ စိတ်ပိုင်းဆိုင်ရာကို ထိန်းချုပ်နိုင်မယ်ဆိုရင်တော့ ယခုထက်ပိုပြီး တိုးတက်မှုတွေရရှိလာလိမ့်မယ်လို့လည်း ပြောဆိုဝေဖန်ထား ကြပါတယ်။




**အိုင်ဗရီကို့စ်အသင်းနဲ့အတူ အာဖရိကနိုင်ငံများဖလား ပြိုင်ပွဲတစ်လျှောက် ခြောက်ပွဲသာပါဝင်ကစားခဲ့ပြီး ၂၀၁၅ အာဖရိကနိုင်ငံများဖလားကို ရယူနိုင်ခဲ့တဲ့ကစားသမားတစ်ဦး ဖြစ်ပါတယ်။ ဒါကြောင့်လည်းသူ့ကို ကိုလိုတိုရေးရဲ့နေရာမှာဆက်ခံသူအဖြစ်တောင် အမွှမ်းတင်ပြောဆိုနေကြပြီး လက်ရှိအချိန်မှာ အိုင်ဗရီကို့စ်အသင်းနဲ့အတူ ၁၅ ပွဲ ပါဝင်ကစားထားသူ ဖြစ်ပါတယ်။**

# ရော်နယ်ဒိုသည် ကမ္ဘာ့အကောင်းဆုံးကစားသမားဖြစ်ကြောင်း ပီလီ မှတ်ချက်ပြု

**ထက်အောင်**



ပေါ်တူဂီနှင့် ရီးရဲမက်ဒရစ်အသင်း တိုက်စစ်ကစားသမား ခရစ္စတီယာနို ရော်နယ်ဒိုသည် လက်ရှိအချိန်တွင် ကမ္ဘာ့နံပါတ် ၁ ကစားသမားဖြစ်ကြောင်း ဘရာဇီးဂန္ထဝင်ကစားသမားကြီး ပီလီက ထုတ်ဖော်ပြောဆိုလိုက်သည်။

လက်ရှိ ဘောလုံးလောကတွင် ကမ္ဘာ့အကောင်းဆုံး ကစားသမားများအဖြစ် ပြောဆိုဆွေးနွေးရန်အတွက် ရော်နယ်ဒိုနှင့်ဘာစီလိုနာကစားသမား မက်ဆီတို့သာရှိနေခြင်းမှာ ဘောလုံးလောကအတွက် စိတ်ပျက်စရာတစ်ခုဖြစ်ကြောင်း ပီလီက ဆက်လက် ပြောဆိုခဲ့သည်။

"လက်ရှိအချိန်မှာ ရော်နယ်ဒိုဟာ ကမ္ဘာ့အကောင်းဆုံးကစားသမားပါ။ ရော်နယ်ဒိုကို ကျွန်တော် အများကြီး လေးစားပါတယ်။ တကယ်လို့ ကျွန်တော်က နိုင်ငံအသင်းတစ်သင်း တည်ထောင်ရမယ်ဆိုရင် ကျွန်တော် ပထမဆုံး ရွေးချယ်မယ့် ကစားသမားက ရော်နယ်ဒိုပဲဖြစ်ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ ငါးနှစ်ကနေ လက်ရှိအချိန်အထိ ကမ္ဘာ့အကောင်းဆုံးကစားသမားက ဘယ်သူဖြစ်မလဲဆိုတဲ့ ဆွေးနွေးမှုအတွက် ပြောစရာက ရော်နယ်ဒိုနဲ့ မက်ဆီတို့ နှစ်ဦးပဲရှိတယ်။ ဒါကို ကျွန်တော် စိတ်မကောင်းဖြစ်မိတယ်။ အရင်တုန်းကဆိုရင် ကမ္ဘာ့အကောင်းဆုံး ကစားသမားနေရာနဲ့ ပတ်သက်ပြီး ပြောဆိုဆွေးနွေးရမယ့် ကစားသမားတွေ အများအပြား ရှိခဲ့တယ်။ ဂျော့ဘ်ဘက်စ်၊ ဘော်ဘီမိုး၊ ဂျာဇင်ဟို၊ ဘော်ဘီချာလ်တန်၊ ပီလီ၊ ဇစ်ကို၊ ဘက်ကင်ဘောင်ဝါ၊ ဂျိုဟန်ခရိုက်ဖ်၊ ဇီဒန်း၊ မာရာဒိုနာစသည်ဖြင့် ကစားသမားတွေ အများကြီး ရှိခဲ့ပါတယ်။ အခုအချိန်မှာတော့ ရော်နယ်ဒို နဲ့ မက်ဆီပဲ ရှိတယ်"ဟု ပီလီက ပြောသွားသည်။

**ရော်နယ်ဒိုကို ကျွန်တော် အများကြီး လေးစားပါတယ်။ တကယ်လို့ ကျွန်တော်က နိုင်ငံအသင်းတစ်သင်း တည်ထောင်ရမယ်ဆိုရင် ကျွန်တော် ပထမဆုံး ရွေးချယ်မယ့် ကစားသမားက ရော်နယ်ဒိုပဲဖြစ်ပါတယ်။**

# လာကာဇက်တီအတွက် ပေါင်သန်း ၄၀ ရရှိရန် လိုင်ယွန်အသင်း ရည်မှန်းထား

**ထက်အောင်**



ပြင်သစ်ကလပ်လိုင်ယွန်အသင်းသည် တိုက်စစ်မှူး လာကာဇက်တီအတွက် ပြောင်းရွှေ့ကြေးအဖြစ် အနည်းဆုံး ပေါင်သန်း ၄၀ ရရှိရန် ရည်မှန်းထားကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဝက်စ်ဟမ်းအသင်းသည် ပြင်သစ် တိုက်စစ်မှူး လာကာဇက်တီ (၂၅ နှစ်) အား ခေါ်ယူရန်အတွက် ကမ်းလှမ်းမှုများပြုလုပ်ခဲ့ဖူးပြီး အဆိုပါကမ်းလှမ်းမှုများ ပယ်ချခံရခြင်းကြောင့် ပြောင်းရွှေ့ကြေး ပေါင် ၃၂ သန်းဖြင့် ထပ်မံကမ်းလှမ်းထားသည်။ သို့သော်လည်း လိုင်ယွန်အသင်းက တိုက်စစ်မှူးလာကာ ဇက်တီအတွက် သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးထက် နည်းပါးသော ကမ်းလှမ်းမှုများကို လက်ခံစဉ်းစားလိုခြင်းမရှိသောကြောင့် ဝက်စ်ဟမ်းအသင်း၏ ကမ်းလှမ်းမှုအသစ်မှာလည်း ပယ်ချခံရဖွယ် ရှိနေသည်။

ဝက်စ်ဟမ်းအသင်း၏ တိုက်စစ်မှူးများဖြစ်သည့် အန်ဒီကာရိုးလ်၊ ဒီအာဖရာ ဆာခို၊ အန်နာဗလန်စီယာနှင့် အီမီနီကီတို့သည် ပြီးခဲ့သည့် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ၁၈ ဂိုးသာ သွင်းယူနိုင်ခဲ့ပြီး ဝက်စ်ဟမ်းအသင်းတိုက်စစ်မှူး လေးဦးပေါင်း၏ သွင်းဂိုးသည် စပါးတိုက်စစ်မှူး ဟယ်ရီကိန်း တစ်ဦးတည်း သွင်းယူခဲ့သည့် ပရီမီယာလိဂ်သွင်းဂိုးထက် ခုနစ်ဂိုး လျော့နည်းခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းအသင်း တာဝန်ရှိသူများက တိုက်စစ်ကို အားဖြည့်ရန် ဆန္ဒရှိနေခြင်း ဖြစ်သည်။

တိုက်စစ်မှူး လာကာဇက်တီသည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် လိုင်ယွန်အတွက် စုစုပေါင်း ၄၃ ပွဲ ပါဝင်ကစားခဲ့ကာ ၂၃ ဂိုး သွင်းယူနိုင်ခဲ့ပြီး ဥရောပ၏ အကောင်းဆုံး တိုက်စစ်မှူးများအနက်မှ တစ်ဦးအဖြစ် သတ်မှတ်ခံထားရသူဖြစ်သည်။

**လိုင်ယွန်အသင်းက တိုက်စစ်မှူး လာကာဇက်တီအတွက် သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးထက် နည်းပါးသော ကမ်းလှမ်းမှုများကို လက်ခံစဉ်းစားလိုခြင်းမရှိသောကြောင့် ဝက်စ်ဟမ်းအသင်း၏ ကမ်းလှမ်းမှုအသစ်မှာလည်း ပယ်ချခံရဖွယ် ရှိနေသည်။**

### ယူရို ၂၀၁၆ အုပ်စုပွဲများ

| | | | | |
|---|---|---|---|---|
| **သောကြာနေ့ (၁၇-၆-၁၆)** | | | | |
| ည ၇း၃၀ | အီတလီ | - | ဆွီဒင် | |
| ည ၁၀း၃၀ | ချက် | - | ခရိုအေးရှား | |
| နံနက် ၁း၃၀ | စပိန် | - | တူရကီ | |
| **စနေနေ့ (၁၈-၆-၁၆)** | | | | |
| ည ၇း၃၀ | ဘယ်လ်ဂျီယံ | - | အိုင်ယာလန် | |
| ည ၁၀း၃၀ | အိုက်စလန် | - | ဟန်ဂေရီ | |
| နံနက် ၁း၃၀ | ပေါ်တူဂီ | - | သြစတြီးယား | |
| **တနင်္ဂနွေနေ့ (၁၉-၆-၁၆)** | | | | |
| နံနက် ၁း၃၀ | ဆွစ်ဇာလန် | - | ပြင်သစ် | |
| နံနက် ၁း၃၀ | ရိုမေးနီးယား | - | အယ်ဘေးနီးယား | |
| **တနင်္လာနေ့ (၂၀-၆-၁၆)** | | | | |
| နံနက် ၁း၃၀ | စလိုဗက်ကီးယား | - | အင်္ဂလန် | |
| နံနက် ၁း၃၀ | ရုရှား | - | ဝေလ | |
| **အင်္ဂါနေ့ (၂၁-၆-၁၆)** | | | | |
| ည ၁၀း၃၀ | ယူကရိန်း | - | ပိုလန် | |
| ည ၁၀း၃၀ | မ/အိုင်ယာလန် | - | ဂျာမနီ | |
| နံနက် ၁း၃၀ | ခရိုအေးရှား | - | စပိန် | |
| နံနက် ၁း၃၀ | ချက် | - | တူရကီ | |
| **ဗုဒ္ဓဟူးနေ့ (၂၂-၆-၁၆)** | | | | |
| ည ၁၀း၃၀ | ဟန်ဂေရီ | - | ပေါ်တူဂီ | |
| ည ၁၀း၃၀ | အိုက်စလန် | - | သြစတြီးယား | |
| နံနက် ၁း၃၀ | အီတလီ | - | အိုင်ယာလန် | |
| နံနက် ၁း၃၀ | ဆွီဒင် | - | ဘယ်လ်ဂျီယံ | |

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၅ခုနှစ်(သို့မဟုတ်)၂၀၁၆ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆို အောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၆ခုနှစ်၊ ဇွန်လ (၁၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၆ခုနှစ်၊ ဇူလိုင်လ (၂၉)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၆ခုနှစ်**တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၆ခုနှစ်၊ ဇွန်လ (၁၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၆ခုနှစ်၊ ဇူလိုင်လ (၂၉)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၆ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့်ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၆ခုနှစ်၊ ဇွန်လ (၁၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၆ခုနှစ်၊ ဇူလိုင်လ (၂၉)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီးအရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

ဒေါက်တာအောင်ဇော်မိုး(ခ)ဆရာဇော်မိုး ဦးစီးသော

# အောင်အကယ်ဒမီ

## ကိုယ်ပိုင်အထက်တန်းကျောင်း

နေ့တက်နှင့် အဆင့်မြင့်ဘော်ဒါ

## ၂၀၁၅-၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ


မောင်ဘုန်းပြည့်ကျော်
ဆရက-၄၅၆ (ဘာသာစုံဂုဏ်ထူး)
ပဲခူးမြို့


မောင်မျိုးမင်းသိန်း
ဆရက-၅၈၂ (ဘာသာစုံဂုဏ်ထူး)
ဗန်းမော်မြို့


မမြတ်သီရိကျော်
ဆရက-၄၆၂ (ဘာသာစုံဂုဏ်ထူး)
ရန်ကုန်မြို့


မဖြူမွန်ကြည်
ဆရက-၄၆၄ (ဘာသာစုံဂုဏ်ထူး)
ရန်ကုန်မြို့


မကေခိုင်ကြွယ်
ဆရက-၄၆၅ (ဘာသာစုံဂုဏ်ထူး)
တောင်ကြီးမြို့


မပြည့်ကြည်သာချော
ဆရက-၄၈၄ (ဘာသာစုံဂုဏ်ထူး)
ရန်ကုန်မြို့


မချြူးပွင့်ခြယ်
ဆရက-၄၈၅ (ဘာသာစုံဂုဏ်ထူး)
ရန်ကုန်မြို့


မမြတ်သီဂီနွယ်
ဆရက-၅၃၉ (ဘာသာစုံဂုဏ်ထူး)
ရန်ကုန်မြို့


မစိုးစန္ဒာသော်
ဆရက-၅၇၇ (ဘာသာစုံဂုဏ်ထူး)
ရန်ကုန်မြို့


မမေသရဖီကျော်
ဆရက-၄၅၈
(၅-ဘာသာဂုဏ်ထူး)
ရန်ကုန်မြို့


မဝတ်မှုန်ခြယ်
ဆရက-၄၈၆
(၅-ဘာသာဂုဏ်ထူး)
ရန်ကုန်မြို့


မသဒ္ဒါမိုးလွင်
ဆရက-၅၆၄
(၅-ဘာသာဂုဏ်ထူး)
ရန်ကုန်မြို့


မစိုးနဒီဝေ
ဆရက-၅၆၈
(၅-ဘာသာဂုဏ်ထူး)
ရန်ကုန်မြို့


မနှင်းနုနုအောင်
ဆရက-၆၀၈
(၅-ဘာသာဂုဏ်ထူး)
သံဖြူဇရပ်မြို့

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| မောင်ဖြိုးကိုကို | ဆရက-၄၄၂ | (၄)ဘာသာဂုဏ်ထူး | မမြတ်သက်နှင်း | ဆရက-၅၄၃ | (၃)ဘာသာဂုဏ်ထူး | မောင်မင်းခန့်ကျော် | ဆရက-၄၄၈ | (၁)ဘာသာဂုဏ်ထူး |
| မောင်မင်းခန့် | ဆရက-၄၇၉ | (၄)ဘာသာဂုဏ်ထူး | မယွန်းနဒီလွင် | ဆရက-၅၆၃ | (၃)ဘာသာဂုဏ်ထူး | မောင်အောင်ခန့်ကျော် | ဆရက-၄၇၀ | (၁)ဘာသာဂုဏ်ထူး |
| မောင်သီဟထွန်းဇော် | ဆရက-၅၀၅ | (၄)ဘာသာဂုဏ်ထူး | မမေချမ်းသာ | ဆရက-၅၇၀ | (၃)ဘာသာဂုဏ်ထူး | မောင်မျိုးမင်းခန့် | ဆရက-၄၈၁ | (၁)ဘာသာဂုဏ်ထူး |
| မောင်မျိုးသီဟထွန်း | ဆရက-၅၃၁ | (၄)ဘာသာဂုဏ်ထူး | မကြည်ဖြူမြင့်မြတ်သူ | ဆရက-၅၇၆ | (၃)ဘာသာဂုဏ်ထူး | မောင်မောင်မျိုးဆက် | ဆရက-၄၉၉ | (၁)ဘာသာဂုဏ်ထူး |
| မောင်ရဲရင့်မင်း | ဆရက-၅၄၈ | (၄)ဘာသာဂုဏ်ထူး | မဟန်နီအေး | ဆရက-၅၉၇ | (၃)ဘာသာဂုဏ်ထူး | မောင်ကောင်းမြတ်ထက် | ဆရက-၅၂၀ | (၁)ဘာသာဂုဏ်ထူး |
| မောင်ဖွဲ့ကိုကိုလတ် | ဆရက-၅၆၀ | (၄)ဘာသာဂုဏ်ထူး | မောင်ဥက္ကာကျော် | ဆရက-၄၄၆ | (၂)ဘာသာဂုဏ်ထူး | မောင်ထက်အောင်ရှိန်း | ဆရက-၅၅၈ | (၁)ဘာသာဂုဏ်ထူး |
| မောင်ဝင်းဖြိုးအောင် | ဆရက-၆၁၁ | (၄)ဘာသာဂုဏ်ထူး | မောင်မင်းပိုင်မျိုးခန့် | ဆရက-၄၈၂ | (၂)ဘာသာဂုဏ်ထူး | မောင်စိုးပြည်ရှင်းသန့် | ဆရက-၅၈၁ | (၁)ဘာသာဂုဏ်ထူး |
| မောင်ဥက္ကာအောင်အောင် | ဆရက-၆၂၂ | (၄)ဘာသာဂုဏ်ထူး | မောင်ခန့်ကိုကိုဇော် | ဆရက-၅၀၃ | (၂)ဘာသာဂုဏ်ထူး | မောင်သျှန်ဝေဟိန်း | ဆရက-၅၈၅ | (၁)ဘာသာဂုဏ်ထူး |
| မမိုးမြတ်မြတ်ခိုင် | ဆရက-၄၇၅ | (၄)ဘာသာဂုဏ်ထူး | မောင်အောင်ဇော်ထက် | ဆရက-၅၁၈ | (၂)ဘာသာဂုဏ်ထူး | မောင်အောင်ဉာဏ်ဦး | ဆရက-၅၈၈ | (၁)ဘာသာဂုဏ်ထူး |
| မသဥ္စာသိမ့်ဇော် | ဆရက-၅၀၈ | (၄)ဘာသာဂုဏ်ထူး | မောင်နန်ရှန်းမွမ်း | ဆရက-၅၅၅ | (၂)ဘာသာဂုဏ်ထူး | မောင်ဟိန်းထက်ဦး | ဆရက-၅၈၉ | (၁)ဘာသာဂုဏ်ထူး |
| မထလှယ်တီာလ် | ဆရက-၅၁၃ | (၄)ဘာသာဂုဏ်ထူး | မောင်ကျော်ဇင်လတ် | ဆရက-၅၆၂ | (၂)ဘာသာဂုဏ်ထူး | မောင်ဇော်ဇော်အောင် | ဆရက-၆၀၃ | (၁)ဘာသာဂုဏ်ထူး |
| မပိုးဇာခြည်ထူး | ဆရက-၅၁၆ | (၄)ဘာသာဂုဏ်ထူး | မောင်နေအောင်ဝင်း | ဆရက-၅၆၉ | (၂)ဘာသာဂုဏ်ထူး | မောင်သုတအောင် | ဆရက-၆၀၄ | (၁)ဘာသာဂုဏ်ထူး |
| မလှထက်ထက်နိုင် | ဆရက-၅၃၇ | (၄)ဘာသာဂုဏ်ထူး | မောင်မျိုးမင်းခန့် | ဆရက-၁၁၉၃ | (၂)ဘာသာဂုဏ်ထူး | မောင်ရဲထွဋ်အောင် | ဆရက-၆၀၅ | (၁)ဘာသာဂုဏ်ထူး |
| မခင်ရတနာမောင် | ဆရက-၅၄၉ | (၄)ဘာသာဂုဏ်ထူး | မဖူးပွင့်ကျော် | ဆရက-၄၅၇ | (၂)ဘာသာဂုဏ်ထူး | မောင်သန့်ပြည့်အောင် | ဆရက-၆၀၉ | (၁)ဘာသာဂုဏ်ထူး |
| မသွန်းဆုအောင် | ဆရက-၆၀၂ | (၄)ဘာသာဂုဏ်ထူး | မကေရီကျော် | ဆရက-၄၆၁ | (၂)ဘာသာဂုဏ်ထူး | မောင်ဝေဖြိုးအောင် | ဆရက-၆၁၀ | (၁)ဘာသာဂုဏ်ထူး |
| မောင်ထွန်းထွန်းတောက် | ဆရက-၅၁၅ | (၃)ဘာသာဂုဏ်ထူး | မမိုးသုခ | ဆရက-၄၆၆ | (၂)ဘာသာဂုဏ်ထူး | မောင်လင်းလက်အောင် | ဆရက-၆၁၅ | (၁)ဘာသာဂုဏ်ထူး |
| မောင်ကောင်းမင်းထက် | ဆရက-၅၁၉ | (၃)ဘာသာဂုဏ်ထူး | မအေးသူစံ | ဆရက-၄၉၂ | (၂)ဘာသာဂုဏ်ထူး | မောင်ဝေလင်းအောင် | ဆရက-၆၁၆ | (၁)ဘာသာဂုဏ်ထူး |
| မောင်နေဦးလွင် | ဆရက-၅၆၅ | (၃)ဘာသာဂုဏ်ထူး | မဖူးပွင့်စုံ | ဆရက-၄၉၈ | (၂)ဘာသာဂုဏ်ထူး | မထက်ထက်အောင်ခန့် | ဆရက-၄၈၃ | (၁)ဘာသာဂုဏ်ထူး |
| မောင်ကောင်းထွဋ်လှိုင် | ဆရက-၅၆၆ | (၃)ဘာသာဂုဏ်ထူး | မသံစဉ်တေး | ဆရက-၅၁၄ | (၂)ဘာသာဂုဏ်ထူး | မချောစု | ဆရက-၄၈၉ | (၁)ဘာသာဂုဏ်ထူး |
| မောင်ကောင်းမြတ်သူ | ဆရက-၅၇၄ | (၃)ဘာသာဂုဏ်ထူး | မကေရီနိုင် | ဆရက-၅၃၈ | (၂)ဘာသာဂုဏ်ထူး | မဝေဇင်နှင်း | ဆရက-၅၄၁ | (၁)ဘာသာဂုဏ်ထူး |
| မောင်ကင်းစင်သန့် | ဆရက-၅၇၉ | (၃)ဘာသာဂုဏ်ထူး | မခင်ချိုနှင်း | ဆရက-၅၄၀ | (၂)ဘာသာဂုဏ်ထူး | မအိမ်ချမ်းမြေ့ | ဆရက-၅၅၁ | (၁)ဘာသာဂုဏ်ထူး |
| မောင်စိုးမိုးအောင် | ဆရက-၆၁၃ | (၃)ဘာသာဂုဏ်ထူး | မခိုင်ခိုင်တိုးရီ | ဆရက-၅၅၇ | (၂)ဘာသာဂုဏ်ထူး | မခိုင်သဇင်မြင့် | ဆရက-၅၅၂ | (၁)ဘာသာဂုဏ်ထူး |
| မဖူးသဇင်ခိုင် | ဆရက-၄၇၂ | (၃)ဘာသာဂုဏ်ထူး | မဇာလီမော်မော်အောင် | ဆရက-၆၁၂ | (၂)ဘာသာဂုဏ်ထူး | မအေးပြည့်ပြည့်ဦး | ဆရက-၅၉၁ | (၁)ဘာသာဂုဏ်ထူး |
| မယုယုခိုင် | ဆရက-၄၇၆ | (၃)ဘာသာဂုဏ်ထူး | မမေသူအောင် | ဆရက-၆၂၀ | (၂)ဘာသာဂုဏ်ထူး | မဆုမြတ်မွန်ကျော် | ဆရက-၁၁၈၈ | (၁)ဘာသာဂုဏ်ထူး |
| မအေးမြတ်အိန္ဒြေ | ဆရက-၅၃၃ | (၃)ဘာသာဂုဏ်ထူး | | | | | | |

အောင်အကယ်ဒမီ ကိုယ်ပိုင်အထက်တန်းကျောင်း (ကျောင်းခွဲ) **အောင်သစ္စာ ကိုယ်ပိုင်အထက်တန်းကျောင်း** ကို ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ဖွင့်လှစ်ထားပါသည်။

အောင်အကယ်ဒမီ ကိုယ်ပိုင်အထက်တန်းကျောင်း - ခြံအမှတ် (၉၉)၊ အောင်ဇေယျလမ်းမ၊ (ဘောက်ထော်-ကျောက်ကုန်း မီးရထားသံလမ်းအနီး) ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၅၇၀၆၄၉၊ ၀၁-၅၇၇၅၅၆

အောင်သစ္စာကိုယ်ပိုင်အထက်တန်းကျောင်း - အမှတ်(၇၄/၇၆)၊ မန္တလေးလမ်း၊ ကန်/အရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၂၄၀၉၄၆၊ ၀၉ ၇၃၂၄ ၃၃၃၇

# ၂၀၁၆ တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်အများဆုံးဖြင့် အောင်မြင်သူများသို့ ဂုဏ်ပြုသဝဏ်လွှာ

၂၀၁၆ခုနှစ်တက္ကသိုလ်ဝင် စာမေးပွဲ၌ မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး ရရှိခဲ့ကြသော ကျောင်းသား၊ကျောင်းသူ များအတွက် **"ဂုဏ်ယူဝမ်းမြောက်ပါကြောင်း "** နှင့် **"JJ Express အခမဲ့စီးနင်းခွင့်ကဒ် "** **ချီးမြှင့်ပါကြောင်း** မှတ်တမ်းတင် ဂုဏ်ပြု အပ်ပါသည်။

**သိပ္ပံဘာသာတွဲ**

၁.မထက်ယမင်းအောင်
၂.မောင်မင်းသွင်ခန့်
၃.မကဗျာချို
၄.မစောကေခိုင်ဦး
၅.မအိနေခြည်အောင်
၆.မသည်းမြတ်အောင်
၇.မခင်နေခြည်
၈.မောင်လွင်ဖြိုးအောင်
၉.မောင်ချစ်ထွန်းနိုင်
၁၀.မအိန္ဒြေဖိုလ်ဖိုလ်

**ဝိပ္ပံဘာသာတွဲ**

၁.မောင်သက်ပိုင်စိုး
၂.မပန်စုသော်
၃.မအိန္ဒြေမိုးသုံသန်း
၄.မောင်မင်းခန့်မောင်
၅.မမေဇင်ဦး
၆.မောင်ထွန်းမင်းအောင်
၇.မောင်ရဲဖုန်းအောင်
၈.မောင်ပြည့်စုံအောင်
၉.မခိုင်မြတ်မွန်
၁၀.မဆုမွန်မွန်ဇင်
၁၁.မောင်ဟန်ထိုက်စိုး

**ဝိဇ္ဇာဘာသာတွဲ**

၁.မဟာန်နီလွင်
၂.မသိန်းသန်းနေခြည်စိုး
၃.မမေမြတ်ကို
၄.မောင်စည်သူဟိန်း
၅.မောင်ရဲထွဋ်
၆.မောင်စိုင်းကိုအောင်
၇.မောင်စောမြင့်ဦး
၈.မသဲနန္ဒာထွန်း
၉.မသင်းသင်းအောင်
၁၀.မစုလှိုင်အေး
၁၁.မထက်ဝေကျော်ဇင်
၁၂.စောမျိုးကိုကိုအောင်

joyousjourney.express@gmail.com
https://www.facebook.com/jjexpressbus
Phone - 09 43117465

JJ EXPRESS JOYOUS JOURNEY EXPRESS









**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7C/9897 ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာမင်း ၁၀/သထန(နိုင်) ၀၉၉၂၀၆ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(သထုံ)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 6E/5782 Mazda Bongo SKf 2T/ ပစ်ကပ် (4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်စောကေသီ ၁၀/မဒန(နိုင်)၁၁၅၆၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**


MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
သောကြာနေ့မှာ ငွေဖြည့်လို့
Free Data သုံးကြစို့
HAPPY FRIDAY
၁၀၀၀ ကျပ် 20 MB FREE
၃၀၀၀ ကျပ် 80 MB FREE
၅၀၀၀ ကျပ် 150 MB FREE
ကျပ် ၁၀၀၀၀ နှင့်အထက် 400 MB FREE
• Happy Friday အစီအစဉ်၏ အပိုဆုFree Data များကို သောကြာနေ့တိုင်းတွင် ငွေဖြည့်ပြီး ရယူနိုင်ပါသည်။
• MPT ၏ ဆွေသဟာအစီအစဉ် ရယူထားသော (GSM နှင့် WCDMA) မိုဘိုင်းဖုန်းများဖြင့် ငွေဖြည့်ပြီး ရယူနိုင်ပါသည်။
• ပုံမှန်Top Up Card ဖြင့်ငွေဖြည့်ခြင်းအပြင်၊ E Top Up အသုံးပြုသူများလည်း Free Data ရရှိနိုင်ပါသည်။
• အပိုဆုFree Data များကို သောကြာနေ့ ငွေဖြည့်ချိန်မှစပြီး တနင်္ဂနွေနေ့ ည (၁၂)နာရီ အထိ၊ (၃)ရက်အတွင်း အသုံးပြုနိုင်ပါသည်။
• MPT SIM Card အသစ် သုံးစွဲသူများသည် SIM Card ကို ဦးစွာ Activate ပြုလုပ်ပြီး ငွေဖြည့်မှသာ Free Data များရရှိအသုံးပြုနိုင်ပါမည်။
(*124# ကိုရိုက်နှိပ်ခေါ်ဆိုခြင်း သို့မဟုတ် "ဖုန်းခေါ်ဆိုမှုတစ်ခု" ပြုလုပ်ခြင်းဖြင့် SIM ကဒ်ကို Activate ပြုလုပ်နိုင်ပါသည်။)
*၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစပြီး လက်ရှိနှုန်းထားများတွင် အစိုးရ ကုန်သွယ်လုပ်ငန်းခွန် (၅%) ထပ်ဆောင်း ကောက်ခံသွားပါမည်။
အသေးစိတ်သိရှိလိုပါက
http://www.mpt.com.mm
https://facebook.com/mptofficialpage
MPT OFFICIAL သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်၊
CALL CENTER 106
(၂၄)နာရီအခမဲ့ ဆက်သွယ်မေးမြန်းနိုင်ပါသည်၊

## စံပြလယ်ယာမြေ ဧက ၆၀၀ ပထမ ရက် ၁၀၀ အတွင်း ဖော်ဆောင်မည်

စာ-၇

## ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ဖြစ်ခဲ့ပါက ဥရောပအနာဂတ်အရေး . . .

စာ-၉

## ဆီဘောက်ဆာတွဲကား ဆိုင်ကယ်ရှောင်ရာမှ တိမ်းမှောက်

စာ-၁၃

### ထူးကဲဒီရေတက်မည့်အကြောင်း သတိပေးချက်

**နေပြည်တော်  ဇွန်  ၁၆**

ဇွန် ၂၁ ရက်မှ ၂၃ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်း အထက်အမြင့်ပေ ၂၀ ဒသမ ၀၁ ပေခန့်မှ ၂၀ ဒသမ ၁၁ ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၁၄-၂၀၁၅ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၂ ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေးချက်ထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)



# ဝမ်းတွင်းမြို့နယ်၌ ငါးရှဉ့်မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်

**ဝမ်းတွင်း  ဇွန်  ၁၆**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ကျားသေကန်ကျေးရွာအုပ်စု ကျားသေကန်ကျေးရွာကွင်းအတွင်း ကင်းတားလက်ဝဲရေပေးမြောင်းအနီး၌ ငါးရှဉ့်မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်စတင်မွေးမြူလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ငါးရှဉ့်မွေးမြူရာတွင် ကန်ဧရိယာ တစ်ဧကအတွင်း အလျား ၁၀ ပေ၊ အနံ ခြောက်ပေရှိ ရေဝင်ရေထွက်နိုင်သော မိုးကာစဖြင့် ရေပေါ်တွင် အုတ်ကန်သဖွယ် ပြုလုပ်ထားပြီး အတွင်း၌ ဗေဒါပင်(သို့)ကနဖော့ပင်များကို အပြည့်စိုက်ပျိုးထားရကြောင်း၊ ဗေဒါပင်နှင့် ကနဖော့ပင်များ ထည့်ထားရခြင်းမှာ ယင်းအပင်များ၏ အမြစ်များအတွင်း ငါးရှဉ့်များ နေထိုင်ရန်ဖြစ်ကြောင်း၊ တစ်ဧကလျှင် အလျား ၁၀ ပေ၊ အနံ ခြောက်ပေ၊ အကန့်ပေါင်း ၁၄၄ ကန့် မွေးမြူနိုင်ကြောင်း ရေကန်အနက်မှာ လေးပေခန့်ရှိရကြောင်း သိရသည်။

မွေးမြူရန်အတွက် ငါးရှဉ့်သားပေါက်များကို ကူမဲမြို့နှင့် မန္တလေးမြို့တို့မှ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ မှ ၆၀၀၀ အထိ ဝယ်ယူရကြောင်း၊ အကန့်တစ်ကန့်လျှင် ငါးရှဉ့်သားပေါက် ၁၀ ပိဿာခန့် ထည့်သွင်းမွေးမြူရကြောင်းနှင့် အစားအစာအနေဖြင့် ငါးပေါက်စများကို လတ်လတ်ဆတ်ဆတ်ကြိတ်၍ ကျွေးရကြောင်း၊ ရေများကို တစ်လလျှင် နှစ်ကြိမ်မှ သုံးကြိမ်အထိလဲပေးရကြောင်း၊ စတင်မွေးမြူပြီး လေးလခန့်အကြာတွင် ဖော်ထုတ်ရောင်းချနိုင်ပြီး တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ မှ ၈၀၀၀ အထိ ရောင်းရကြောင်း၊ အကန့်တစ်ကန့်လျှင် ငါးရှဉ့်ပိဿာချိန် ၄၀ ထွက်ရှိကြောင်း၊ လက်ရှိအခြေအနေတွင် သုံးဧကခန့် မွေးမြူထားကြောင်း၊ ငါးရှဉ့်မွေးမြူရေးလုပ်ငန်းအနေဖြင့် အလုပ်သမားအင်အားအသုံးပြုရပြီး ငါးရှဉ့်များကို တရုတ်ပြည်သို့ တင်ပို့ရကြောင်း ငါးရှဉ့်မွေးမြူရေးလုပ်ငန်းရှင်

*စာမျက်နှာ ၇ ကော်လံ ၄* ✳

> ' စီးပွားဖြစ် မွေးမြူရေးလုပ်ကိုင်ခြင်းအားဖြင့် ဒေသတွင်းမှ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေသည့်အပြင် စီးပွားဖြစ်ထုတ်လုပ်ခြင်းကြောင့် ကုန်ပစ္စည်းများ ပေါများပြီး ကုန်စည်စီးဆင်းမှုကို အထောက်အကူပြုနိုင်မည် '

# အိုလံပစ်နေ့အထိမ်းအမှတ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ အခမဲ့ကြည့်ရှုနိုင်

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**



သိန်းစိုး(အဖြူရောင်သွေးသစ်)

**ရန်ကုန်  ဇွန်  ၁၆**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး မြန်မာမီဒီယာဂရု(ပ်)နှင့် ဆီလီဗင်းအသည်းဆေးတို့က အိုလံပစ်နေ့အထိမ်းအမှတ် မျိုးဆက်သစ်ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ဇွန် ၂၁ ရက် မွန်းလွဲ ၂ နာရီတွင်ကျင်းပမည်ဖြစ်ရာ ရိုးရာလက်ဝှေ့ဝါသနာရှင်ပြည်သူများ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

အဆိုပါလက်ဝှေ့ပွဲတွင် သုံးချီပွဲ ခြောက်ပွဲ၊ လေးချီပွဲနှစ်ပွဲနှင့် ငါးချီပွဲနှစ်ပွဲစုစုပေါင်း ၁၀ ပွဲ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ သုံးချီတွဲဆိုင်းများတွင် သက်ထူးအောင်(ရွှေသောင်ရင်း)နှင့် ရဲမင်းပိုင်(မြိုင်ကလေးဘိလပ်မြေစက်ရုံ)၊ စောထက်အောင်(မြိုင်ကလေးဘိလပ်မြေစက်ရုံ)နှင့် မင်းထက်(ရွှေသောင်ရင်း)၊ ရဲရင့်သွေး(ရွှေဒေါ်ပုံ)နှင့်နိုင်မင်းသူ(မင်းဒင်)၊ ဆန္ဒအောင်(အဖြူရောင်သွေးသစ်)နှင့် ဇွဲရန်နိုင်(ထွန်းသွင်)၊ သပြေအောင်(ရွှေသောင်ရင်း)နှင့် သိန်းဇော်(မြိုင်ကလေးဘိလပ်မြေစက်ရုံ)၊ ချိုင်းထူး(နဂါးမာန်)နှင့်မျိုးဝင်း(မြိုင်ကလေးဘိလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်

*စာမျက်နှာ ၇ ကော်လံ ၄* ❖



ဒေါင်းဖြူ(မင်းဒင်)

# ယူရို ၂၀၁၆ အုပ်စု(ခ) အင်္ဂလန်တို့ ပွဲပြီးခါနီး စတာရစ်ဂိုးဖြင့် အနိုင်ရ

❑ **သီဟ**

ယူရို ၂၀၁၆ အုပ်စု(ခ)ပွဲစဉ်ဖြစ်သည့် အင်္ဂလန်နှင့် ဝေးလ်တို့ ဇွန် ၁၆ ရက်ည ၇ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ အင်္ဂလန်တို့က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အင်္ဂလန်သည် ၄-၃-၃ ပုံစံဖြင့် ရွန်းနီဦးဆောင်ကာ ပွဲထွက်ခဲ့သည်။ ဝေးလ်အသင်းကလည်း ၅-၃-၂ ကစားကွက်ဖြင့် ဂါရက်ဘေးလ်ဦးဆောင်ကာ ပွဲထွက်ကစားခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန်သာကစားခဲ့ပြီး ပွဲချိန် ၄၂ မိနစ်တွင် ဝေးလ်အသင်းတို့ အလွတ်တည်ကန်ဘော ကန်ခွင့်ရရှိရာ ဂါရက်ဘေးလ်က အင်္ဂလန်ဂိုးသမား ဂျိုးဟတ်၏ဘယ်ဘက်ထောင့်ထဲသို့ ကန်သွင်းခဲ့၍ ဂိုးရရှိခဲ့သည်။ ပထမပိုင်းတွင် ဝေးလ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် ပွဲကို ဦးဆောင်ခဲ့သည်။

*စာမျက်နှာ ၁၄ ကော်လံ ၁* ▲

